မြန်မာ့အလင်း

အတွဲ (၅၂)
အမှတ် (၁၅၄)

၁၉၁၄ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်

၂၀၁၃ ခုနှစ်၊ စက်တင်ဘာ ၂၄ ရက်၊ အင်္ဂါနေ့။

ဒို့တာဝန် အရေး(၃)ပါး

❖ ပြည်ထောင်စု မပြိုကွဲရေး။

❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။

❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

မြန်မာနိုင်ငံအား ကူညီထောက်ပံ့ရန် ဂျပန်အထက်လွှတ်တော်က အထူးအာရုံစိုက်အလေးထား သီလဝါအထူးစီးပွားရေးဇုန်နှင့် ရန်ကုန်ရေပေးဝေရေးကို ဂျပန်အကူအညီဖြင့် ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၃

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဂျပန်အထက်လွှတ်တော်အမတ် Ms. Eriko Yamatani ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံစဉ် ဂျပန်ကိုယ်စားလှယ်အဖွဲ့အနေဖြင့် ဂျပန်အထက်လွှတ်တော် ODA ဆိုင်ရာ လေ့လာရေးအဖွဲ့အဖြစ် လာရောက်ခြင်းဖြစ်ပါကြောင်း၊ ယမန်နှစ်ကလည်း ဂျပန်အထက်လွှတ်တော် ODA လေ့လာရေးအဖွဲ့တစ်ဖွဲ့ မြန်မာနိုင်ငံသို့ လာရောက်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအား ကူညီထောက်ပံ့ရန် ဂျပန်အထက်လွှတ်တော်က အထူးအာရုံစိုက် အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ အနာဂတ်တွင် မြန်မာနိုင်ငံ၌ ဖြစ်လာနိုင်သည့် အခြေအနေများကို သုံးသပ်ရန်နှင့် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုရန်

စာမျက်နှာ ၉ ကော်လံ ၆ ◆

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ဂျပန်အထက်လွှတ်တော်အမတ် Ms. Eriko Yamatani ဦးဆောင်သောအဖွဲ့ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

နောက်ဆုံးပေါ် နာနိုနည်းပညာများ နိုင်ငံတကာမှ ပညာရှင်များဆွေးနွေးမြန်မာ

သတင်းမှတ်စု-ဝေယံဦး
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

နည်းပညာရပ်များ တစ်ရှိန်ထိုးတိုးတက်လာသော ယနေ့ခေတ်တွင် နိုင်ငံတကာ၌ အသုံးပြုနေသည့်နည်းပညာများကို မြန်မာနိုင်ငံတွင်လည်း ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် အသုံးပြုနိုင်ရေးလိုအပ်လာသည်။ နယ်ပယ်ကဏ္ဍအသီးသီးတွင် အိုင်တီနည်းပညာများနှင့် ကင်းကွာ၍မရတော့သည့် ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံ၌ လိုအပ်မှုရှိနေသေးသော နာနိုနည်းပညာ (Nanotechnology)နှင့်ပတ်သက်ပြီး ရန်ကုန်မြို့ မြန်မာနိုင်ငံဆရာဝန်များအသင်း ဆွေးနွေးပွဲခန်းမ၌ စက်တင်ဘာ ၂၃ ရက်က ကျင်းပခဲ့သည်။



"မြန်မာနိုင်ငံမှာ နာနိုနည်းပညာကို ဘယ်လိုသုတေသနပြုလုပ်ပြီး ဘယ်လိုလက်တွေ့အသုံးပြုနိုင်မလဲ။ ဒါတွေကို သိရှိနိုင်ဖို့အတွက် ပြည်ပမှ ပညာရှင်တွေ ဖိတ်ခေါ်ပြီး သေသေချာချာ နားလည်သဘောပေါက်အောင် ရှင်းလင်းပြောပြဆွေးနွေးပေးတာဖြစ်ပါတယ်။ နာနိုနည်းပညာနဲ့ပတ်သက်ပြီး သိရှိစေချင်လို့ပါ"ဟု ဆွေးနွေးပွဲကို တာဝန်ယူကျင်းပသည့် Vital Myanmar Group မှ မန်နေဂျင်းဒါရိုက်တာ ဦးကိုကိုအောင်က ပြောပြသည်။

ယခုဆွေးနွေးပွဲသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန စသည်တို့မှ ပညာရှင်များ၊ တက္ကသိုလ်ဆရာ ဆရာမများ စုစုပေါင်း ၁၅၀ ခန့် တက်ရောက်လေ့လာခဲ့ကြသည်။ ဆရာ ဆရာမများ၏ သိလိုသည့် အချက်များကိုလည်း ပြည်ပပညာရှင်များနှင့် ဆွေးနွေးမေးမြန်းခဲ့ကြသည်။

စာမျက်နှာ ၃ ကော်လံ ၄ ▲

သ တင်း မာ တိ ကာ

ကင်ညာအဆင့်မြင့် ဈေးကြီးမှ ဓားစာခံများစွာ လွတ်မြောက်
စာမျက်နှာ - ၄

စာရေးစာဖတ် မပြတ်လေ့လာ
ဆောင်းပါး *စာမျက်နှာ - ၆*

ဆီးဂိမ်းအကြို မြန်မာ့လက်ဝှေ့ပြင်ဆင်မှုမြင့်ကွင်း
စာမျက်နှာ - ၁၃

အနိုင်ရလဒ်နဲ့ သုံးမှတ်သေချာဦးမယ့် ဘာစီလိုနာ
စာမျက်နှာ - ၁၄

ရင်းမာကြိုင်သင်း တော်သလင်း မြစ်တွင်းဆင်နွှဲ လှေပြိုင်ပွဲ
စာမျက်နှာ - ၁၅

RB Ph : 662107, 9669012, 0973028674, 02-77838, 053-27705, 074-20071, 081-2122838, 057-27170, 073-22158, 082-23561, 043-23859, 098763546, 067-24760, 0949850196, 075-25979. Fax-521905

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

လူတစ်ယောက် ကားတစ်စီးနှင့်ဖုန်းတစ်လုံး

သက်ရှိဖြစ်စေ၊ သက်မဲ့ဖြစ်စေ တစ်ကြိမ်တည်း တစ်ပြိုင်တည်းတွင် လုပ်ဆောင်ဖွယ်ရာ နှစ်မျိုးမလုပ်နိုင်၊ တစ်မျိုးတည်းသာလုပ်နိုင်၏။ တစ်နည်းအားဖြင့် လူ၊ ကားနှင့် ဖုန်းတို့သည် မည်မျှပင် စွမ်းဆောင်ချက်များရှိစေကာမူ တစ်ချိန်တွင် တစ်မျိုးတည်းသာလုပ်နိုင်၏။

ဦးစွာပထမ ဟန်းဖုန်းတစ်လုံးကို လေ့လာကြည့်ကြပါစို့။ ဟန်းဖုန်းတစ်လုံးတွင် အမျိုးအစားကိုလိုက်၍ Function အမျိုးမျိုးပါရှိသည်။ ဖုန်းဆက်သွယ်ပြောနိုင်ရုံသာမက ဓာတ်ပုံရိုက်ခြင်း၊ ဗီဒီယိုရိုက်ခြင်း၊ အင်တာနက်သုံးစွဲခြင်းနှင့် အသံဖမ်းနိုင်ခြင်းစသော လုပ်ဆောင်ချက် Function အမျိုးမျိုး ပါရှိလေသည်။ ဖုန်းအားသွင်းနေသည့်အချိန်တွင် ဖုန်းပြောခြင်း၊ သီချင်းဖွင့် နားထောင်ခြင်းတို့ကို တစ်ပြိုင်နက် အသုံးပြုမည်ဆိုပါက အသုံးပြုသူအတွက် အန္တရာယ်ရှိစေနိုင်သည်။

ကားကိုလည်း တစ်ချိန်တည်း၊ တစ်ပြိုင်တည်းတွင် လားရာနှစ်ခုသို့ မောင်းနှင်အသုံး မပြုနိုင်ပါ။ ရှေ့နောက်တစ်ပြိုင်တည်း မောင်းနှင်အသုံးပြု၍ မရနိုင်ပါ။ ကားတစ်စီးသည် ရှေ့သို့မောင်းနှင်နိုင်သကဲ့သို့ နောက်သို့လည်း ဆုတ်၍ရပါသည်။ ဘေးဘယ်ညာ လိုရာကိုလည်း ကွေ့နိုင်ပါသည်။ သို့သော် တစ်ကြိမ်ဦးတည်ရာလမ်းကြောင်း တစ်မျိုးသာ အသုံးပြုနိုင်မည် ဖြစ်ပါသည်။

အလားတူ လူ၏ဦးနှောက်သည်လည်း တစ်ချိန်တွင် တစ်မျိုးသာ စဉ်းစားနိုင်ပါသည်။ ဦးနှောက်၏ အလုပ်သည် အမျိုးမျိုးအဖုံဖုံ ကြံစည်စဉ်းစားနိုင်ပါသည်။ သို့သော် တစ်ချိန်တွင် တစ်မျိုးသာလက်ခံပါသည်။ နှစ်မျိုးသုံး၍ မဖြစ်နိုင်ပါ။ ကားမောင်းရင်း ဖုန်းပြောသည့်အလုပ်ကို လုပ်ကြည့်ပါ။ တစ်ချိန်တွင် ကား Accident ဖြစ်မည်မှာ သေချာပါသည်။ ဦးနှောက်သည် တစ်ချိန်တည်း အလုပ်နှစ်ခု မလုပ်နိုင်သည့်သဘော ဖြစ်ပါသည်။ ယာဉ်မောင်းခြင်းအလုပ်နှင့် ဖုန်းပြောခြင်းအလုပ် တစ်ပြိုင်တည်းလုပ်မိသဖြင့် ယာဉ်တိုက်မှုဖြစ်ပွားခြင်း အများအပြားပင် ရှိပါသည်။ ဤအလုပ်နှစ်ခုသည် သီးခြားစီ အချိန်ပေးလုပ်ရမည့် အလုပ်ဖြစ်ပါသည်။ ကားမောင်းနေစဉ် ဖုန်းမြည်လာ၍ ဖုန်းပြောရာမှ အာရုံမှာ ဖုန်းပြောသူထံရောက်သွားပြီး ကားမှာဓာတ်တိုင်နှင့် ပလက်ဖောင်းပေါ်ရောက်နေသည်ကို တွေ့ဖူးပါသည်။ သတိပြုစရာပင်ဖြစ်ပါသည်။ အကောင်းဆုံးမှာ ယာဉ်မောင်းနေစဉ် ဟန်းဖုန်းပြောခြင်းကို အထူးသတိပြုသင့်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ကျန်ရှိသည့် သံဝေဇနိယသုံးဌာန ဆက်လက်တည်ဆောက်ပူဇော်ရန် လှူဒါန်းနိုင်

နေပြည်တော် စက်တင်ဘာ ၂၃

ဂေါတမဘုရားအလောင်းတော်ဖွားမြင်ရာ လုမ္ဗိနီဥယျာဉ်၊ သဗ္ဗညုတဉာဏ်တော်ရရှိတော်မူရာ မဟာဗောဓိအောင်မြေ၊ ဓမ္မစကြာတရားဦးဟောတော်မူရာ မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံ အင်ကြင်းတောစသည့် သံဝေဇနိယလေးဌာနအနက်မှ ပွင့်တော်မူရာ တစ်ဌာနကို တည်ဆောက်ပူဇော်ပြီးစီးခဲ့ပြီး ကျန်ရှိသည့် သံဝေဇနိယသုံးဌာနကို နေပြည်တော်သတ္တဌာန အနီးပတ်ဝန်းကျင်တွင် ဆက်လက်တည်ဆောက်ပူဇော်ရန် စတင်စီမံဆောင်ရွက်နေပြီဖြစ်ရာ ဝန်ကြီးဌာနအလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းစီသော်လည်းကောင်း ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဦးကံချွန် (နေပြည်တော်ကောင်စီဝင်) ဖုန်း-၀၆၇-၄၁၄၂၀၅၊ ဦးသန်းကျော်ထူး (ဒုတိယမြို့တော်ဝန်) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၁၆၊ ဦးဝင်းဌေး (အတွင်းရေးမှူး) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၀၀၇၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းရုံး ဖုန်း- ၀၆၇-၄၁၄၂၀၂၊ ၀၆၇-၄၁၄၂၀၄၊ စီမံရေးရာဌာနမှူး ဖုန်း- ၀၆၇-၄၁၄၇၅၃ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။

(မြန်မာ့အလင်း)

အလုပ်သမားများ ဥပဒေပါအကျိုးခံစားခွင့် အပြည့်အဝရရှိရေးဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၃

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနသည် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်၊ အလုပ်သမားများ၏ ရပိုင်ခွင့်များ အပြည့်အဝရရှိစေရန်၊ အလုပ်သမားများ၏ လူမှုအခွင့်အရေးများ ရရှိစေရန်၊ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းစေရန်၊ အလုပ်သမား ကျန်းမာစွာဖြင့် အပြည့်အဝလုပ်ကိုင်နိုင်ရန်၊ အလုပ်သမားများ၏ ကျန်းမာရေးဆိုင်ရာ လူမှုဖူလုံရေး အခွင့်အရေးများ ပြည့်ပြည့်ဝဝရရှိစေရန်၊ ကုန်ထုတ်စွမ်းအားတိုးတက်စေရန် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာကိစ္စရပ်များ ဆောင်ရွက်ပေးရန်၊ အလုပ်ရှင်၊ အလုပ်သမား ညီညွတ်မျှတမှုရှိစေရန်နှင့် သဟဇာတဖြစ်စေရန် စသည့်လုပ်ငန်းတာဝန်များကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်သည် စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်စက်မှုဇုန်အတွင်းရှိ ဇေကမ္ဘာခန်းမတွင် စက်မှုဇုန်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အလုပ်ရှင်များ၊ အလုပ်သမားရေးရာ ဆောင်ရွက်ပေးသူများနှင့် လူမှုအဖွဲ့အစည်းဝင်များအားတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီးက အလုပ်ရှင်များအနေဖြင့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ချုပ်ဆိုရေး၊ အလုပ်သမားများအနေဖြင့် ဥပဒေပါ အကျိုးခံစားခွင့်များ အပြည့်အဝရရှိစေရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များတွင် အလေးထားဆောင်ရွက်ပေးရေး၊ အချိန်ပိုလုပ်ကိုင်စေရာတွင် ဦးစီးဌာနသို့ ကြိုတင်ခွင့်ပြုချက်တောင်းခံပြီး ခွင့်ပြုပေးသည့် အချိန်ကာလအတွင်းသာ ဆောင်ရွက်ရေး၊ ရှောင်တခင်စစ်ဆေးမှုများဆောင်ရွက်နေပြီဖြစ်၍ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရေး၊ ကုန်ထုတ်စွမ်းအားမြင့်မားစေရန် မိမိအလုပ်သမားများ၏ ကျွမ်းကျင်မှုကို မြှင့်တင်ပေးရေး၊ သက်သာချောင်ချိရေးအပိုင်းတွင် စွမ်းအားရှိသမျှ ဆောင်ရွက်ပေးရေး၊ လုပ်ငန်းခွင်ဆက်ဆံရေးကောင်းမွန်စေရေး၊ အလုပ်သမားရေးရာသိမှတ်ဖွယ်ရာများကို အလုပ်ရှင်များမှ ကောင်းမွန်စွာသိရှိပြီး အလုပ်သမားများဥပဒေနှင့်အညီ ဆောင်ရွက်ရေး၊ နိုင်ငံခြားသားလုပ်ငန်းရှင်များကို မြန်မာလူမျိုးများ၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့်အညီ ပြောဆိုဆက်ဆံစေရေး မန်နေဂျာများမှ အသိပေးရေး၊ မလွှဲသာ၍ အငြင်းပွားမှုများရှိလာပါက အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးဥပဒေအရသာဆောင်ရွက်ရေး၊ အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက် ပွင့်လင်းမြင်သာမှုရှိရေး၊ လူမှုဖူလုံရေးဥပဒေအရ စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအနေဖြင့် လူမှုဖူလုံရေးသို့ မဖြစ်မနေမှတ်ပုံတင်ကြရေး၊ အလုပ်ရှင်များအနေဖြင့်လည်း မိမိစက်ရုံ၊ အလုပ်ရုံရှိ အလုပ်သမားများ လူမှုဖူလုံရေးတွင် အာမခံထားရှိရန် လုပ်ဆောင်ပေးရေး၊ အလုပ်ရှင်နှင့် အလုပ်သမား သဟဇာတ (Harmonized) ဖြစ်အောင် ကြိုးပမ်းရေးတို့ကို မှာကြားခဲ့သည်။

ဒုတိယဝန်ကြီးသည် Giowing & Win အထည်ချုပ်စက်ရုံ၊ Asia Optical မှန်ဘီလူးစက်ရုံ၊ Famoso အထည်ချုပ်စက်ရုံ၊ TI အထည်ချုပ်စက်ရုံ၊ မြန်မာပိုစတာရီရန် အထည်ချုပ်စက်ရုံနှင့် မြန်မာတာရှင်း အထည်ချုပ်စက်ရုံများသို့လှည့်လည် ကြည့်ရှုခဲ့ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ဝေဠုဝန်အိမ်ရာထဲမှ အသံဆိုး၊ အနံ့ဆိုး

ထင်သာမြင်သာပြုပြင်စရာ

ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် ဝေဠုဝန်မြောက်ပိုင်းရပ်ကွက် အိုးအိမ်ဦးစီးဝင်း၌ ၁၉၆၇-၆၈ ခုနှစ်ကတည်းက တည်ဆောက်ခဲ့သော အိမ်ရာတိုက် ၁၈ လုံး ရှိသည်။ ထိုတိုက် ၁၈ လုံး၏ တိုက်ခန်းပေါင်း ၂၁၆ ခန်းတွင် မိသားစုများစွာ စုပေါင်းနေထိုင်လျက် ရှိနေသည်။

ယခင်တစ်ချိန် ဖြတ်သွားဖြတ်လာတွေ့စဉ်က တိုက်များမှာ ရှေ့ကကြည့်ကြည့်၊ နောက်ကကြည့်ကြည့်၊ ဘေးတစ်ဖက်တစ်ချက်က ကြည့်လျှင်ပင် လှနေပါသည်ဆိုသကဲ့သို့ ဖြစ်သည်။ အမြင်ရှင်းရှင်း၊ အကာအကွယ်ကင်းကင်းဖြင့် ထင်သာမြင်သာရှိလှသည်။ အုတ်သားရောင်တွင် ကြက်ဥနှစ်ရောင်ခြယ်သထားမှုကို အဝေးကပင်မြင်နိုင်ခဲ့သည်။

ယခုအခါ၌ ထိုသို့မဟုတ်ပြီ။ မိတ်ဆွေတစ်ဦး၏ ဖိတ်ကြားမှုကြောင့် သွားရောက်ခဲ့ရသည်။ အချို့အချို့သော အိမ်ထောင်စုများ၏ အသံကို ကျယ်ကျယ်လောင်လောင် ကြားလာခဲ့ရသည်။

မြန်မာ့အသံ အိမ်ရာဝင်းနှင့် ကပ်လျက်လမ်းတစ်လျှောက် ဝေဠုဝန်အိမ်ရာ အိုးအိမ်ဝင်းအတွင်းမှ အိမ်ရာတန်းနှင့်ကပ်လျက်တွင် စက်မှုလက်မှုလုပ်ငန်းငယ်များ အစီအရီရှိနေသည်။ အိမ်ရာတန်းကို ထိုလုပ်ငန်းအဆောက်

အအုံများက ဝန်းရံထားသည်ကို တွေ့ရသည်။ လမ်းတစ်ဖက်ခြမ်း၌ ကွန်တင်နာဘောက်များကို တန်းစီချထားသည်။ လမ်းမှာလည်း မြေသားလမ်းဖြစ်၍ ရေဝပ်ချိုင့်ဝှမ်းများဖြင့် သွားလမ်းမသာ လာရေးခက်နေရသည်။

အိမ်ရာဝင်းနေသူတို့၏ အဆိုအရ ကားဘော်ဒီပြင်ရုံ၊ ဆေးမှုတ်ရုံ၊ မော်တော်ကားစက်ပြင်ရုံ ကိုးရုံရှိသည်ဟု ဆိုကြသည်။ အနီးဆုံးမှာ တရားမဝင် လျှပ်စစ်မီးရယူသုံးစွဲနေမှုကြောင့် အိမ်ရာအတွင်း မီးအားမြှင့်စက် သုံးသော်လည်း လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ မရှိခဲ့ကြောင်း ဆိုလာကြသည်။

ထို့အပြင်ဆေးမှုတ်ခြင်း၏ အနံ့ဆိုး၊ ကားဘော်ဒီထုရိုက်သံ၊ မော်တာသုံး၍ ဖြတ်တောက်မှု အသံဆိုးများက အိမ်ရာအတွင်း ဒုက္ခအပေးဆုံးဟု ဆိုလာကြသည်။ သက်ကြီးရွယ်အို၊ နာမကျန်းသူ၊ နုငယ်သောကလေးများအတွက် ထိုအသံဆိုး အနံ့ဆိုးများက ရေရှည်တွင် ကျန်းမာရေး ထိခိုက်လာနိုင်သဖြင့် သက်ဆိုင်ရာမှ အမြန်ဆုံး ကွင်းဆင်းစစ်ဆေး ကြည့်ရှုနိုင်ရန် တင်ပြလိုက်ရပါသည်။

သတင်းခရီးသည်တစ်ဦး

သဘာဝဘေး အန္တရာယ်ဆိုင်ရာ ဟောပြော

ငါးသိုင်းချောင်း စက်တင်ဘာ ၂၃

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့နယ်ခွဲ ငဝန်ရပ်ကွက် လောကမာန်အောင်မြေမှာရုံ၌ စက်တင်ဘာ ၂၂ ရက် နံနက် ၉ နာရီခွဲက ဧရာဝတီတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဌာနစိတ်မှူး ဒေါ်ဝင်းပပကျော်နှင့် ဝန်ထမ်းနှစ်ဦးက ရပ်ကွက်အခြေပြု သဘာဝဘေးအန္တရာယ်ဆိုင်ရာများကို ဟောပြောပို့ချခဲ့သည်။

၎င်းသင်တန်းသို့ မြို့ပေါ်ခြောက်ရပ်ကွက်မှ သင်တန်းသား ၂၈ ဦး တက်ရောက်ခဲ့ပြီး လာမည့် စက်တင်ဘာ ၂၆ ရက်၌ လက်တွေ့သရုပ်ပြဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ဂန္ဓဝင်ရွှေပုဂံ Travels & Tours
Exploring to the edge of the globe

ဘာလီ	[illegible] သိန်း	ဂျပန်	[illegible] သိန်း	ရုရှား	[illegible] သိန်း
ဗန်ကောက်	[illegible] သိန်း	ဒူဘိုင်း	[illegible] သိန်း	အမေရိကန်	[illegible] သိန်း
ပီကင်း + ရှန်ဟိုင်း	[illegible] သိန်း	ကိုရီးယား	[illegible] သိန်း	ဩစတြေးလျ	[illegible] သိန်း
မလေးရှား + စင်ကာပူ	[illegible] သိန်း	မွန်ဂိုလီးယား	[illegible] သိန်း	ဥရောပ (၇) နိုင်ငံ	[illegible] သိန်း
ဟောင်ကောင် + မကာအို	[illegible] သိန်း	သီရိလင်္ကာ	[illegible] သိန်း	အင်္ဂလန်၊ စကော့တလန်	[illegible] သိန်း
ကမ္ဘောဒီးယား + ဗီယက်နမ်	[illegible] သိန်း	ကမ္ဘောဒီးယား	[illegible] သိန်း	နော်ဝေး၊ ဆွီဒင်၊ ဒိန်းမတ်၊ ဖင်လန်	[illegible] သိန်း
ဗန်ကောက် + စင်ကာပူ + မလေးရှား	[illegible] သိန်း	Cruise Tour (စင်ကာပူ + ဖူးခက် + လန်ကာဝီ)	[illegible] သိန်း		

ကုမ္ပဏီ၊ အဖွဲ့အစည်းများအား Corporate နှုန်းဖြင့် ရောင်းပေးနေပါသည်။ လူကြီးမင်းတို့ သီးသန့် စိတ်ကြိုက်ပုံဖော်ခရီးစဉ်များကို ဂန္ဓဝင်ရွှေပုဂံ၏ အတွေ့အကြုံများဖြင့် အမှန်ကန်ဆုံးလမ်းကြောင်းပြပေးပါသည်။ ကမ္ဘာ့အနှံ့ခရီးစဉ်များနှင့်ပတ်သက်၍ မိမိသိလိုသမျှကို အချိန်မရွေးမေးမြန်းနိုင်ပါသည်။

No.67, Baho Rd, Sanchaung, Ph: 01-519292, 519293, 519360, 500191, 510218
E/1, 35 Rd, Bet 72&73 St, Mandalay. Ph: 02-73062. Hot Line: 09-73003772
outboundgandawun@gmail.com, www.myanmartravel.org Call Center : 1875

ပြည်တွင်းသတင်း

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဗန်းမော်မြို့ရှိ ကယ်ဆယ်ရေးစခန်းများသို့သွားရောက်ထောက်ပံ့

နေပြည်တော် စက်တင်ဘာ ၂၃

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်၊ ကယ်ဆယ်ရေးနှင့်ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ ရှမ်းစုမြောက်ရပ်ကွက်ရှိ ဝန်းသိုကျောင်းတိုက်၌ ဝန်းသိုကျောင်းတိုက် ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာ ရဋ္ဌဂုရု၊ အဘိဓဇ မဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ သီလဝံသထံ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မ အလှူတော်ငွေကျပ် ၁၀ သိန်းကို ဆက်ကပ်လှူဒါန်းကြသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့မှ ဗန်းမော်မြို့သို့ ဆက်လက်ထွက်ခွာပြီး ရိုးကြီးရွာမ ကယ်ဆယ်ရေးစခန်း၊ ရောဘတ်နှစ်ခြင်း (KBC) ကယ်ဆယ်ရေးစခန်း၊ အေဒီ၂၀၀၀(RC)ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်၍ ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်ကြသည်။

ကယ်ဆယ်ရေး စခန်းများတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့် ဦးသိန်းဇော်တို့က အမှာစကားပြောကြားကြပြီး ဒေါက်တာခင်ရွှေက ထောက်ပံ့ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထောက်ပံ့ငွေနှင့် ပစ္စည်းများကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း၊ ဦးဘုန်းဆွေ၊ ဒေါက်တာခင်ရွှေတို့က ပေးအပ်ခဲ့ကြသည်။

ရိုးကြီးရွာမစခန်းတွင် ထောက်ပံ့ငွေကျပ်သိန်း ၅၀ နှင့် ပစ္စည်းတန်ဖိုးငွေကျပ် ၁၀ သိန်းခန့်၊ ရောဘတ်နှစ်ခြင်း (KBC) စခန်းအတွက် ထောက်ပံ့ငွေကျပ်သိန်း ၅၀ နှင့် ပစ္စည်းတန်ဖိုးငွေကျပ်သိန်း ၁၀၀ ကျော်၊ အေဒီ ၂၀၀၀ (RC)စခန်းအတွက် ထောက်ပံ့ငွေကျပ် သိန်း ၅၀ နှင့် ပစ္စည်းတန်ဖိုးငွေကျပ်သိန်း ၄၀ ခန့်ကို လှူဒါန်းခဲ့သည်။ ထောက်ပံ့ပစ္စည်းများမှာ ဆန်၊ ဆီ၊ အဝတ်အထည်မျိုးစုံ၊ ပန်းကန်ပြားနှင့် လူသုံးကုန်ပစ္စည်းများဖြစ်သည်။

အမျိုးသားလွှတ်တော်၊ ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီအနေဖြင့် လုံခြုံရေးအခြေအနေကြောင့် နေရပ်စွန့်ခွာရသည့် တိုင်းရင်းသား မိဘပြည်သူများအတွက် ထောက်ပံ့ငွေကျပ် သိန်း ၆၀၀ နှင့် ထောက်ပံ့ပစ္စည်းတန်ဖိုးငွေကျပ်သိန်း ၁၃၀၀ ကျော်ကို ပေးအပ်ခဲ့ပြီး ယင်းလှူဒါန်းငွေနှင့် ပစ္စည်းများကို ဇေကမ္ဘာကုမ္ပဏီလီမိတက်က လှူဒါန်းခဲ့ခြင်းဖြစ်သည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် နယ်မြေ လုံခြုံရေးအခြေအနေကြောင့် နေရပ်စွန့်ခွာရသည့် တိုင်းရင်းသား မိဘပြည်သူများအတွက် ထောက်ပံ့ငွေများ နှင့် ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံဆိုင်ရာ ဆူဒန်နိုင်ငံသံအမတ်ကြီး ခန့်အပ်ခြင်းအား သဘောတူ

နေပြည်တော် စက်တင်ဘာ ၂၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဆူဒန်သမ္မတနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် မစ္စတာ အိုမာ အီဆာ အာမက်အား ခန့်အပ်ရန် ဆူဒန်သမ္မတနိုင်ငံ အစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီး ဖြစ်သည်။

မစ္စတာ အိုမာ အီဆာ အာမက်သည် ၁၉၆၄ ခုနှစ်တွင် အမ်ရူဝါဘာမြို့၌ မွေးဖွားခဲ့သည်။ ၁၉၈၅ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ ပေကျင်းဘာသာစကားတက္ကသိုလ်မှ ခေတ်သစ်တရုတ်ဘာသာစကားဖြင့် လည်းကောင်း၊ သံတမန်လေ့လာရေး အမျိုးသားဗဟိုမှ နိုင်ငံတကာဆက်ဆံရေးဘာသာရပ်ဖြင့်လည်းကောင်း ဒီပလိုမာဘွဲ့များ ရရှိခဲ့သည်။ ၁၉၉၀ ပြည့်နှစ်တွင် ပေကျင်းမြို့ ရှင်းဟွာတက္ကသိုလ်မှ ဗိသုကာဘာသာရပ်ဖြင့် ဘွဲ့ရရှိခဲ့သည်။

မစ္စတာ အိုမာ အီဆာ အာမက်သည် ၁၉၉၀ ပြည့်နှစ်တွင် နိုင်ငံခြားရေး ဝန်ကြီးဌာနသို့ ဝင်ရောက်ခဲ့သည်။ ၁၉၉၂ ခုနှစ်မှ ၁၉၉၄ ခုနှစ်အထိ ပေကျင်းမြို့ ဆူဒန်သံရုံးတွင် စီးပွားရေးနှင့်ကုန်သွယ်ရေးဌာန ညွှန်ကြားရေးမှူး၏ လက်ထောက်အဖြစ်လည်းကောင်း၊ စကားပြန်နှင့် လူမှုဆက်ဆံရေးအရာရှိ အဖြစ်လည်းကောင်း၊ ၁၉၉၆ ခုနှစ်တွင် ဆူဒန်နိုင်ငံ ခါတွန်မြို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ယဉ်ကျေးမှုဌာနနှင့် အာရှဌာနတွင် ဒုတိယအတွင်းဝန်အဖြစ် လည်းကောင်း၊ ၁၉၉၆ ခုနှစ်မှ စတင်၍ ပေကျင်းမြို့ ဆူဒန်သံရုံးရှိ စီးပွားရေးနှင့် ကုန်သွယ်ရေးဗဟိုဌာန ညွှန်ကြားရေးမှူးနှင့် သံရုံး ဒုတိယအကြီးအကဲ အဖြစ်လည်းကောင်း အဆင့်ဆင့်တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၃ ခုနှစ် ဧပြီလမှစ၍ ပေကျင်းမြို့ ဆူဒန်သံရုံးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဆိုင်ရာ ဆူဒန်သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်သည်။

မစ္စတာ အိုမာ အီဆာ အာမက်သည် ပေကျင်းမြို့တွင် ရုံးစိုက်ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဆူဒန်သမ္မတနိုင်ငံ၏ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသောသံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။

(သတင်းစဉ်)

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများ ချင်းပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲကျင်းပ

ဟားခါး စက်တင်ဘာ ၂၃

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများနှင့် ချင်းပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုကော်မတီများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပွဲကို ယနေ့ နံနက် ၈ နာရီက ချင်းပြည်နယ် ဟားခါးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဦးတင်နိုင်သိန်း၊ ချင်းပြည်နယ် ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဟောက်ခင်းခမ်နှင့် ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ချင်းပြည်နယ်အတွင်းရှိ မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် အထောက်အကူပြုကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး လေ့လာသုံးသပ်ချက်နှင့် ရှေ့အလားအလာကိစ္စများ၊ ပြည်သူဗဟိုပြုအုပ်ချုပ်ရေးအတွက် ဆောင်ရွက်နေမှုများ၊ ပုဂ္ဂလိကကဏ္ဍ ပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများ၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့အရင်းအမြစ်၊ ငွေကြေးအရင်းအမြစ်နှင့် သယံဇာတအရင်းအမြစ် လိုအပ်နေမှုများနှင့် အုပ်ချုပ်ရေးပိုင်းအနေဖြင့် ပြည်သူများပါဝင်သည့် အုပ်ချုပ်ရေးဝန်ဆောင်မှုစနစ်သို့ ကူးပြောင်းနေမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများ၊ မြို့နယ်အထောက်အကူပြု ကော်မတီဝင်များနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များက ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်မီးလင်းရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ သန့်ရှင်းသောသောက်သုံးရေ ရရှိရေး၊ ဆက်သွယ်ရေး၊ ပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးတို့ကို ရှင်းလင်းတင်ပြခဲ့ရာ တင်ပြချက်များအပေါ် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို မွန်းလွဲ ၁၂ နာရီခွဲတွင် ပြီးစီးခဲ့ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

▲ *ရှေ့ဖုံးမှ*

နာနိုနည်းပညာဆွေးနွေးပွဲတွင် ဂျာမနီနိုင်ငံမှ Eric Lee က Vacuum technology in Nanolab ခေါင်းစဉ်ဖြင့် ဆွေးနွေးပြီး Vital Myanmar Group မှ ဦးကိုကိုအောင်က Basic Nano lab Set up, Clean room and wetlab (Chemical lab) ကို ဆွေးနွေးတင်ပြခဲ့သည်။

ဆက်လက်ပြီး ဂျာမနီနိုင်ငံ Oerlikon Systems မှ Lin Hao Chieh က Costing Systems,Sputtering System, E-Beam Systemတို့ကို ဆွေးနွေးပြောကြားပြီး Nikon မှ ပညာရှင်တစ်ဦးဖြစ်သည့် Clement Khaw ကလည်း Nikon Biological Microscope ၏ နောက်ဆုံးပေါ်နည်းပညာများကို ဆွေးနွေးခဲ့သည်။

ဆက်လက်ပြီး ဂျပန်နိုင်ငံ Jeol ကုမ္ပဏီမှ မစ္စတာ Tan Teck Siong က latest development of ultra high resolution scanning electron microscope ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့သည်။ တစ်ဖန်ဂျပန် Jeol ကုမ္ပဏီမှ မစ္စတာ Jackson Youn Shi Kat ကလည်း Jeol High Resolution NMR System lncorporating latest Technologies ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့သည်။

ယခုဆွေးနွေးပွဲ၌ "နာနိုနည်းပညာရပ်တွေကို လက်တွေ့ကျကျသိရှိခဲ့ရတဲ့အတွက် တကယ့်ကို အကျိုးရှိတဲ့ဆွေးနွေးမှုဖြစ်ပါတယ်"ဟု ရန်ကုန်တက္ကသိုလ် ရုက္ခဗေဒဌာနမှ ဒေါက်တာရီရီသူက ပြောကြားခဲ့သည်။

(မြန်မာ့အလင်း)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၃-၉-၂၀၁၃

ချောင်းဆုံမြို့			
၁၁	ဒသမ	၃၄	လက်မ
ကျိုက္ခမီမြို့			
၈	ဒသမ	၂၃	လက်မ
ပေါင်မြို့			
၆	ဒသမ	၉၃	လက်မ
မုဒုံမြို့			
၆	ဒသမ	၇၇	လက်မ
လောင်းလုံမြို့			
၆	ဒသမ	၄၆	လက်မ
မော်လမြိုင်မြို့			
၆	ဒသမ	၀၆	လက်မ

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း၏ ကြီးကြပ်မှုဖြင့် Thousand Islands Business Group မှ ကျင်းပမည့်
YANGON LIFESTYLE FURNITURE FAIR
ဝါကျွတ်အကြိုပရိဘောဂပြပွဲ
တပ်မတော်ခန်းမ
၂၆-၉-၂၀၁၃ မှ ၃၀-၉-၂၀၁၃ ထိ
နံနက်(၉)နာရီမှ ညနေ(၆)နာရီ
Casabella Luxury Home Furnishing Centre
Presented By NatRay Co.,Ltd.
Main Sponsor
ဆွိုတီးဟုမ်း
Co-Sponsor
ပြခန်းတွင်ပြသထားသောပစ္စည်းများအား အထူးလျှော့ဈေးဖြင့် ရောင်းချမည့်အပြင် ကျပ်(၅)သိန်းဖိုးနှင့်အထက် ဝယ်ယူသူများအား ပရိဘောဂပစ္စည်းများကံစမ်းမဲဖောက်ပေးမည့်အစီအစဉ်ပါရှိပါသည်။

နိုင်ငံတကာသတင်း

ကင်ညာအဆင့်မြင့် ဈေးကြီးမှ ဓားစာခံများစွာ လွှတ်မြောက်

နိုင်ရိုဘီ စက်တင်ဘာ ၂၃

ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့တွင် အဆင့်မြင့် Westgate ဈေးကြီးတွင် ဓားစာခံဖြစ်နေသူ အများစု ပြန်လွတ်ခဲ့ပြီဖြစ်ကြောင်း ကင်ညာကာကွယ်ရေးတပ်ဖွဲ့(KDF) မှ ပြောရေးဆိုခွင့်ရှိသူ ဆိုင်ရပ်စ်အိုဂူနာက စက်တင်ဘာ ၂၃ ရက်က ပြောကြားကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ထို့ပြင်အဆင့်မြင့် ဈေးအဆောက်အအုံနေရာ အတော်များများကို လုံခြုံရေး တပ်ဖွဲ့များက ပြန်သိမ်းထားနိုင်ပြီဖြစ်ကြောင်းလည်း အွန်လိုင်းတွင် ကင်ညာ ကာကွယ်ရေးတပ်ဖွဲ့များက ရေးသား ဖော်ပြသည်။

ဈေးအပြင်ဘက် အနီးအနားတစ်ဝိုက်တွင် ကင်ညာကြက်ခြေနီအသင်း၊စစ်သားများ၊ စေတနာ့ဝန်ထမ်းများနှင့် သတင်းထောက်များရှိနေပြီး အဆောက်အအုံအတွင်း ပစ်ခတ်သံများ ကြားနေကြောင်း ယင်းနေရာသို့ ရောက်ရှိနေသည့် ဆင်ဟွာသတင်းထောက်က ပြောကြားသည်။

ယင်းဈေးကြီးတွင် စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းက မျက်နှာဖုံးတပ် လက်နက်ကိုင်များက သေနတ်များဖြင့် ပစ်ခတ်ဝင်စီးခဲ့ခြင်းဖြစ်သည်။ သေဆုံးသူ ၆၈ ဦးရှိခဲ့ပြီး ဒဏ်ရာရသူ ၁၇၅ ဦးရှိသည်။ ၁၉၉၈ ခုနှစ် နောက်ပိုင်း ကင်ညာနိုင်ငံတွင် သွေးထွက်သံယို အများဆုံး တိုက်ခိုက်မှုတစ်ရပ်ဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။ **(ဆင်ဟွာ)**

တရုတ်တွင် ယူဆာဂျီမုန်တိုင်းကြောင့် အနည်းဆုံး ၂၅ ဦး သေဆုံး

ပေကျင်း စက်တင်ဘာ ၂၃

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုန်ပြည်နယ်၌ တိုင်ဖွန်းမုန်တိုင်းယူဆာဂျီကြောင့် သေဆုံးရသူ အနည်းဆုံး ၂၅ ဦးရှိသွားပြီဖြစ်ကြောင်း တရုတ်နိုင်ငံအစိုးရက စက်တင်ဘာ ၂၃ ရက်တွင် ပြောကြားခဲ့သည်။

အဆိုပါဒေသများ၌ လေပြင်းတိုက်ခတ်မှုနှုန်းမှာ တစ်နာရီကီလိုမီတာ ၁၈၀ ထိရှိပြီး လမ်းမများပေါ်၌ သစ်ပင်များလဲပြိုကျ **(အပေါ်ပုံ)** သတင်းတွင် ဖော်ပြသည်။ တရုတ်နိုင်ငံ၌ လူသုံးသန်းခွဲခန့် မုန်တိုင်းဒဏ်ခံစားနေရသည်။

ကွမ်တုံမှ ပေကျင်းသွား ရထားခရီးစဉ်များ ရပ်ဆိုင်းထားရပြီး ကွမ်တုံ၊ ရှန်ဟဲနှင့် ဟောင်ကောင်တို့မှ လေယာဉ် ခရီးစဉ် ရာပေါင်းများစွာကိုလည်း ဖျက်သိမ်းခဲ့ရသည်။

သို့သော် ဟောင်ကောင်မှာမူ အဆိုးရွားဆုံး မုန်တိုင်းဘေးဒဏ်မှ လွတ်မြောက်သွားခဲ့သည်။ မိုးလေဝသဌာန တာဝန်ရှိသူများပြောကြားချက်အရ အဆိုပါဆိုးရွားလှသော မုန်တိုင်းသည် တရုတ်နိုင်ငံတောင်ပိုင်းသို့ ဦးတည်သွားစဉ် အားပျော့ခဲ့နေပြီဖြစ်သည်။ သို့သော် ဟောင်ကောင် ငွေကြေးဈေးကွက်များ စက်တင်ဘာ ၂၄ ရက်အထိ ပိတ်ထားဆဲဖြစ်သည်။

ဖူချန်းပြည်နယ်ရှိ ဒေသခံလူဦးရေ ၈၀၀၀၀ ကျော်တို့ကို လုံခြုံရာသို့ရွှေ့ပြောင်းပေးထားပြီးဖြစ်သည်ဟု အာဏာပိုင်များက ပြောကြားကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။ **(ဘီဘီစီ)**

ဂျာမနီရွေးကောက်ပွဲ ဝန်ကြီးချုပ်အိန်ဂျလာမာကဲလ်၏ ပါတီ မဲအများဆုံးဖြင့် အကြီးအကျယ်အောင်မြင်

ဘာလင် စက်တင်ဘာ ၂၃

စက်တင်ဘာ ၂၂ ရက် ဂျာမနီရွေးကောက်ပွဲတွင် ဝန်ကြီးချုပ်အိန်ဂျလာမာကဲလ်၏ ခရစ်ယာန်ဒီမိုကရက်တစ်ယူနီယံ(CDU)ပါတီနှင့် ၎င်းတို့၏ မိတ်ဖက်ခရစ်ယာန် ဆိုရှယ်ယူနီယံ(CSU)ပါတီတို့မှာ အကြီးကျယ်ဆုံး အောင်မြင်သူများ ဖြစ်ခဲ့ကြောင်း စက်တင်ဘာ ၂၃ ရက် အစောပိုင်း တရားဝင် မဲရလဒ်များအရ သိရသည်။ ၎င်းပါတီနှစ်ရပ်သည် ဆန္ဒမဲ ၄၁ ဒသမ ၅ ရာခိုင်နှုန်းရရှိခဲ့သည်။ အဓိက အတိုက်အခံပါတီကြီးဖြစ်သည့် ဗဟိုလက်ဝဲဆိုရှယ်ဒီမိုကရက်ပါတီ (SPD) ပါတီက ၂၅ ဒသမ ၇ ရာခိုင်နှုန်းရရှိကြောင်း မဲရလဒ်အရ သိရသည်။

ဆိုရှယ်ဒီမိုကရက်ပါတီ၏ မိတ်ဖက်ပါတီဖြစ်သော အစိမ်းရောင်ပါတီက မဲ ၈ ဒသမ ၄ ရာခိုင်နှုန်းနှင့် လက်ဝဲပါတီက ၈ ဒသမ ၆ ရာခိုင်နှုန်း မဲများ ရရှိကြကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။ မဲထည့်ပြီးသူများနှင့် တွေ့ဆုံမေးမြန်းခန့်မှန်းသော ပထမ မဲအခြေအနေ ထွက်ပေါ်ပြီးနောက် စက်တင်ဘာ ၂၂ရက်တွင် ဘာလင်ရှိ ပါတီရုံးချုပ်၌ ဝန်ကြီးချုပ် အိန်ဂျလာမာကဲလ်က တကယ့်ရလဒ်ကြီးတစ်ရပ်ပါဟူ၍ ထောက်ခံသူများကို ပြောကြားခဲ့ကြောင်းသိရသည်။ **(ဆင်ဟွာ)**

ဆစ်ဒနီတွင် လေယာဉ်ပေါ် မြွေတွေ့သဖြင့် ခရီးစဉ်ပျက်ခဲ့

ဆစ်ဒနီ စက်တင်ဘာ ၂၃

ဆစ်ဒနီလေဆိပ်တွင်ကွမ်တက်စ်လေကြောင်းလိုင်း လေယာဉ်တစ်စင်းပေါ်၌ မြွေငယ်တစ်ကောင်တွေ့ရှိရခြင်းကြောင့် ခရီးသည်ရာချီပြီး သောင်တင်မှု စက်တင်ဘာ ၂၂ရက် ညက ဖြစ်ပွားကြောင်း စက်တင်ဘာ ၂၃ရက် ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

တိုကျိုကိုထွက်ခွာမည့်လေယာဉ်ပေါ်တွင် လေယာဉ်တံခါးဝအနီး ၂၀ စင်တီမီတာရှိ မြွေငယ်တစ်ကောင်ကို လေယာဉ်အမှုထမ်းတစ်ဦးတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ခရီးသည် ၃၇၀ လေယာဉ်ပေါ်မတက်မီတွင် တွေ့ရှိခြင်းဖြစ်ကြောင်း ကွမ်တက်စ် လေကြောင်းလိုင်း ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးက ပြောကြားသည်။ ယင်းကြောင့် ခရီးသည် ၃၇၀ အတွက် ဆစ်ဒနီတွင် တစ်ညတာ နေရေးထိုင်ရေး စီစဉ်ပေးခဲ့ရသည်။ မြွေအမျိုးအစားနှင့် မည်သို့ရောက်ရှိလာပုံကို မသိရှိရသေးဟု ဆိုသည်။ ခရီးသည်များအတွက် စက်တင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် နောက်လေယာဉ်တစ်စင်းဖြင့် အစားထိုးပြေးဆွဲပေးခဲ့ရကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။ **(ဆင်ဟွာ)**

ဖိလစ်ပိုင်တောင်ပိုင်း၌ အစိုးရတပ်နှင့် သူပုန်တို့တိုက်ပွဲဖြစ်

မနီလာ စက်တင်ဘာ ၂၃

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်းတွင် အစိုးရတပ်နှင့် ဘန်ဂါဆာမိုရိုအစ္စလာမ့်လွတ်မြောက်ရေးတပ်ဖွဲ့(BIFF) သူပုန်အုပ်စုတို့ ရင်ဆိုင်တိုက်ပွဲဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။ စက်တင်ဘာ ၂၃ ရက်က ဖြစ်ပွားသည့် ယင်းတိုက်ပွဲတွင် သူပုန်အုပ်စုဘက်မှ လေးဦးသေဆုံးသည်ဟု သိရသည်။ အစိုးရတပ်မှ စစ်သားတစ်ဦး သေဆုံးကြောင်း ဆင်ဟွာသတင်းအရ သိရသည်။

ဒဏ်ရာရသူအစိုးရစစ်သားတစ်ဦးရှိပြီး အရပ်သား ၁၅ ဦးကို ဓားစာခံအဖြစ်ဖမ်းဆီးထားသည်။ ဒေသစံတော်ချိန် နံနက် ၂ နာရီ မိနစ် ၂၀ ခန့်က မြောက်ကိုတာဘာကို ပြည်နယ် မတ်ဆာရပ်မြို့ ရန်ဂါဘန် ကျေးရွာရှိ လုံခြုံရေးတပ်စခန်းတစ်ခုကို BIFF အဖွဲ့ဝင်များ ဝင်ရောက်စီးနင်းရာမှ တိုက်ပွဲဖြစ်ပွားရခြင်း ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **(ဆင်ဟွာ)**

ဂျော်ဒန်ရောက်ဆီးရီးယားဒုက္ခသည် ၉၀၀၀၀ ကျော် နေရပ်ပြန်ရောက်

အမ္မန် စက်တင်ဘာ ၂၃

၂၀၁၁ ခုနှစ် အစောပိုင်းက စတင်ခဲ့သော ဆီးရီးယားပဋိပက္ခများကြောင့် နေအိမ်များစွန့်ခွာထွက်ပြေးပြီး ဂျော်ဒန်နိုင်ငံ၌ လာရောက်ခိုလှုံနေသူ ဆီးရီးယားဒုက္ခသည် ၉၁၂၉၇ ဦးနေရပ်သို့ ပြန်လည်ရောက်ရှိပြီဖြစ်သည်ဟု ဂျော်ဒန်နိုင်ငံမှ စက်တင်ဘာ ၂၂ ရက်က ပြောကြားခဲ့သည်။

ဂျော်ဒန်နိုင်ငံရှိ ဆီးရီးယားဒုက္ခသည်များ ကူညီကယ်ဆယ်ရေးဌာန ညွှန်ကြားရေးမှူးဝါဒက်ရှ်ဟမ်မွတ်က ဂျော်ဒန်နိုင်ငံအနေဖြင့် ဆီးရီးယားစစ်ပြေးဒုက္ခသည်များအား ဆက်လက်ထောက်ပံ့ကူညီပေးရဦးမည်ဟု ဆိုသည်။

လက်ရှိ ဂျော်ဒန်နိုင်ငံ၌ ဆီးရီးယား စစ်ပြေးဒုက္ခသည်ဦးရေ ၅၄၃၀၂၉ ဦး လက်ခံထားရပြီး ၁၂၇၈၅၉ ဦးမှာ ကယ်ဆယ်ရေးစခန်းများ၌ နေထိုင်ကြကာ အခြားကျန်ရှိသူတို့မှာ မြို့များ၌ နေထိုင်ကြရသည်ဟု သိရသည်။ **(ဆင်ဟွာ)**

စစ်ရှောင် ထွက်ပြေးလာသော ဆီးရီးယားစစ်ပြေးဒုက္ခသည်မိသားစုများကို တွေ့ရစဉ်။

ပြည်တွင်းနှင့် နိုင်ငံတကာသတင်း

သတင်းထောက်များအနေဖြင့် စာပေနှင့်ပြင်ပဗဟုသုတရှိရန် လိုအပ်သကဲ့သို့ သတင်းစာပညာနှင့် ပတ်သက်သော အတတ်ပညာလည်းတတ်မြောက်ရန်လို

မန္တလေး စက်တင်ဘာ ၂၃

သတင်းများကို ရေးသားရာတွင် လူပုဂ္ဂိုလ်ကို ဗဟိုပြုရေးသားရာမှ အကြောင်းအရာကို ဗဟိုပြုရေးသားခြင်းကို ပြောင်းလဲဆောင်ရွက်လာခဲ့ရာ သတင်းထောက်များအနေဖြင့် စာပေနှင့် ပြင်ပဗဟုသုတရှိရန် လိုအပ်သကဲ့သို့ သတင်းစာပညာနှင့်ပတ်သက်သော အတတ်ပညာများကိုလည်း လေ့လာတတ်မြောက်ထားကြရန် လိုအပ်ကြောင်းဖြင့် ဒုတိယဝန်ကြီးဦးပိုက်ထွေးက ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ကျင်းပသော မြို့နယ်သတင်းထောက်များ (အထက်မြန်မာပြည်) အရည်အသွေးမြှင့်တင်ရေး ရက်တိုမွမ်းမံသင်တန်း(၁/၂၀၁၃)ဆင်းပွဲနှင့် စာပေရေချမ်းစင်အတွက် စာအုပ်များ လှူဒါန်းပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ဘူတာရုံ၊ ကားဂိတ်များတွင် စာပေရေချမ်းစင်များ ထားရှိသကဲ့သို့ လူစည်ကားသည့်နေရာများတွင်လည်း Mini Book Corner ၁၂၅ ခု ဖွင့်လှစ်ပေးထားကြောင်း၊ ယင်း Mini Book Corner များတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု ကျန်းမာရေး၊ အတ္ထုပ္ပတ္တိ စသည့် ပညာရပ် ၁၂ မျိုးနှင့်သက်ဆိုင်သည့် စာအုပ်များကို တင်ပေးထားသည့်အတွက် ဗဟုသုတများစွာရရှိပြီး လူအများ ကြိုက်နှစ်သက်ကြသည်ကို တွေ့ရှိရကြောင်းဖြင့်လည်း ပြောကြားခဲ့သည်။

အဆိုပါ သင်တန်းကို စက်တင်ဘာ ၂၁ ရက်မှ စတင်ဖွင့်လှစ်ခဲ့ပြီး ဥပဒေပညာရှင် ဦးစိန်လှိုင် (စိန်လှိုင်ဗိုလ်)၊ ဥပဒေပညာရှင် ဦးဟန်ညွန့်၊ သတင်းစာဆရာနှင့် စာရေးဆရာ ဦးရွှေ(ရွှေရိုး၊ မန္တလေး)၊ မြန်မာ့အလင်း သတင်းစာတိုက် စာတည်းမှူးချုပ် ဦးအောင်နိုင်ဦးတို့က သတင်းစာလုပ်ငန်းနှင့်ပတ်သက်သော စာနယ်ဇင်းကျင့်ဝတ်၊ လုပ်ငန်းဆောင်ရွက်ပုံစည်းမျဉ်းများ၊ သတင်းစာတိုက်၏ အခြေခံလုပ်ဆောင်မှုများ စသည်တို့ကို ပို့ချခဲ့ကြသည်။

သင်တန်းသို့ အထက်မြန်မာနိုင်ငံရှိ မြို့နယ်သတင်းထောက် ၆၄ ဦး တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

ဒုတိယ ဝန်ကြီး ဦးပိုက်ထွေး မြို့နယ်သတင်းထောက်များ (အထက်မြန်မာပြည်) အရည်အသွေး မြှင့်တင်ရေးရက်တိုမွမ်းမံသင်တန်း(၁/၂၀၁၃) ဆင်းပွဲတွင် သင်တန်းတာဝန် ရှိသူများ၊ မြို့နယ် သတင်းထောက် များ အား မှာကြားစဉ်။ (သတင်းစဉ်)

✱ ကျောဖုံးမှ

ထို့နောက် (၃၄) ကြိမ်မြောက် AIPA အထွေထွေညီလာခံဥက္ကဋ္ဌ ဘရူနိုင်းနိုင်ငံ ဥပဒေပြုကောင်စီဥက္ကဋ္ဌက မိန့်ခွန်းပြောကြားပြီး ပိတ်ပွဲအခမ်းအနား ပြီးဆုံးခဲ့သည်။

စက်တင်ဘာ ၂၀ ရက် ည ၈ နာရီတွင် ပြည်ထောင်စုလွှတ်တော်နာယက ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ဘရူနိုင်းနိုင်ငံပညာရေးဝန်ကြီးဌာန H.E. Mr. Awaang Abu Bakar Bin Haji Apong က ညှော်ခံသော ညစာစားပွဲသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ တက်ရောက်ခဲ့သည်။

အာဆီယံပါလီမန်များ အထွေထွေညီလာခံကို ၁၉၇၈ ခုနှစ်မှ စတင်၍ နှစ်စဉ်ကျင်းပခဲ့ရာ (၃၄)ကြိမ်တိုင်ခဲ့ပြီဖြစ်သည်။ (၃၄)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံကို ၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၇ ရက်မှ ၂၃ ရက်အထိ ဘရူနိုင်းနိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့တွင် ကျင်းပခဲ့သည်။ အဆိုပါ ညီလာခံသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ လွှတ်တော်ဥက္ကဋ္ဌများ၊ ကိုယ်စားလှယ်များ၊ လေ့လာသူ နိုင်ငံများဖြစ်ကြသော ဂျပန်နိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ရုရှားနိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ကနေဒါနိုင်ငံ၊ ဥရောပသမဂ္ဂ(EU) တို့မှ လွှတ်တော်ဥက္ကဋ္ဌများ၊ ကိုယ်စားလှယ်များက လေ့လာသူအဖြစ် တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

■ ကျောဖုံးမှ

ရေသန့်ဘူး ၁၄၄ ဘူး၊ ပြည်ကြီးမဏ္ဍိုင်မြို့နယ်ခွဲ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့်ဌာနဆိုင်ရာများမှ ဆန် ၁၀အိတ်ပေးအပ်လှူဒါန်းခဲ့ကြပြီး မြို့နယ်ခွဲ ကျန်းမာရေးဦးစီးဌာနမှ နောက်ဆက်တွဲ ကူးစက်ရောဂါများမဖြစ်ပွားစေရေး ကျန်းမာရေးစစ်ဆေးကုသမှုများဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ **(မြို့နယ်ပြန်/ဆက်)**

အင်ဒိုနီးရှား၌ ဆူးပါသောကြွက်မျိုးစိတ်တွေ့ရှိ

အင်ဒိုနီးရှားနိုင်ငံတွင် အမြီးဖြူပြီး ဆူးချွန်များထူထပ်စွာပါရှိသော ကြွက်မျိုးစိတ်တစ်မျိုးကို ရှာဖွေတွေ့ရှိထားသည်ဟု ဆိုသည်။ ဘိုကီးမီကောက်အမည်ရှိ အဆိုပါကြွက်မျိုးစိတ်ကို ဟယ်မဟာရာသစ်တော တောင်ထူထပ်သောဒေသများ၌ တွေ့ရလေ့ရှိသည်။

ယင်းဒေသသည် ဇီဝမျိုးကွဲများ အလွန်ကြွယ်ဝသောဒေသဖြစ်သည်။ သို့သော်လည်း သစ်ခုတ်ခြင်းနှင့် သတ္တုမိုင်းတူးဖော်ရေးလုပ်ငန်းများကြောင့် တောရိုင်းတိရစ္ဆာန်များ မျိုးသုဉ်းမှုအန္တရာယ်ခြိမ်းခြောက်ခံနေရသည်။

လေယာဉ်ပေါ်တွင် မူးယစ်ဆေးဝါး တန်ချိမိ

ဗင်နီဇွဲလားနိုင်ငံမှ ပျံသန်းလာသော ပြင်သစ်လေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းပေါ်တွင် သန့်စင်ပြီး ကိုကင်း ၁ ဒသမ ၃ တန်ကို ပဲရစ်ချာလီဒီဂေါလေဆိပ်၌ ရဲအဖွဲ့က ဖမ်းဆီးလိုက်ကြောင်း ပြင်သစ်တာဝန်ရှိသူများက ပြောသည်။ အဆိုပါမူးယစ်ဆေးဝါးများကို လက်ကိုင်ခရီးဆောင်အိတ်အဖုံး ၃၀ အတွင်း အထုပ်များထုပ်၍ ထည့်ထားခြင်းဖြစ်သည်။ ယင်းတို့ကို စစ်ဆေးမှုပြုလုပ်စဉ် စက်တင်ဘာ ၂၁ ရပ်က သိမ်းဆည်းရမိခဲ့သည်ဟု ဆိုသည်။ အဆိုပါ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုသည် လေဆိပ်၌ အများဆုံး ဖမ်းဆီးရမိမှုဖြစ်ကြောင်း ပြင်သစ်ပြည်ထဲရေးဝန်ကြီး မန်နျူရယ်ဗဲလ်က ပြောသည်။

မြင့်မောင်စိုး-ရေးသည်

● ကျောဖုံးမှ

ထို့အပြင် မြို့ပေါ်ရှိ တောင်ပြင်(၂) ရပ်ကွက်၊ အပိုင်း(၂/၃)တို့ရှိ လူနေအိမ် ၁၆၀ ခန့်နှင့် တောင်ပြင်(၁) ရပ်ကွက်၊ အုန်းတော (၁) ရပ်ကွက်တို့ရှိ လူနေအိမ်အချို့တို့တွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ စက်စက်ယိုချောင်းရေလျှံခြင်းတို့ကြောင့် မြေအမြင့်ပိုင်းနေအိမ်များ၌ ရေအနက်ခြောက်လက်မခန့်မှ မြေနိမ့်ပိုင်းနေအိမ်များတွင် ရေအနက် တစ်ပေခွဲခန့်အထိ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ရကြောင်းနှင့် လူ၊ တိရစ္ဆာန်၊ နေအိမ်၊ ပစ္စည်းဆုံးရှုံးမှုမရှိခဲ့ကြောင်း သိရသည်။ တောင်တွင်းကြီးမြို့နယ်တွင် စက်တင်ဘာ ၂၀ ရက် ည ၈ နာရီမှ ၁၁ နာရီ မိနစ် ၅၀ ခန့်အထိ မိုးထစ်ချုန်းရွာခဲ့မှုကြောင့် မိုးရေချိန် ၁ ဒသမ ၇၃ လက်မရှိခဲ့ပြီး မြို့၏အရှေ့ဘက် စက်စက်ယိုချောင်းမှ တောင်ကျရေများစီးဆင်းခြင်း၊ ကန်တော်ကြီးကန်ရေပိုလွှဲတံခါးမှ ပိုလျှံရေများ ထုတ်ချခြင်း၊ မြို့တွင်းချောင်းများအတွင်း အမှိုက်သရိုက်များ စွန့်ပစ်ကြသဖြင့် မြောင်း တိမ်ကောခြင်းတို့ကြောင့် အဆိုပါရပ်ကွက်အချို့မှာ နှစ်စဉ် ရေလွှမ်းမိုးခံနေရခြင်း ဖြစ်ကြောင်း သိရသည်။ မြို့နယ်အနေဖြင့် ၂၀၁၂ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၂၁ ရက်အထိ မိုးရွာရက် ၁၂ ရက်၊ မိုးရေချိန် ၇ ဒသမ ၆၇ လက်မ၊ ၂၀၁၃ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၂၁ ရက်အထိ မိုးရွာရက် ၁၁ ရက်၊ မိုးရေချိန် ၇ ဒသမ ၅၈ လက်မ၊ ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စက်တင်ဘာ ၂၁ ရက်အထိ မိုးရွာရက် ၆၀ ရက်ရှိပြီး မိုးရေချိန် ၂၄ ဒသမ ၅၄ လက်မ ဖြစ်ကာ ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စက်တင်ဘာ ၂၁ ရက်အထိ မိုးရွာရက် ၆၅ ရက်၊ မိုးရေချိန် ၃၄ ဒသမ ၈၀ လက်မဖြစ်သဖြင့် ယခင်နှစ်နှင့် နှိုင်းယှဉ်လျှင် မိုးရွာရက်နှင့် မိုးရေချိန်တို့မှာ ပိုမိုများပြားလျက်ရှိကြောင်း သိရသည်။

ဗိုလ်ပြည့်(တောင်တွင်းကြီး)

ရွာလုံးကျွတ်ပျောက်ခဲ့ရတဲ့ မက္ကဆီကိုမုန်တိုင်း

မောင်နွေသစ်

မက္ကဆီကိုနိုင်ငံမှာ ယခုသီတင်းပတ်အတွင်း ကြောက်မက်ဖွယ်ရာ မုန်တိုင်းနှစ်ခုအပြိုင်ဝင်ရောက်ခဲ့တာကြောင့် ရွာလုံးကျွတ်ပျောက်ခဲ့ရပါတယ်။ တကယ့်ကြောက်စရာကောင်းတဲ့ မုန်တိုင်းတွေပါပဲ။ အပူပိုင်းမုန်တိုင်းမန်နျူရယ်နဲ့ ဟာရီကိန်းတို့အပြိုင်ဝင်ရောက်ခဲ့တာ ဖြစ်ပါတယ်။ လာဗင်တာဒါလို့ အမည်ရတဲ့ ကျေးရွာကြီးဟာ ဒီမုန်တိုင်းကြီးတွေ ဝင်ရောက်ခဲ့တဲ့အတွက် ရေမြေပြိုမှုကြီးဖြစ်ပွားကာ တစ်ရွာလုံးမြေကြီးအောက်ရောက်သွားခဲ့ရပါတယ်။ ယခုအထိတော့ လူပေါင်း ၆၈ ဦး ပျောက်ဆုံးနေပြီး သေဆုံးနိုင်ဖွယ်ရှိတယ်လို့ မက္ကဆီကိုသမ္မတ အန်ရီကေးပီနားနီတိုးက ပြောကြားလိုက်ပါတယ်။

ဒီရွာမှာကယ်ဆယ်ရေးတွေလုပ်နေရတဲ့အတွက် လာမယ့်သီတင်းပတ်မှာ ကျင်းပမယ့် ကုလသမဂ္ဂ အထွေထွေညီလာခံ တက်ရောက်ရန် အစီအစဉ်ကိုလည်း သမ္မတက ဖျက်သိမ်းလိုက်ပါတယ်။

ဒီရွာမှာ ပျောက်ဆုံးသွားတဲ့လူတွေအားလုံး သေဆုံးသွားပြီလို့ အတည်ပြုနိုင်မယ်ဆိုရင် မန်နျူရယ်မုန်တိုင်းနဲ့ ဟာရီကိန်းကြောင့် သေဆုံးသူဦးရေဟာ လူပေါင်း ၁၇၀ ကျော်ရှိသွားပြီလို့ဆိုပါတယ်။

သေဆုံးသူတွေထဲမှာ ကယ်ဆယ်ရေးရဟတ်ယာဉ် ပျက်ကျလို့ သေဆုံးသူငါးဦးပါတယ်လို့ ဆိုပါတယ်။ ဒီအားပြင်းမုန်တိုင်းနှစ်ခုလုံးဟာ ယခုသီတင်းပတ်ကုန်အစပိုင်းက ဝင်ရောက်ခဲ့တာဖြစ်ပါတယ်။

အပူပိုင်း မုန်တိုင်းမန်နျူရယ်ဟာ ပစိဖိတ်သမုဒ္ဒရာသို့ မဝင်ရောက်မီ ဂူယာရေးရို ပြည်နယ်ကို ဖြတ်သန်းဝင်ရောက်ခဲ့တာ ဖြစ်ပါတယ်။ မက္ကဆီကိုပင်လယ်ကွေ့မှာ အားပြင်းဟာရီကိန်းမုန်တိုင်းတစ်ခုဟာလည်း ယခုသီတင်းပတ် အစောပိုင်းက တာမေလ်လီပတ်ပြည်နယ် အရှေ့ပိုင်းသို့ ဝင်ရောက်ခဲ့တာကြောင့် ပျက်စီးမှုတွေအကြီးအကျယ် ဖြစ်ပွားခဲ့ပါတယ်။

ထောင်ပေါင်းများစွာသော လမ်းတွေ ပျက်စီးခဲ့ရပြီး ပျက်စီးသွားတဲ့လမ်းတွေ ပြုပြင်ပေးဖို့ အမေရိကန်ဒေါ်လာ သုံးဘီလီယံလောက် ကုန်ကျမယ်လို့ ဆိုပါတယ်။ လူပေါင်း ၂၀၀၀၀ လောက်ကို မက္ကဆီကိုစီးတီးသို့ လေယာဉ်နဲ့ ကယ်ဆယ်ခဲ့ရတယ်လို့ ဆိုပါတယ်။ ကုန်းလမ်းက ဘတ်စ်ကားတွေနဲ့ ပို့ဆောင်ပေးတဲ့အရေအတွက်ကလည်း ၂၀၀၀၀ လောက်ရှိတယ်လို့ ဆိုပါတယ်။

မန်နျူရယ်မုန်တိုင်းကြောင့် လူပေါင်း ၁၀၀၀၀၀ ခန့် မုန်တိုင်းဒဏ်ခံရပြီး မြို့ပေါင်း ၁၅ မြို့ လမ်းပန်းဆက်သွယ်ရေးပြတ်တောက်ခဲ့ရတယ်လို့ ဆိုပါတယ်။

ဒီမုန်တိုင်း တိုက်ခတ်ပြီးတဲ့နောက် ယခုအခါမှာတော့ အပျက်အစီးတွေကြားမှာ ကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်နေဆဲဖြစ်ပါတယ်။

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

စာရေးစာဖတ် မပြတ်လေ့လာ

ဦးဟန်ညွန့်(ဥပဒေ)

လေ့လာ

နေပြည်တော်မှာ မိုးရွာပြီ။ အဆက်မပြတ်ရွာနေသည်။ တော်ရုံတန်ရုံ ကိစ္စရှိရုံမျှနှင့် အိမ်အပြင်မထွက်ဖြစ်။ အိမ်တွင်းပုန်းဖြစ်ရပြန်သည်။ အိမ်တွင်းပုန်းဆိုသော်လည်း အငြိမ်မနေနိုင်။ အိမ်တွင်းစာကြည့်တိုက်ရှေ့ ရောက်ရပြန်၏။ စာအုပ်တွေနှင့်တွေ့ရပြန်ပြီ။ တွေ့ပြန်တော့လည်း စာမဖတ်ဘဲ မနေနိုင်။ စာရေးစာဖတ် မပြတ်လေ့လာဟု မိမိကိုယ်မိမိ ခံယူမိ၏။

အရေးနှင့်အဖတ်

အရေးနှင့်အဖတ်သည် ဒွန်တွဲနေသည်။ စာများများဖတ်လျှင် စာရေးချင်သည်။ စာများများရေးချင်လျှင် စာဖတ်ရမည်။ စာဖတ်နာမှ ပြည့်ဝမည်။ ကျမ်းမျိုးစုံမှ ဉာဏ်ဟုန်ပြင်းမည်။ နည်းမျိုးစုံမှ ရန်ပုံခွင်းမည်။ ပြောသာပြောရသည်။ စာရေးသည်ဟု ဆိုရာတွင် ရေးချင်တိုင်းရေး၍မရ။ စိတ်ပါမှ ရေးနိုင်သည်။ စျာန်ဝင်မှ ရေးနိုင်သည်။ စာရေးဆရာတစ်ယောက်ကို သေနတ်နှင့်ချိန်၍ တစ်လအတွင်း ဘယ်နှအုပ်ပြီးအောင်ရေးဟု အမိန့်ပေး၍မရဟု ကြားဖူးသည်။ စာရေးဆရာ၏ စိတ်ကူးဉာဏ်ကွန့်မြူးမှုနှင့်သာ သက်ဆိုင်ပေသည်။

စိတ်ကူးနှင့်လက်တွေ့

စိတ်ကူးရုံမျှနှင့်လည်း မဖြစ်သေး။ လက်တွေ့ချရေးနိုင်ဖို့ လိုသေးသည်။ နေပူ၍၊ မိုးရွာ၍၊ အိုက်စပ်၍၊ ချမ်းအေး၍၊ အလုပ်ရှုပ်နေ၍၊ ဧည့်သည်တွေလာနေ၍၊ အချိန်မရ၍ဟူသော အကြောင်းပြချက်များဖြင့် စာမရေးဖြစ်။ စိတ်ကူးထဲမှာသာရှိ။ လက်တွေ့စာတစ်ပုဒ်ဖြစ်မလာ။ နေ့ရွှေ့ညရွှေ့နှင့် အချိန်ကုန်သွားသည်။ ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာတွင် ဥပဒေရေးရာဆောင်းပါးများ မရေးဖြစ်တာ အတော်ကြာသွားပြီ။ အခြားအခြားသော သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတွေမှာလည်း စာတိုပေစ မရေး၊ စိတ်ကူးတော့ရှိသည်။ အတွေးထဲမှာစုဆောင်းထားတာတွေလည်း အများကြီးပဲ။ မိတ်ဆွေများက ဆောင်းပါးတွေ မဖတ်ရ၍ "နေလို့မှ ကောင်းရဲ့လား"ဟု ဖုန်းဆက်မေးကြသည်။ ကိုယ့်ဝမ်းနာကိုယ်သာသိ ဆိုသလိုပါပဲ။ စာမရေးဖြစ်ပေမယ့် စာတွေဖတ်နေရပါ၏။

ဥပဒေကြေးမုံမဂ္ဂဇင်း

ရှေ့နေအသင်းအစည်းအဝေးတွင် ရောင်းချသော ဥပဒေကြေးမုံမဂ္ဂဇင်းအကြောင်း ဦးစွာပြောချင်သည်။ ထူးခြားသည်မှာ မြန်မာဘာသာနှင့်မဟုတ်။ အင်္ဂလိပ်ဘာသာဖြင့် ဖြစ်သည်။ THE LEGAL MIRROR MAGAZINE ဟု အမည်တွင်သည်။ အယ်ဒီတာချုပ်မှာ တရားလွှတ်တော်ရှေ့နေကြီး ဦးခွန်ဝင်းလှိုင်ဖြစ်သည်။ အဖွဲ့ဝင်အယ်ဒီတာများလည်း အစုအဖွဲ့နှင့် ပါဝင်သည်။ တစ်အုပ် ငွေကျပ် ၂၀၀၀နှုန်းဖြင့် ထုတ်ဝေရောင်းချနေသည်မှာ အတွဲ(၁)မှ အတွဲ(၃)တိုင် ရှိပေသည်။

"ဥပဒေကို မသိဟု ဆိုရုံမျှဖြင့် အပြစ်ကခွင့်မလွှတ်" ဟူသော ဆောင်ပုဒ်ကို ဦးတည်ချက်ထားလျက် ဥပဒေကြေးမုံမဂ္ဂဇင်းကို အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေခြင်းဖြစ်သည်။ "ကမ္ဘာမှာ မြန်မာဟေ့" ဟုကြွေးကြော်သံနှင့်အညီ မြန်မာ့တရားဥပဒေလောကအကြောင်း အင်္ဂလိပ်ဘာသာဖြင့် တင်ပြမှ တော်ရုံကျမည်။ ALL are equal in the eye of Law" ဆိုရိုးကိုလည်း မဂ္ဂဇင်းမျက်နှာဖုံးတွင် ထင်ရှားစွာဖော်ပြထားသည်။ ဖတ်သင့်သောစာအုပ် ဖြစ်သည်။ စာရေး၊ စာဖတ်၊ မပြတ်လေ့လာလိုသူတိုင်း ဆောင်သင့်သည်။

Why Invest in Myanmar?

ကမ္ဘာတစ်ခွင်သို့ မြန်မာ့ဥပဒေများ ပြန့်ပွားရေးသည် အရေးကြီးသည်။ အလျဉ်းသင့်၍ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်ရေးသားပြုစုသော Why Invest in Myanmar? စာအုပ်သည် မြန်မာသာမက ကမ္ဘာသို့ ပင် ဖြန့်ချိသင့်သောစာအုပ်ဖြစ်ကြောင်း တင်ပြပါရစေ။ မြန်မာပြည်တွင် ရင်းနှီးမြှုပ်နှံမှုပြုလိုသော နိုင်ငံခြားသားတိုင်းအတွက် လမ်းညွှန်စာအုပ်တစ်အုပ်ဖြစ်သည်ဟု ယူဆသည်။ Business Laws of Myanmar ဆောင်းပါးအပါအဝင် သိသင့်သိထိုက်၊ ဖတ်ရှုထိုက်သော အင်္ဂလိပ်ဘာသာဖြင့် ရေးသားပြုစုထားသော စာတစ်အုပ်ဖြစ်သည်။ စာရေးစာဖတ်မပြတ် လေ့လာသူတိုင်း ဆောင်ထားသင့်သလို နိုင်ငံခြားသားအချို့အတွက် လက်ဆောင်ပေးသင့်သော စာအုပ်ဟု မြင်ပါသည်။

မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်း

ရှေ့နေအသင်း အစည်းအဝေးတက်ရင်း တစ်ဆက်တည်းကြုံ၍ ဆွေးနွေးပွဲတစ်ပွဲ တက်ခဲ့ရသေးသည်။ မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက ကြီးမှူးကျင်းပသော မြန်မာစာပေဝတ္ထုရှည်၊ ဝတ္ထုတို၊ ကဗျာ၊ အက်ဆေးနှင့် စာပေထုတ်ဝေရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲအတွက် လုပ်ငန်းစီမံချက်တင်ပြသည့် ဆွေးနွေးပွဲဖြစ်ပါသည်။ ရည်ရွယ်ချက်ကောင်းပါသည်။ အနယ်နယ်အရပ်ရပ်မှ မြန်မာစာပေရေးသားသူ၊ ဖတ်ရှုသူများပါဝင်ဆွေးနွေးခွင့်ရရှိမည်။ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပသွားမည်။ အတွေ့အကြုံရှိသူများက ဦးဆောင်ဆွေးနွေးမည်။ ဦးမြင့်ထွန်းနှင့်အဖွဲ့က စေတနာကို အခြေခံကာ စာပေမိတ်ဆွေများ စုပေါင်း၍ စာရေး၊ စာဖတ် မပြတ်လေ့လာရေး၊ စာအုပ်ဈေးပွဲတော်ကျင်းပရေး၊ စာအုပ်ဖြန့်ချိပုံနှိပ်ရေးများအတွက် လှုံ့လဝီရိယစိုက်ထုတ်ခြင်းဖြစ်၍ ကြိုဆိုလိုက်ပါသည်။

ပါမောက္ခဒေါက်တာအောင်ထွန်းသက်

ဆရာကြီး ပါမောက္ခဒေါက်တာအောင်ထွန်းသက် အခန်းဆက်ရေးသားလျက်ရှိသော "ကျွန်တော်နဲ့. . . ." အခန်းဆက်ဆောင်းပါးများကို မြန်မာ့အလင်းနှင့် ကြေးမုံတွင် ဖတ်ရပြန်သည်။ အတွေ့အကြုံစုံသူ၊ စာတွေ့၊ လက်တွေ့ ရှင်းရှင်းလင်းလင်းရေးတတ်၊ ပြောတတ်သူ၊ ပညာရှင်ပီသသူအဖြစ် ဆရာကြီး၏ ဆောင်းပါးများက သက်သေခံသည်။ ဆရာကြီး၏ နမူနာယူပြီး ဆောင်းပါးတွေရေးနိုင်အောင် မနည်းကြိုးစားရဦးမည်။ လူငယ်တွေ ပို၍ကြိုးစား၊ ပို၍အားထုတ်၊ တိုင်းပြည်အတွက် အလုပ်လုပ်ကြစို့ဟု ဆရာကြီး၏ ဆောင်းပါးများဖတ်ရင်း တစ်ဆက်တည်းတိုက်တွန်းပါရစေ။

The Legal Affairs Magazine

မြန်မာဘာသာဖြင့် ထုတ်ဝေသော ဥပဒေမဂ္ဂဇင်း(The Legal Affairs Magazine) ကိုလည်းဖတ်ရသည်။ အတွဲ(၁) အမှတ်(၅)သို့တိုင် ရောက်ရှိခဲ့ပြီ။ ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များကို ဝိုင်းဝန်းဖော်ဆောင်ကြရန် ပြည်သူများအား တိုက်တွန်းထားသော "အယ်ဒီတာစကား"ကို ကြားနာဖတ်ရှုရသည်။ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ထုတ်ဝေသော ဥပဒေပညာဂျာနယ် (LAW JOURNAL)နှင့် မဏ္ဍိုင်စာတည်းအဖွဲ့က ထုတ်ဝေသော "မဏ္ဍိုင်" တရားဥပဒေမဂ္ဂဇင်းတို့သည်လည်း ဥပဒေလောကသားများ စဉ်ဆက်မပြတ် ဖတ်ရှုထိုက်ပါသည်။ ဖတ်ရုံမျှသာမက ဥပဒေပညာရှင်များ၊ တရားသူကြီး၊ ဥပဒေအရာရှိ၊ ရှေ့နေ၊ ရဲအရာရှိ၊ အုပ်ချုပ်ရေးဝန်ထမ်း စသည်စသည် အတွေ့အကြုံ၊ အတွေးအမြင်ဖလှယ်ထိုက်သည်။ စာရေးသင့်သည်။ ပညာဖြန့်ချိသင့်သည်။

ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း စွမ်းဆောင်ရည်အကဲဖြတ်အဖွဲ့

မြန်မာ့အလင်းနှင့် ကြေးမုံပါသတင်းများဖတ်ရင်း ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများစွမ်းဆောင်ရည်အကဲဖြတ်အဖွဲ့၏ ထုတ်ပြန်ကြေညာချက်ကိုပါ ဖတ်ရပြန်သည်။ ပွင့်လင်းမြင်သာမှု၏ သက်သေဖြစ်သည်။ ဤကြေညာချက်မျိုး ယခင်ကမဖတ်ရဖူး။ မရှိခဲ့ဖူး။ ယခု မိမိမျက်စိမိမိ နှစ်ခါပွတ်၍ဖတ်မိသည်အထိ။ ပြည်သူတွေအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ အရေးယူဆောင်ရွက်ချက်များကို သိအောင်ပြောပြီ။ ကြေညာပြီ။ သိသင့်၊ သိထိုက်၊ ပြောသင့်ပြောထိုက်သည်များဖြစ်ပါ၏။ နေရာတကာမှာ ထိပ်တန်းလျှို့ဝှက်၊ ထိပ်တန်းလျှို့ဝှက်ဟုဆိုကာ ပြည်သူထံပါးဝေးကွာသွားခဲ့သည်များအတွက် သမိုင်းသင်ခန်းစာ. . . ။

အများပြည်သူ့ဝန်ဆောင်မှု (Public Service)

အများပြည်သူ့ဝန်ဆောင်မှု (Public Service)ဟူသော စကားလုံးသည် လူထုအတွင်း ကျယ်လောင်လျက်ရှိသည်။ ပြန့်ပွားလျက်ရှိသည်။ စာရေးဆရာတစ်ယောက်၊ သတင်းစာဆရာတစ်ယောက်၊ ရှေ့နေတစ်ယောက်၊ အင်ဂျင်နီယာတစ်ယောက်. . စသည်စသည်ဖြင့် ကိုယ်တစ်ယောက်ချင်းက မည်မျှတာဝန်ကျေကြပြီလဲ။ သတင်းစာဖတ်ရင်း ပြန်တွေးကြည့်သည်။ပေတံနှင့်တိုင်းသည့်အလား။ စဉ်းစားစရာ။

စာရေးပါ စာဖတ်ပါ

တာဝန်အရ စာရေးရသည်။ ဝါသနာအရ စာရေးရသည်။ မည်သို့ပဲဖြစ်ဖြစ် စာရေးသည့်အလုပ်လုပ်ရသည်မှာ စိတ်ချမ်းသာပါသည်။ စေတနာပါသောစာဟုတ် မဟုတ်၊ စာက သက်သေခံပါသည်။ စာဖတ်ခြင်းအတွက် ဒင်္ဂါးမခဲ့လိုတော့ပါ။ စာဖတ်ပါ။ စာဖတ်သူသည်ပြည့်ဝသည်။ နှလုံးလှသည်။ လောကအသိ၊ အဆုံးမရှိ။

-နေပြည်တော်မိုးက တအေးအေး. . . . ။

-စာရေးစာဖတ် မပြတ်သေး . . . . ။

-ပြည်သူ့အရေး ဦးစားပေး . . . . ။

စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ဗဟာဗန္ဓုလပန်းခြံလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်ရှိ ဓမ္မာနွေလသဘုရားကျောင်းရှေ့ရှိ မော်တော်ယာဉ်များ ခေတ္တရပ်သည့် ကွက်လပ်နေရာတွင် ပလက်ဖောင်းများကို စည်ပင်ဝန်ထမ်းများက ပြုလုပ်ပေးနေစဉ်။ ကိုရဲ

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၂၃

ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ယာဉ်ကြောများသည် အမြဲပိတ်ဆို့ကျပ်တည်းလျက်ရှိနေသည်။ တစ်လမ်းမောင်းယာဉ်ကြောလမ်းပင်ဖြစ်သော်လည်း ယာဉ်မောင်းနှင်သူများသည် တစ်စီးနှင့်တစ်စီး ဖြတ်ကျော်ခြင်း၊ ပိတ်ဆို့ခြင်းများ၊ ကွေ့လမ်းယာဉ်များကို အခြားယာဉ်များက မသွားနိုင်အောင် ပိတ်ဆို့ခြင်း၊ အနေးယာဉ် ဆိုက်ကားများကလည်း အလယ်လမ်းကြောင်းမှ သွားလာခြင်းစသည့် ယာဉ်စည်းကမ်းမဲ့နေပေသည်။ ထိုနည်းတူ အင်းစိန်မြို့နယ်တွင်လည်း ဘုရင့်နောင်ဘက်မှ အင်းစိန်ဘက်သို့ မောင်းနှင်သည့် ကုန်တင်ယာဉ်ကြီးများ၊ ခရီးသည်တင်ယာဉ်များ၊ ကိုယ်ပိုင်မော်တော်ယာဉ်များသည် နှစ်လမ်းသွားယာဉ်လမ်းအား လေးလမ်းသွားဖြစ်အောင် တစ်စီးနှင့်တစ်စီး ပိတ်ဆို့မောင်းနှင်နေကြသည်။ သို့ဖြစ်၍ အင်းစိန်မြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့စု (၁၄)မှ ဒုရဲမှူးသန်းထိုက်ဦး၊ ရဲအုပ်သန်းဌေးနှင့်တပ်ဖွဲ့ဝင်များသည် အင်းစိန် ပေါက်တောမီးပွိုင့် လမ်းလေးခွဆုံမှနေ၍ မော်တော်ယာဉ်များ စနစ်တကျမောင်းနှင်နိုင်ရေးကို စက်တင်ဘာ ၂၁ ရက်က ဆောင်ရွက်လျက်ရှိနေသည်ကို တွေ့ရသည်။

အင်းစိန်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ကလည်း အောင်ဇေယျတံတားအဆင်းမှ ပေါက်တောမီးပွိုင့်အထိ ကွန်ကရစ်လမ်းခင်းခြင်း၊ လမ်းများချဲ့ထွင်ခြင်းများကို တစ်ပြိုင်နက် ဆောင်ရွက်နေသည်ကို တွေ့မြင်ရသည်။(အောက်ပုံ)

မြင့်ဦး(အင်းစိန်)

တောင်သူများအား ဓာတ်မြေဩဇာအခမဲ့ထောက်ပံ့

မိုးညှင်း စက်တင်ဘာ ၂၃

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မျိုးသန့်စပါးစိုက်ပျိုးသည့် တောင်သူများနှင့် သွင်းအားစုထည့်သွင်းရန် အခက်အခဲရှိသည့် တောင်သူများအား ယူရီးယားဓာတ်မြေဩဇာအခမဲ့ထောက်ပံ့ပေးအပ်ပွဲကို စက်တင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီခွဲက ဘီးလူးကျေးရွာအုပ်စုဓမ္မာရုံ၌ ကျင်းပရာ မိုးညှင်းမြို့နယ်အတွင်းရှိ ကျေးလက်တောင်သူ ၂၀၀ တက်ရောက်ကြသည်။

ထို့နောက် တောင်သူစွမ်းအား ကုမ္ပဏီလီမိတက်က တောင်သူ ၂၀၀ ဦးအား ယူရီးယားဓာတ်မြေဩဇာ အိတ် ၂၀၀ အခမဲ့ထောက်ပံ့ပေးခဲ့သည်။

အခမ်းအနားတွင် မိုးညှင်းမြို့နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းတင်အောင်နှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုးတို့က အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူးက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ရှင်းလင်းပြောကြားကာ အင်ကြင်းကုန်းကျေးရွာမှ တောင်သူဦးအောင်ဗလက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တောင်သူစွမ်းအား ကုမ္ပဏီအုပ်ချုပ်မှု ဒါရိုက်တာ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး၊ ကျေးရွာအုပ်စု ၁၂ အုပ်စုမှ အုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ တက်ရောက်ကြကြောင်း သိရသည်။

(မြန်မာ့အလင်း)

လူကုန်ကူးမှုအန္တရာယ် တစ်မျိုးသားလုံး ဝိုင်းဝန်းတားကွယ်

ကျန်းမာရေး အသိပညာပေး ဟောပြော

ပဲခူး စက်တင်ဘာ ၂၃

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့်ယဉ်ကျေးမှုအဖွဲ့၏ ကျန်းမာရေးပညာပေးဟောပြောပွဲကို ပဲခူးမြို့ ဇိုင်းဂနိုင်း(တောင်)ရပ်ကွက် နှစ်ကျိပ်ရှစ်ဆူ ဓမ္မာရုံတွင် စက်တင်ဘာ ၂၁ ရက် မွန်းလွဲ ၂ နာရီခွဲက ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ပညာပေးရေးအဖွဲ့ခေါင်းဆောင် တွဲဖက်ပါမောက္ခ ဒေါ်သက်ထားဝင်း၊ ကျန်းမာရေးအဖွဲ့ ခေါင်းဆောင် ဒေါက်တာ သန်းသန်းဦးနှင့် ဒေါက်တာ စုစုနှင်းတို့က အသီးသီးဟောပြောခဲ့ကြသည်။(ယာပုံ)

ဟောပြောပွဲအပြီးတွင် အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဆရာဝန်များက သွေးချို၊ ဆီးချိုနှင့် သွေးတိုးရောဂါရှင်များကို ဆေးဝါးကုသဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၁၈၃)

ပြည်တွင်းသတင်း

Peace Music Concert 2013 Myanmar တေးဂီတဖျော်ဖြေပွဲကျင်းပ ငြိမ်းချမ်းရေးကို တစ်ဦး၊ တစ်ယောက်၊ တစ်ဖွဲ့က လုပ်၍မရ အားလုံးပူးပေါင်းဆောင်ရွက်မှ ရနိုင်မည်

ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ Peace Music Concert 2013 Myanmar တေးဂီတ ဖျော်ဖြေပွဲကျင်းပစဉ်။
(သတင်းစဉ်)

ရန်ကုန် စက်တင်ဘာ ၂၃

ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းသည် ယနေ့ ည ၇ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ Peace Music Group မှ ကြီးမှူးကျင်းပသည့် Peace Music Concert 2013 Myanmar တေးဂီတဖျော်ဖြေပွဲသို့ တက်ရောက် အားပေးချီးမြှင့်ပြီး အမှာစကား ပြောကြားသည်။

တေးဂီတဖျော်ဖြေပွဲသို့ တိုင်းဒေသကြီးဝန်ကြီး၊ Myanmar Peace Center မှ တာဝန်ရှိသူများ၊ သံတမန်များ၊ ဖိတ်ကြားထားသူများနှင့် ပြည်သူများ တက်ရောက်ကြသည်။

တေးဂီတဖျော်ဖြေတင်ဆက်ပွဲကို ရှေးဦးစွာ နိုင်ငံတော်သီချင်းဖြင့် သီဆိုတီးမှုတ်ဖွင့်လှစ်သည်။

ထို့နောက် ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်း ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ယနေ့ ကျင်းပသည့်ပွဲသည် စက်တင်ဘာ ၂၈ ရက်တွင်ကျရောက်မည့် World Peace Day အထိမ်းအမှတ်အဖြစ် ကျင်းပခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၌လည်း ရန်ကုန်၊ မန္တလေး၊ တောင်ကြီးမြို့များ၌ကျင်းပခဲ့ပြီး ကမ္ဘာအနှံ့၌လည်း အထိမ်းအမှတ်ပွဲများ ကျင်းပခဲ့ကြောင်း၊ ထို့ကြောင့် ငြိမ်းချမ်းရေးကို တစ်ကမ္ဘာလုံးက လိုလားသည်ကို ထုတ်ဖော်ပြသရာရောက်ကြောင်း၊ ငြိမ်းချမ်းရေးကို တစ်ဦး၊ တစ်ယောက်၊ တစ်ဖွဲ့က လုပ်၍မရကြောင်း၊ အားလုံးပူးပေါင်းဆောင်ရွက်မှ ရနိုင်မည်ဖြစ်ကြောင်းဖြင့် အမှာစကားပြောကြားသည်။

ထို့နောက် Peace Music Group မှ နာယက ဦးမောင်မောင်လှနှင့် ၈၈ မျိုးဆက်(ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း)မှ ဦးမင်းကိုနိုင်တို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် တေးသံရှင်များဖြစ်ကြသော စောဖိုးခွား၊ မီးမီးခဲ၊ လင်းထက်၊ ဒယ်နီရယ်စောနှင့် ဇင်ဇင်ထွန်းတို့က တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

(သတင်းစဉ်)

လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

နေပြည်တော် စက်တင်ဘာ ၂၃

ဂျပန်နိုင်ငံ အထက်လွှတ်တော်အမတ် Ms. Eriko Yamatani ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် လွှတ်တော်ဝင်းအတွင်းရှိ လွှတ်တော်အဆောက်အအုံများကို လာရောက်လေ့လာကြည့်ရှုခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (သတ္တမနေ့)ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၃

ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (သတ္တမနေ့) ကို တိုင်းဒေသကြီးလွှတ်တော်၌ ယနေ့ နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် လွှတ်တော်ကိုယ်စားလှယ် ၁၁၁ ဦး တက်ရောက်ကြသည်။

ဆက်လက်ဆွေးနွေးရန်ဆုံးဖြတ်

အစည်းအဝေးတွင် မေးခွန်းများကို ဖြေကြားခြင်း၊ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေး ဥပဒေကြမ်းအား အကြံပြုဆွေးနွေးခြင်း၊ မပြီးပြတ်သေးသော ဥပဒေကြမ်းအစိတ်အပိုင်းများအား အဌမနေ့အစည်းအဝေးတွင် ဆက်လက်ဆွေးနွေးရန် ဆုံးဖြတ်ခြင်းတို့ကို ဆောင်ရွက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ ဘရူနိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် စက်တင်ဘာ ၂၃

ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ၌ ကျင်းပသည့် (၃၄) ကြိမ်မြောက် အာဆီယံပါလီမန်များ၏ အထွေထွေညီလာခံသို့ တက်ရောက်ခဲ့သော ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာစိုးရင် ခေါင်းဆောင်သော လွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညပိုင်းတွင်လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

ကျန်းမာရေးအခြေအနေကောင်းမွန်လာသော ကိုဝင်းဇော်ဦး ရန်ကုန်မြို့သို့ပြန်လာမည်

ရန်ကုန် စက်တင်ဘာ ၂၃

နတ်မောက်မြို့နယ် ထုံးပေါက်ချိုင်းကျေးရွာမှ အရပ် ၇ ပေ ၁၀ လက်မရှိသော ကိုဝင်းဇော်ဦးတွင် ခံစားနေရသည့် အခရိုမက်ဂလီ (Acromegaly) ရောဂါ ကုသပေးရန်အတွက် အသည်းအထူးကု ဆရာဝန်ကြီး ပါမောက္ခဦးခင်မောင်ဝင်းက ဇွန် ၃၀ ရက်တွင် နတ်မောက်မြို့မှ ရန်ကုန်မြို့သို့ ခေါ်ယူခဲ့ကြောင်း သတင်းဖော်ပြပြီးဖြစ်သည်။

ကိုဝင်းဇော်ဦးကို လိုအပ်သည့် ဆေးစစ်မှုများကို ရန်ကုန်မြို့ရှိ Novel Square ဆေးရုံနှင့် ပင်လုံဆေးရုံတို့တွင် ပြုလုပ်ပြီးနောက် ဇူလိုင် ၁၅ ရက်တွင် ဆေးကုသမှုခံယူရန် စင်ကာပူနိုင်ငံသို့ ထွက်ခွာခဲ့သည်။ စင်ကာပူနိုင်ငံ အထွေထွေရောဂါကု ဆေးရုံကြီးတွင် လိုအပ်သည်များကို ထပ်မံစစ်ဆေးပြီးနောက် ပါမောက္ခဦးခင်မောင်ဝင်းနှင့် စင်ကာပူဆေးရုံကြီးမှ ပါမောက္ခများ ညှိနှိုင်းပြီး ကိုဝင်းဇော်ဦးကို စက်တင်ဘာ ၃ ရက်တွင် ရှစ်နာရီကြာသည့် ခွဲစိတ်မှုကို အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့သည်။ ကိုဝင်းဇော်ဦးကို စင်ကာပူ ဆေးရုံကြီးတွင် စောင့်ရှောက်ပေးပြီးနောက် နောက်ဆက်တွဲဆိုးကျိုး များမရှိတော့သည့်အတွက် စက်တင်ဘာ ၁၆ ရက်တွင် ဆေးရုံမှဆင်းခွင့်ပေးခဲ့သည်။

ကိုဝင်းဇော်ဦး၏ ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လာပြီဖြစ်၍ ပါမောက္ခဦးခင်မောင်ဝင်း၏ ဇနီး ဒေါက်တာဒေါ်ခင်လေးရီ ဦးဆောင်၍ စက်တင်ဘာ ၂၆ ရက်တွင် စင်ကာပူမှ Golden Myanmar လေကြောင်းဖြင့် မြန်မာနိုင်ငံသို့ပြန်လာမည်ဖြစ်ပြီး မင်္ဂလာဒုံလေဆိပ်သို့ ယင်းနေ့ ညနေ ၅ နာရီ ၅ မိနစ်တွင် ရောက်ရှိမည်ဖြစ်သည်။

ပြန်လည်ရောက်ရှိသည့်အချိန်တွင် ကိုဝင်းဇော်ဦးကို "Save Win Zaw Oo Group"မှ ဦးဆောင်၍ လိုက်လံ့စွာ ကြိုဆိုကြမည်ဖြစ်ပြီး ပါမောက္ခဦးခင်မောင်ဝင်းက လေဆိပ်၌ သတင်း၊ မီဒီယာများအား သတင်းစာရှင်းလင်းပွဲတစ်ရပ် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ပြင်ဆင်ဖတ်ရှုပါရန်

၂၃-၉-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၇ ၌ ပါရှိသော ကျွန်တော်နဲ့ကောင်းမွန်သောစီမံအုပ်ချုပ်မှုဆောင်းပါး ကော်လံ ၂ ၌ **Resource Course** အစား **Resource Curse** ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(မြန်မာ့အလင်း)**

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်သက်ပိုင်စိုး၏ Passport No. M-၇၂၇၁၂ စာအုပ်မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၁၁၅၆၃၇

Taxi ကားသစ်ငှားမည်

Probox ကားသစ်၊ နံနက် ၆-ည ၉၊ စပေါ်ငွေ ကျပ်သုံးသိန်း၊ အုံနာခ ကျပ်တစ်သောင်း၊ တောင်ဥက္ကလာ။
ဖုန်း-၀၉-၅၀၂၀၃၈၀၊ ၀၁-၅၆၁၉၇၀

ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက (၁)၊ တက္ကသိုလ်ဝင်တန်း(B)မှ မောင်မြင့်မြတ်သူ၏ ဖခင်အမည်မှန်မှာ ဦးအောင်သိန်း ၁၃/တကန(နိုင်)၁၅၁၃၃၅ ဖြစ်ပါသည်။
ဦးအောင်သိန်း

ပြည်တွင်းသတင်း

ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောကို နှစ် ၃၀ အခမဲ့အသုံးပြုခွင့်ပေးထား ထွက်ရှိလာမည့် သစ်တောထွက်ပစ္စည်းများကို ကိုယ်တိုင်သုံးစွဲ ထုတ်လုပ်ရောင်းချနိုင်

ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း ရှောင်မြို့နယ် ယကြီးကျေးရွာ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောဧက ၆၆၀ သို့သွားရောက်၍ အသုံးပြုသူများ၊ အဖွဲ့ဝင်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၂၃

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းသည် စက်တင်ဘာ၂၁ ရက်မှ ၂၂ ရက်အထိ ရှမ်းပြည်နယ် တောင်ကြီးခရိုင်အတွင်းရှိ သစ်တောစိုက်ခင်းများ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ၊ သစ်တောသုတေသနနှင့် ရေဝေရေလဲအုပ်ချုပ်ရေးစခန်းများအား ကြည့်ရှုစစ်ဆေးခဲ့သည်။ စက်တင်ဘာ ၂၂ ရက်နံနက်ပိုင်းတွင် တောင်ကြီးမြို့ ရှမ်းပြည်နယ် သစ်တောဦးစီးဌာန အစည်းအဝေးခန်းမ၌ သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းတို့မှ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် အရာထမ်း၊ အမှုထမ်းများအားတွေ့ဆုံ၍ ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိရာ ဝန်ထမ်းများအနေဖြင့် ပြည်သူများ၏ ဆန္ဒနှင့် လိုလားချက်များကို ဖြည့်ဆည်းပေးရာတွင် အချိန်တိုအတွင်း ထိရောက်အောင်မြင်မှု Quick Win ရရှိရေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

စက်တင်ဘာ ၂၁ ရက်က ရှမ်းပြည်နယ် တောင်ကြီးခရိုင် သစ်တောဦးစီးဌာန တောင်လေးလုံး သစ်တောသုတေသနစခန်း၌ ကြည့်ရှုပြီး တောင်လေးလုံး အမြဲတမ်းပျိုးဥယျာဉ်အတွင်း ပျိုးထောင်ထားရှိသော ခါတော်မီ၊ ထင်းရှူး၊ ရေသင်းဝင်၊ မဲဇလီသစ်မျိုးများနှင့် ဒေသခံများအတွက် နှစ်ရှည်သီးနှံပင်များဖြစ်သည့် ထောပတ်၊ ပိန္နဲ၊ တည်း၊ ပင်စိမ်း စသည့် ပျိုးပင်များကိုလည်းကောင်း၊ သစ်တောသုတေသနဌာန၏ ထင်းရှူးစမ်းသပ်ကွက်များ၊ ၂၀၀၈ ခုနှစ် စီးပွားရေး ထင်းရှူးစိုက်ခင်းဧက ၅၀ နှင့် ဒေသခံပြည်သူများ၏သီးနှံသစ်တော ရောနှောစိုက်ပျိုးထားရှိမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်ရာတွင် ယာသီးနှံများ စိုက်ပျိုးနိုင်ရေးအတွက် သီးနှံသစ်တောရောနှောစနစ်ဖြင့် သရုပ်ပြ စိုက်ပျိုးပြသသွားရန် ဒေသခံများ၏ အကျိုးစီးပွားကို အထောက်အကူပြုပြီး သစ်တောသစ်ပင်များ ပြန်လည်ဖြစ်ထွန်းစေရန်၊ လိုအပ်သည့်ပျိုးပင်နှင့် နည်းပညာအကူအညီများ ပံ့ပိုးပေးရန်နှင့် ဒေသခံများ၏အခြေခံလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သော သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစနစ်ကသာ သစ်တောများရေရှည်တည်တံ့စေမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက မှာကြားသည်။

ထို့နောက် တောင်ကြီးခရိုင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှောင်မြို့နယ် မင်းတိုင်ပင် ရေဝေရေလဲ သစ်တောစခန်းသို့ ရောက်ရှိကာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးထူးကိုကို၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်သိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ လိုက်ပါလျက် ရှောင်မြို့နယ် မြင်းကျဒိုးကျေးရွာအုပ်စု ညောင်ပင်ခွကျေးရွာ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော ၇၅ ဧကနှင့် ယကြီးကျေးရွာ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောဧက ၆၆၀ တို့သို့ သွားရောက်၍ အသုံးပြုသူများ၊ အဖွဲ့ဝင်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောကို နှစ်၃၀ အခမဲ့ အသုံးပြုခွင့်ပေးထားပြီး ဆက်လက်သက်တမ်းတိုးမြှင့်ခွင့်ရှိကြောင်း၊ ထွက်ရှိလာမည့် သစ်၊ တိုင်၊ မျော စသည့် သစ်တောထွက်ပစ္စည်းများကို ကိုယ်တိုင် သုံးစွဲထုတ်လုပ်ရောင်းချနိုင်ကြောင်း၊ သဘာဝတောများကို စနစ်တကျထိန်းသိမ်းထားခြင်းအားဖြင့် သစ်တောထွက်ပစ္စည်းများရရှိရုံသာမက သန့်ရှင်းသောရေ၊ သန့်စင်သောလေထုကို လက်တွေ့ရရှိခံစားနေရသည်ကို တွေ့မြင်နေရပြီဖြစ်ကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ခရီးသည်ယာဉ်တစ်စီးအရှိန်လွန်၍ ချောက်ကမ်းပါးတင်

ရန်ကုန် စက်တင်ဘာ ၂၃

သတင်း - မောင်စိန်လွင် (မြန်မာ့အလင်း)
ဓာတ်ပုံ - သိန်းစိုး (ကလေး)

မန္တလေး - ကလေးလမ်းပိုင်း ပုံတောင်ပုံညာကြား ကျောကျေးရွာအနီးတွင် စက်တင်ဘာ ၁၉ ရက် မွန်းလွဲပိုင်းက ခရီးသည်တင်ပို့ဆောင်ရေးယာဉ်တစ်စီး လမ်းပေါ်ချောက်တစ်ခုကို ကွင်းမောင်းရာမှ အရှိန်လွန်ပြီး ချောက်ကမ်းပါးပေါ်တွင် ချိတ်တင်နေမှုဖြစ်ပေါ်ခဲ့သည်။ ဖြစ်စဉ်မှာ စက်တင်ဘာ ၁၉ ရက်နံနက်က မန္တလေးမှ ကလေးသို့သွားသည့် ရွှေသဇင်ခရီးသည်ပို့ဆောင်ရေး ယာဉ်အမှတ် ၁၈/ . . . သည် လမ်းပိုင်း ပုံတောင်ပုံညာကြားတွင် ခရီးသည် ၂၀ ကျော်ကို တင်ဆောင်ပြီး ကလေးမြို့သို့သွားစဉ် လမ်းပေါ်ရှိ ကြီးမားသည့် ချောက်တစ်ခုကို ကွေ့ဝိုက်ရာမှ အရှိန်လွန်ပြီး လမ်းဘေးဝဲဘက်ရှိ ချောက်ကမ်းပါးတစ်ခုနှင့် မေးချိတ်တင်နေခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

၄င်းရွှေသဇင်ခရီးသည် ပို့ဆောင်ရေးယာဉ်ပေါ်တွင် ခရီးသွားပြည်သူ ၂၆ ဦး လိုက်ပါလာပြီး ခရီးသည် တစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာမရခဲ့ကြောင်း သိရသည်။

ဝိုင်းဝန်းထိုးကြိတ် ရိုက်နှက်ထွက်ပြေးသွားသူများအား ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၂၃

စက်တင်ဘာ ၂၁ ရက် ည ၈နာရီခန့်တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် သီတာရပ်ကွက် "ရွှေဝါဝင်း" ကဖီးနှင့် အအေးဆိုင်၌ ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာနေ အောင်မျိုးမြင့် (၂၀ နှစ်) သည် သူငယ်ချင်းများနှင့်အတူ အအေးသောက်နေစဉ် ၄င်းတို့နှင့် မျက်နှာချင်းဆိုင်ဝိုင်းရှိ လူငယ်သုံးဦးနှင့် အမျိုးသမီးတစ်ဦးတို့မှ "ရုပ်တွေကိုက ကြည့်လို့ကိုမရဘူး၊ တောသားရုပ်တွေ" ဟု စောင်းမြောင်းပြောဆိုနေသဖြင့် အောင်မျိုးမြင့်က မိန်းကလေးများအား ပြန်ခိုင်းပြီး စီတာပူရပ်ကွက်နေ သူငယ်ချင်းများထံ ဖုန်းဆက်ခေါ်ခဲ့ရာ မောင်အေးရှမ်း(ခ) အောင်ကျော်ဖြိုးပါ သုံးဦး ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာ၍ ၄င်းတို့ငါးဦးအတူ ဆိုင်မှပြန်လာခဲ့ကြောင်း။

အမှုဖွင့်စစ်ဆေး

ထိုသို့ပြန်လာစဉ် သီတာရပ်ကွက် ယဉ်ကျေးမှုပြတိုက်လမ်းဆုံအရောက်တွင် ဆိုင်အတွင်း၌ စောင်းမြောင်းပြောဆိုခဲ့သူ အမျိုးသားသုံးဦးနှင့် အမျိုးသမီးတစ်ဦးတို့နောက်မှ လမ်းလျှောက်လိုက်လာသည်ကိုတွေ့ရှိရ၍ အောင်မျိုးမြင့်ပါ ငါးဦးမှ ဆိုင်ကယ်များရပ်ပြီး စောင့်ဆိုင်းနေစဉ် ဆိုင်အတွင်းမှ ထွက်လာသူ အမျိုးသားသုံးဦးမှ အောင်မျိုးမြင့်တို့အဖွဲ့အား ဝိုင်းဝန်းထိုးကြိတ်ရိုက်နှက်၍ တကွဲတပြားစီထွက်ပြေးသွားခဲ့ကြောင်း၊ ဝိုင်းဝန်းထိုးကြိတ် ရိုက်နှက်ခံရမှုကြောင့် နေသူမြင့်တွင် ဦးခေါင်းနောက်စေ့ ပြတ်ရှဒဏ်ရာ တစ်ချက်၊ အေးရှမ်း(ခ) အောင်ကျော်ဖြိုးတွင်ရင်ဘတ်ဝဲဘက်ပြတ်ရှဒဏ်ရာ တစ်ချက်၊ ဝဲလက်ကောက်ဝတ် ပြတ်ရှဒဏ်ရာ တစ်ချက်တို့ရရှိခဲ့သဖြင့် အောင်မျိုးမြင့်က အရေးယူပေးရန် တိုင်တန်းခဲ့ရာ မြစ်ကြီးနားမြို့မရဲစခန်းက (ပ) ၁၁၇/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၂၆/ ၁၁၄ ဖြင့် အမှုဖွင့်စစ်ဆေးခဲ့ကြောင်း။

ထိုသို့စစ်ဆေးနေစဉ် ဒဏ်ရာရရှိသူ အေးရှမ်း(ခ) အောင်ကျော်ဖြိုးသည် မြစ်ကြီးနားမြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ဆေးဝါးကုသမှုခံယူနေရာမှ ရရှိသောဒဏ်ရာများဖြင့် သေဆုံးသွားခဲ့သောကြောင့် ပြစ်မှုပုဒ်မ ၃၂၆/ ၁၁၄မှ ၃၀၂/ ၃၂၆/၁၁၄သို့ ပြောင်းလဲအရေးယူခဲ့ပြီး ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်ခဲ့ရာ "ရွှေဝါဝင်း" ကဖေးနှင့် အအေးဆိုင်အတွင်း အောင်မျိုးမြင့်တို့အား စောင်းမြောင်းပြောဆိုခဲ့သူများမှာ အောင်ပြည့်သူ၊ သူရိန်မြင့်၊ ကတုံးနှင့် မြစ်ကြီးနားမြို့ ဇရာရပ်ကွက်နေ မသီတာစန်း(၁၇ နှစ်) တို့ဖြစ်ကြောင်း စုံစမ်းသိရှိခဲ့ရသည်။

မသီတာစန်းအား စစ်ဆေးချက်အရ အောင်မျိုးမြင့်တို့အား ဝိုင်းဝန်းထိုးကြိတ် ရိုက်နှက်သူများမှာ အောင်ပြည့်သူ၊ သူရိန်မြင့်နှင့် ကတုံးတို့သုံးဦးဖြစ်ပြီး ရန်ပူရပ်ကွက်တွင်နေထိုင်ကြောင်း သိရှိရ၍ မြစ်ကြီးနားမြို့ရဲစခန်းမှ တပ်ဖွဲ့ဝင်များက ရန်ပူရပ်ကွက် အုပ်ချုပ်ရေးမှူးအဖွဲ့နှင့်ပူးပေါင်း၍ ရှာဖွေဖမ်းဆီးခဲ့ရာ စက်တင်ဘာ ၂၂ ရက် နံနက် ၁ နာရီခွဲတွင် ပြစ်မှုကျူးလွန်သူ သူရိန်မြင့်(ခ) အုန်းမွှေးလုံး(၁၉ နှစ်) နှင့် အောင်ပြည့်သူ (ခ)အငယ်ကောင်(၁၉ နှစ်)တို့ နှစ်ဦးအား ရန်ပူရပ်ကွက် နယ်မြေ (၁၆)ရှိ ၄င်းတို့၏နေအိမ်မှ လည်းကောင်း၊ ကျော်သူဝင်း(ခ) ကတုံး (၁၈နှစ်) အား ရန်ပူရပ်ကွက် နယ်မြေ (၈)ရှိ ၄င်း၏နေအိမ်မှ လည်းကောင်း အခင်းဖြစ်စဉ် ကိုင်ဆောင်ခဲ့သည့် ဓားနှစ်ချောင်းနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

(ရဲပြန်ကြား)

သင်္ဘောနှစ်စင်းပွတ်တိုက်မိ၍ တစ်စင်းနစ်မြုပ်

နေပြည်တော် စက်တင်ဘာ ၂၃

စက်တင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်က ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ရွာသစ်ကျေးရွာအနီး ပန်းလှိုင်မြစ်အတွင်း ရေယာဉ်နှစ်စင်းတိုက်မိနစ်မြုပ်ကြောင်း သတင်းအရ ညောင်တုန်းနယ်မြေ ရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့သည်။ ထိုသို့စစ်ဆေးရာ မြောင်းမြမြို့နယ် ဘုရားချောင်းကျေးရွာနေ ရေယာဉ်အုပ် ဦးတင်ငွေ (၆၂ နှစ်) မောင်းနှင်ပြီး ရေယာဉ်လုပ်သား ခုနစ်ဦး လိုက်ပါလာသည့် အလျားပေ ၆၀၊ အနံ ၁၉ ပေ၊ အမြင့် ၉ ပေရှိ "ဇေယျာမောင်" တွန်းသင်္ဘော၊ သစ်သားခွံ အမှတ်(၉၄၀၀) သည် စီပီတွဲအမှတ်(၁၁၈၂) နှင့် (၀၀၄)တို့အားတွဲ၍ ရန်ကုန်တိုင်းဒေသကြီးမှ ညောင်တုန်းဘက်သို့ မောင်းနှင်လာစဉ် အလျားပေ ၂၁၀၊ အနံပေ ၅၀၊ အမြင့် ၁၁ ပေရှိ စီပီတွဲနှင့် သံခွံအမှတ်(၅၂၀) ကို ကျောက်စရစ် ၂၇၆ တင်း တင်ဆောင်၍ မင်းလှမြို့မှ ရန်ကုန်တိုင်းဒေသကြီးဘက်သို့ မန္တလေးတိုင်းဒေသကြီး စိန်ပန်းရပ်ကွက်နေ ရေယာဉ်အုပ်ဦးအောင်ဆင့်(၅၉နှစ်) မောင်းနှင်ပြီး ရေယာဉ်လုပ်သား ခုနစ်ဦး လိုက်ပါလာသည့် အလျား ၇၉ ပေ၊ အနံ ၁၇ ပေ၊ အမြင့် ၆ ပေရှိ "သူရိန်ကျော်စိုးဝင်း(၃)" တွန်းသင်္ဘောနှင့် ပွတ်တိုက်မိ၍ "ဇေယျာမောင်" တွန်းသင်္ဘော၏ ဝမ်းဗိုက်ကွဲပြီး ပန်းလှိုင်မြစ်အတွင်းသို့ နစ်မြုပ်သွားခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရှိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ရေယာဉ်များအား မဆင်မခြင် မောင်းနှင်သူ ဦးအောင်ဆင့်နှင့် ဦးတင်ငွေတို့နှစ်ဦးအား မဲဇလီနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရှိရသည်။

(ရဲပြန်ကြား)

စမ်းချောင်းမြို့နယ် ပဒုမ္မာလမ်းတွင် စိန်ပန်းပင်လဲကျ

ရန်ကုန် စက်တင်ဘာ ၂၃

စက်တင်ဘာ ၂၂ ရက် နံနက် ၇ နာရီခန့်က စမ်းချောင်းမြို့နယ် ရှင်စောပုရပ်ကွက် ပဒုမ္မာလမ်း ပဒုမ္မာအားကစားကွင်း သက်သာဆိုင်ခန်းအမှတ် (၂၄)ရှေ့တွင် လုံးပတ် လေးပေ၊ အမြင့်ပေ ၄၀ ခန့်ရှိ စိန်ပန်းပင်မှာ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ပြိုလဲခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

သစ်ပင်လဲကျမှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိသော်လည်း လမ်းဘေးတွင်သွယ်တန်းထားသော ကွန်ကရစ်လျှပ်စစ်မီးတိုင် ခြောက်တိုင်ကျိုးကျပျက်စီးခဲ့ပြီး အနီးတွင်ရပ်ထားခဲ့ကြသည့် တောင်းအော့စ် အဖြူရောင်ယာဉ်နှင့် Hi Ace အသားရောင်ယာဉ်တို့၏အမိုးများ ပိန်ချိုင့်ပျက်စီးခဲ့ကာ Fielder အမျိုးအစား အဖြူရောင်ယာဉ်၏ ရှေ့ ဘောနက်အဖုံးမှာလည်း ပိန်ချိုင့်ပျက်စီးခဲ့သည်။

အဆိုပါနေရာသို့ စမ်းချောင်းမြို့နယ် ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်အုပ်ချုပ်ရေးမှူး နှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့တို့မှ ရောက်ရှိ ဖယ်ရှားရှင်းလင်းခဲ့ကြသဖြင့် နံနက် ၁၀ နာရီခွဲတွင် ဖယ်ရှားရှင်းလင်းပြီးစီးခဲ့ကြောင်း သိရသည်။

စိုးဝင်း - SP

ခရီးသွားပြည်သူများ အဆင့်မြင့်မြင့်စီးနင်းနိုင်စေရန် ရည်ရွယ်
RBE အဲယားကွန်းရထား အောက်တိုဘာလတွင် စတင်ပြေးဆွဲမည်

နေပြည်တော် စက်တင်ဘာ ၂၃

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးသည် စက်တင်ဘာ ၂၁ ရက် မွန်းလွဲပိုင်းတွင် တိုးကြောင် ကလေးဘူတာသို့ရောက်ရှိပြီး ဒဂုံတက္ကသိုလ်နှင့်သန်လျင်ရှိ အရှေ့ပိုင်းတက္ကသိုလ်ဘူတာများအထိ RBE ရထားဖြင့် ရထားလမ်းတစ်လျှောက် လမ်းပိုင်းတွင် မြေနိမ့်ကျွံမှုများအား သဲကြမ်းထည့်သွင်း လမ်းမြှောက်ပက်ကင်ရိုက် ပြုပြင်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

စက်တင်ဘာ ၂၂ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းတွင် မကြာမီပြေးဆွဲတော့မည့် RBE အဲယားကွန်းရထားတွဲများ ပြုပြင်ပြီးစီးမှုနှင့် အိန္ဒိယနိုင်ငံမှ မှာယူရောက်ရှိလာသော လေအေးပေးစက်တပ်ဆင်ထားသည့် လူစီးတွဲ ၁၀ တွဲနှင့် အိပ်စင်တွဲ ၁၀ တို့အား လိုက်လံကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**RBE အဲယားကွန်းရထားတွင် တွဲငါးတွဲပါရှိမည်ဖြစ်ပြီး အထက်တန်းထိုင်ခုံ စုစုပေါင်း ၃၃၂ ခုံပါရှိမည်ဖြစ်သည်။ တွဲတစ်တွဲတွင် အဲယားကွန်းလေးလုံးဖြင့် ငါးတွဲအတွက် အလုံး ၂၀ ပါရှိမည်ဖြစ်သည်။ ခရီးသွားပြည်သူများ အဆင့်မြင့်မြင့် စီးနင်းနိုင်စေရန် ရည်ရွယ်၍ လာမည့်အောက်တိုဘာလတွင် စတင်ပြေးဆွဲတော့မည် ဖြစ်သည်။

အိန္ဒိယမှ မှာယူရောက်ရှိလာသော လေအေးပေးစက်တပ်ဆင်ထားသော လူစီးတွဲ ၁၀ တွဲတွင် တစ်တွဲ၌ အထက်တန်းထိုင်ခုံ ၄၀ ပါရှိပြီး အိပ်စင်တွဲ ၁၀ တွဲတွင် တစ်တွဲ၌ အိပ်စင် ၂၇ လုံးပါရှိမည်ဖြစ်သည်။ အဆိုပါတွဲများကို မြန်မာ့မီးရထားတွဲဆိုင်းများတွင် ချိတ်ဆက်၍အဆင့်မြှင့်တင်ပြေးဆွဲသွားမည်ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် RBE ရထားဖြင့် ရန်ကုန်ဘူတာကြီးမှ လက်ယာရစ်

မြို့ပတ် ရထားလမ်းတစ်လျှောက် သန့်ရှင်းရေး ဆောင်ရွက်ထားရှိမှုများ၊ လမ်းပိုင်းကြံ့ခိုင်ရေးဆောင်ရွက်ထားရှိမှု၊ ဘူတာများ၏ ဥပဓိရုပ်ကောင်းမွန်စေရေး ဆောင်ရွက်ထားရှိမှုများကို စစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

◆ ရှေ့ဖုံးမှ

လာရောက်လေ့လာခြင်းဖြစ်ပါကြောင်း၊ ဂျပန်နိုင်ငံက မြန်မာနိုင်ငံအတွက် တရားဝင်ဖွံ့ဖြိုးမှုအကူအညီ ODA ချေးငွေဒေါ်လာ ၅ ဘီလီယံအား အသစ်စတင်ပေးအပ်ခဲ့ပါကြောင်း ဆွေးနွေးပြောကြားသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မြန်မာနိုင်ငံ၌ ဂျပန်နိုင်ငံ အပါအဝင် နိုင်ငံများစွာမှ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် ကြိုးပမ်းဆောင်ရွက်နေမှု၊ သီလဝါ အထူးစီးပွားရေးဇုန်စီမံကိန်း၊ ရန်ကုန်ရေပေးဝေရေး၊ လျှပ်စစ်မီးရရှိရေးလုပ်ငန်းများအား ဂျပန်နိုင်ငံအကူအညီဖြင့် ဆောင်ရွက်နေမှု၊ ရန်ကုန်-နေပြည်တော်-မန္တလေးရထားလမ်း အဆင့်မြှင့်တင်ရေးလုပ်ငန်း၊ တံတားဦးလေဆိပ်၊ ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းတို့တွင် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ ဒေါက်တာ ဖေသက်ခင်၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ဂျပန်အထက်လွှတ်တော်အမတ် ဦးဆောင်သော အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး တက်ရောက်ခဲ့သည်။ **(သတင်းစဉ်)**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

သိမ်ဖြူလမ်းနှင့်မဟာဗန္ဓုလလမ်းဆုံ မီးပွိုင့်တွင် ယာဉ်လေးစီးတိုက်မှုဖြစ်ပွား

ရန်ကုန် စက်တင်ဘာ ၂၃

ရန်ကုန်တိုင်း ဒေသကြီး ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းနှင့် မဟာဗန္ဓုလလမ်းဆုံမီးပွိုင့်တွင် စက်တင်ဘာ ၂၃ရက် နံနက် ၉ နာရီ ၃၅ မိနစ်ခန့်က မှန်လုံယာဉ်အမှတ်(၂၁၀)နှင့် မှန်လုံယာဉ်(၃၃)ယာဉ်ကြီး နှစ်စီး မီးပွိုင့်အလယ်တွင်တိုက်မိပြီး

တက္ကစီတစ်စီးနှင့် ကိုယ်ပိုင်ယာဉ်တစ်စီးကို ထပ်မံတိုက်မိ၍ ယာဉ်လေးစီးတိုက်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ ဆူးလေဘုရားဘက်မှ မဟာဗန္ဓုလလမ်းအတိုင်း ခရီးသည် ၃၅ ဦးခန့်တင်ဆောင်လာသော ရာဇာလင်း(၂၇နှစ်) မောင်းနှင်လာသည့် ၂၈/. . . အမှတ်(၃၃) မှန်လုံယာဉ်သည် မီးပွိုင့်ပျက်နေသော သိမ်ဖြူလမ်းနှင့် မဟာဗန္ဓုလလမ်းဆုံမီးပွိုင့်အရောက်တွင် သိမ်ဖြူလမ်းမှ မောင်းနှင်လာသော လ/. . . အောင်ကျော်မျိုး (၃၂ နှစ်) အမှတ်(၂၁၀) မှန်လုံယာဉ် မှာ ခရီးသည် ၇၀ ခန့်တင်ဆောင်၍ မောင်းနှင်လာစဉ် မီးပွိုင့်အလယ်တွင် တိုက်မိပြီး YMCA ရုံးဘေးပလက်ဖောင်းပေါ်ရှိ သစ်ပင်နှင့် တိုက်မိကာ အမှတ်(၂၁၀)ယာဉ်မှာ ရပ်တန့်သွားရာ **(ဝဲပုံ)** အမှတ်(၃၃) ယာဉ်မှာလည်း အမှတ်(၂၁၀) ယာဉ်ဘေးတွင် ရပ်တန့်သွား၍ ၂ဃ/. . . CALDINA တက္ကစီယာဉ်မှာ ဦးခေါင်းဘယ်ဘက်ခြမ်းနှင့် 7D/.... HONDAFID ကိုယ်ပိုင်ယာဉ်မှာ ဦးခေါင်းညာဘက်ခြမ်းတို့ ထိခိုက်မိပြီး အမှတ်(၂၁၀)ယာဉ်လိုင်းပေါ်မှ ခရီးသည်အမျိုးသမီးတစ်ဦး ဘယ်ဒူးခေါင်းပွန်း၍ အမျိုးသမီးတစ်ဦး ဘယ်ပခုံးထိခိုက်မိလျက် အခြားခရီးသည်များမှာ ကြီးမားသော ထိခိုက်မှုမရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ဗိုလ်တထောင်မြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့စု(၃၁)မှ ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိပြီး လမ်းဆုံမီးပွိုင့်ပျက်နေသည့်အတွက် ဤသို့ ယာဉ်တိုက်မှုဖြစ်ပေါ်ခဲ့ခြင်း ဖြစ်ကြောင်း အဆိုပါ ယာဉ်မောင်းများ ကသုံးသပ်ပြောကြားသည်။ **(၁၆၄)**

ယာဉ်တိုက်မှုဖြစ်ပါက ရဲစခန်း၊
ယာဉ်ထိန်းရဲသို့ ချက်ချင်းအကြောင်းကြားပါ

ဆိုင်ကယ်ဆီပြတ်၍တွန်းလာသူနှစ်ဦးကို နောက်မှကုန်တင်ယာဉ်ဝင်တိုက် အသက် ၁၇ နှစ်အရွယ် လူငယ်တစ်ဦးသေဆုံး

တောင်ငူ စက်တင်ဘာ ၂၃

စက်တင်ဘာ ၂၃ ရက် နံနက် ၅ နာရီခန့်က တောင်ငူမြို့ ကန်ရိုးကျေးရွာ ရန်ကုန်-မန္တလေး ပုံမှန်လမ်းဟောင်း မိုင်တိုင်အမှတ် ၁၇၆/၅ နှင့် ၁၇၆/၆ ဖာလုံ အကြားတွင် မြောက်မှတောင်သို့ ဆိုင်ကယ်ဆီပြတ်၍ တွန်းလာသူနှစ်ဦးကို အနောက်မှ ၁၂ ဘီးယာဉ်က အရှိန်မထိန်းနိုင်ဘဲ ဝင်တိုက်မိရာမှ ၁၇ နှစ်အရွယ် လူငယ်တစ်ဦးသေဆုံးမှု ဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ အောင်ထွေးလှိုင် (၁၇ နှစ်) ကေတုမတီမြို့သစ် တပင်ရွှေထီးရပ်ကွက် တောင်ငူမြို့နေသူနှင့် ဖိုးကျော် (၂၆ နှစ်) ဂါမဏိလမ်း မင်းကြီးညိုရပ်ကွက် တောင်ငူမြို့နေသူတို့နှစ်ဦးသည် မြောက်မှတောင်သို့ (ရေခဲပုံးတင်ထားသည့်) ဆိုင်ကယ်ဆီပြတ်၍ ကိုဖိုးကျော်မှ ဆိုင်ကယ်လက်ကိုင်အား ကိုင်ပြီး အောင်ထွေးလှိုင်မှာ ဆိုင်ကယ်နောက်ပိုင်းမှတွန်းလာရာ တောင်ငူမြို့ ကန်ရိုးကျေးရွာ ရန်ကုန်-မန္တလေး ပုံမှန်လမ်းဟောင်း မိုင်တိုင်အမှတ် ၁၇၆/၅နှင့် ၁၇၆/၆ ဖာလုံအကြား အရောက်တွင် ယာဉ်မောင်း ဦးညဏ်ထွန်း (၄၆နှစ်) သိမ်ကုန်းရပ်ကွက် သထုံမြို့နေသူသည် ငရုတ်သီးအိတ်များ တင်ဆောင်ပြီး မစ်ဆူဘီရှီဖူဆိုအမျိုးအစား (၁၂)ဘီးယာဉ်ကို မောင်းနှင်လာရာ အရှိန်မထိန်းနိုင်ဘဲ အနောက်မှဝင်တိုက်ပြီး လမ်း၏ညာဘက်ခြမ်းသို့ ထိုးကျသွားသည်။ **(ယာပုံ)**

ထွက်ပြေးတိမ်းရှောင်

ယာဉ်တိုက်မှုကြောင့် အောင်ထွေးလှိုင်မှာ ဒဏ်ရာများဖြင့် ဖြစ်ပွားရာနေရာတွင်ပင် ပွဲချင်းပြီး သေဆုံးခဲ့သည်။ ဖိုးကျော်မှာ ပွန်းပဲ့ဒဏ်ရာများဖြင့် တောင်ငူပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရပြီး ယာဉ်မောင်းမှာ အခင်းနေရာမှ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သက်ဆိုင်ရာမှ သိရှိရသည်။

အဆိုပါယာဉ်တိုက်မှုကြောင့်

ယာဉ်မဆင်မခြင် မောင်းနှင်သူ ယာဉ်မောင်းအား တောင်ငူမြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

သူရ(တောင်ငူ)

နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများသို့ အသိပေးကြေညာချက်

၁။ လက်ရှိပင်စင်လစာခံစားလျက်ရှိသော အငြိမ်းစားများအတွက် ၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၃ ရက်နေ့အထိ မြန်မာ့စီးပွားရေးဘဏ်သို့ ငွေပေးမိန့်ထုတ်ပြန်ပေးပြီး ပင်စင်စားဦးရေမှာ ၅၁၀၈၆၀ ဦး၊ လစာငွေထုတ်ပေးပြီး ဦးရေမှာ ၃၁၉၂၁၂ ဦး ဖြစ်ပါ၍ လစာထုတ်ယူရန် ကျန်ရှိသူဦးရေမှာ ၁၉၁၆၄၈ ဦးဖြစ်ပါသည်။

၂။ တိုးမြှင့်ပင်စင်လစာသစ်အား မြန်မာ့စီးပွားရေးဘဏ်များတွင် ပိတ်ရက်မှအပ နေ့စဉ်ထုတ်ပေးလျက်ရှိပါသဖြင့် ဆက်သွယ်ထုတ်ယူကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

၃။ ပင်စင်လစာသစ်ခံစားခွင့်မရရှိသေးသော ကာကွယ်ရေးပင်စင်စားများသည် သက်ဆိုင်ရာကာကွယ်ရေးငွေစာရင်းရုံးခွဲများသို့ ဆက်သွယ်ဆောင်ရွက်ပါရန်နှင့် မြို့ပြပင်စင်စားများသည် မိမိတို့နှင့် နီးစပ်ရာပင်စင်ဦးစီးဌာနရုံးချုပ်၊ တိုင်းဒေသကြီးရုံးနှင့် ပြည်နယ်ရုံးများသို့ အောက်ပါ ဖုန်း/Fax နံပါတ်များဖြင့် ဆက်သွယ်သတင်းပေးပို့ကြပါရန်၊ တိုးမြှင့်ပင်စင်လစာသစ် ခံစားခွင့်အမြန်ဆုံးရရှိရေးနှင့် ပင်စင်စားများ၏ အခက်အခဲများကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်-

စဉ်	ရုံးချုပ်နှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်	လိပ်စာ	Fax နံပါတ်	ဖုန်းနံပါတ်
၁	ပင်စင်ဦးစီးဌာန(ရုံးချုပ်)	ရုံးအမှတ်(၃၄)၊နေပြည်တော်၊ ဘဏ္ဍာရေးဝန်ကြီးဌာန	၀၆၇-၄၁၀၄၁၉	၀၆၇-၄၁၀၄၁၅ ၀၆၇-၄၁၀၄၁၈ ၀၆၇-၄၁၀၃၇၂ ၀၆၇-၄၁၀၅၂၁
၂	ရန်ကုန်တိုင်းဒေသကြီး	အမှတ်(၂၇)၊ ဘဏ်လမ်း ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့	၀၁-၃၇၄၇၆၅	၀၁-၃၇၆၆၄၀ ၀၁-၃၇၆၆၈၅
၃	ဧရာဝတီတိုင်းဒေသကြီး	အမှတ်(၅)၊ ကုန်စုံလမ်း မြို့မဈေးအနောက်ဘက်၊ ပုသိမ်မြို့	၀၄၂-၂၅၅၅၃	၀၄၂-၂၅၅၅၃
၄	ရခိုင်ပြည်နယ်	ဆင်ကူးလမ်း၊ သဘော်ဆိပ်အနီး၊ စစ်တွေမြို့	၀၄၃-၂၄၂၇၃	၀၄၃-၂၄၃၁၅
၅	မွန်ပြည်နယ်	ဘိုကုန်းရပ်၊ မော်လမြိုင်မြို့	၀၅၇-၂၇၁၅၀	၀၅၇-၂၇၁၅၀
၆	ကရင်ပြည်နယ်	သီရိလမ်း၊(၄)ရပ်ကွက်၊ ဘားအံမြို့	၀၅၈-၂၂၅၂၂	၀၅၈-၂၂၅၂၂
၇	တနင်္သာရီတိုင်းဒေသကြီး	ဆိပ်ကမ်းသာလမ်း၊ တိုးချဲ့ရပ်ကွက် ထားဝယ်မြို့	၀၅၉-၂၁၆၅၇	၀၅၉-၂၃၄၉၃
၈	ပဲခူးတိုင်းဒေသကြီး(အရှေ့)	မြို့တွင်းကြီးရပ်၊ ပဲခူးမြို့	၀၅၂-၂၁၂၁၆	၀၅၂-၂၁၂၁၆ ၀၅၂-၂၁၀၁၇
၉	ပဲခူးတိုင်းဒေသကြီးရုံးခွဲ (ပြည်မြို့)	ဆင်စုရပ်၊ ပြည်မြို့	၀၅၃-၂၆၄၇၆	၀၅၃-၂၆၄၇၆
၁၀	မန္တလေးတိုင်းဒေသကြီး	အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့	၀၂-၃၅၈၂၇	၀၂-၇၁၈၃၂
၁၁	မကွေးတိုင်းဒေသကြီး	စိုးကောမင်းရပ်၊ မကွေးမြို့	၀၆၃-၂၅၅၈၁	၀၆၃-၂၅၅၈၁
၁၂	စစ်ကိုင်းတိုင်းဒေသကြီး	သာစည်လမ်း၊ ဒေါနခြံရပ်၊ မုံရွာမြို့	၀၇၁-၂၃၄၉၅	၀၇၁-၂၃၆၁၆ ၀၇၁-၂၃၄၉၅
၁၃	ကချင်ပြည်နယ်	အမှတ်(၁၄)၊ ဧဒင်စံပြလမ်း၊ ဧဒင်ရပ်ကွက်၊ တပ်ကုန်းမြောက်၊ မြစ်ကြီးနားမြို့	၀၇၄-၂၂၁၆၄	၀၇၄-၂၂၁၆၄
၁၄	ရှမ်းပြည်နယ်(တောင်ကြီး)	သစ်တောဂိတ်အနီး၊ တောင်ကြီးမြို့	၀၈၁-၂၁၂၅၀၁၉	၀၈၁-၂၁၂၅၀၁၉
၁၅	ရှမ်းပြည်နယ်ရုံးခွဲ(လားရှိုး)	(၉)ရပ်ကွက်၊ လားရှိုးမြို့	၀၈၂-၃၀၉၄၁	၀၈၂-၃၀၉၄၁
၁၆	ရှမ်းပြည်နယ်ရုံးခွဲ(ကျိုင်းတုံ)	၃(ခ)၊ ၁၁၈ ရပ်ကွက်(၃)၊ မြို့တော်ခန်းမအနောက်၊ ကျိုင်းတုံမြို့	၀၈၄-၂၂၈၈၇	၀၈၄-၂၃၀၂၅
၁၇	ကယားပြည်နယ်	ဒေါ်ဥခူရပ်ကွက်၊ မြန်မာ့အာမခံရုံး လမ်းကြား၊ လွိုင်ကော်မြို့	၀၈၃-၂၂၅၃၇	၀၈၃-၂၂၅၃၇

ပင်စင်ဦးစီးဌာန

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

သမအသင်းများအနေဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်ထားနိုင်

မန္တလေး စက်တင်ဘာ ၂၃

သမဝါယမအသင်းပိုင်မြေများကို အသစ်ပြဋ္ဌာန်းခဲ့သော လယ်ယာမြေ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ သက်ဆိုင်ရာ သမဝါယမအသင်း အမည်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်များ လျှောက်ထားရန် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ဇံက ပြောကြားသည်။

ကျင်းပဆဲ တိုင်းဒေသကြီးလွှတ်တော် သတ္တမနေ့တွင် လူမှုရေးနှင့်ယဉ်ကျေးမှုရေးရာကော်မတီဝင် ဦးကြည်ဖေ၏ မေးခွန်းအပေါ် ဝန်ကြီးက ပြန်လည်ဖြေကြားလိုက်ခြင်းဖြစ်သည်။

သမဝါယမအသင်းများမှ လုပ်ပိုင်ခွင့်ရလယ်မြေများကို လယ်ယာမြေဥပဒေအရ သတ်မှတ်အခွန်များ ပေးဆောင်ပြီး ကိုယ်တိုင်ဖြစ်စေ၊ အများဆန္ဒနှင့်အညီ အသင်းသားများ၊ အမှုဆောင်များအား သီးစားချခြင်းဖြစ်စေ လယ်ယာမြေလုပ်ငန်းကို ခေတ်အဆက်ဆက် နှစ်ပေါင်းများစွာ အစဉ်တစိုက် လုပ်ကိုင်ခဲ့ခြင်းဖြစ်သဖြင့် သမဝါယမအသင်းများအနေဖြင့် လယ်ယာမြေဥပဒေအရ လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်ထားပိုင်ခွင့်ရှိကြောင်း၊ တစ်ဦးတစ်ယောက်ပိုင် မဟုတ်ဘဲ အသင်းသားအများပိုင်ဖြစ်၍ အသင်းသားများ အများဆန္ဒနှင့်အညီသာ ဆောင်ရွက်ပိုင်ခွင့်ရှိပြီး သမဝါယမဦးစီးဌာနမှလည်း အသင်းပိုင်လယ်ယာမြေများကို လွှဲပြောင်းရောင်းချခြင်းမပြုရန်၊ အသင်းပိုင် သမဝါယမလုပ်ငန်းများအဖြစ် ဆောင်ရွက်ရန် ညွှန်ကြားထားပြီး ဖြစ်ကြောင်းကိုလည်း ထည့်သွင်းဖြေကြားသွားခဲ့သည်။

ရင်းနှီးငွေတောင့်တင်းသော သမဝါယမအသင်းများတွင် သမဝါယမအသင်းများ အဆင့်မြှင့်တင်ရေးစံငါးရပ်နှင့်အညီ အခြေခံစက်မှုလယ်ယာ သမဝါယမအသင်းများအဖြစ်သို့ အဆင့်မြှင့်တင်ရေးကို စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းအသင်းပိုင်မြေများတွင် အသင်း၏ငွေကြေးအင်အား၊ ရာသီဥတုအခြေအနေ၊ နယ်မြေဒေသအခြေအနေအရ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ခြင်းမရှိသော အသင်းများရှိသကဲ့သို့ ဧကပေါ်မူတည်၍ အသင်း၏ ရှိသည့်အင်အားဖြင့် အများဆန္ဒနှင့်အညီ တစ်နိုင်တစ်ပိုင် ဆောင်ရွက်နေသော အသင်းများရှိကြောင်းကိုလည်း ဝန်ကြီးက ပြောကြားသွားသည်။

၁၉၇၀ ခုနှစ် ဥပဒေအရ ဖွဲ့စည်းခဲ့သော သမဝါယမအသင်းဟောင်းများအနက် မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ် ၁၇ မြို့နယ်ရှိ လယ်ယာနှင့် အထွေထွေသမဝါယမအသင်းခြောက်သင်းနှင့် စိုက်ပျိုးရေးထုတ်လုပ်ရေးသမဝါယမအသင်း ၃၀ တွင် ယခင်အသင်းဟောင်းများမှ လွှဲပြောင်းယူခဲ့သော သမဝါယမအသင်းပိုင်မြေ ၅၁၃၀ ဒသမ ၆၉ ဧကရှိကြောင်း သိရသည်။

ဒီစီအီး (မန္တလေး)

မိုးညှင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန စုပေါင်းဓာတ်မြေဩဇာကြဲပက်ပွဲကျင်းပ

မိုးညှင်း စက်တင်ဘာ ၂၃

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ စုပေါင်းဓာတ်မြေဩဇာ ကြဲပက်ပွဲကို စက်တင်ဘာ ၂၁ ရက်က ဆယ်မိုင်ရွာသစ်ကျေးရွာအုပ်စု ကွင်းအမှတ် (၃၃၉) ဦးကျော်မင်းဦး၏ မျိုးကောင်းမျိုးသန့်ထုတ်လုပ်မှုစိုက်ခင်း လယ်မြေ ၁၀ ဧက၌ ကျင်းပသည်။

အခမ်းအနားတွင် မိုးညှင်းမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းတင်အောင်က အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေး ဦးစီးဌာနမှူး ဦးအေးမြင့်မောင်က သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်ပါအတိုင်း စိုက်ပျိုးထုတ်လုပ်ကြရေး ရှင်းလင်းပြောကြားသည်။

ထို့နောက် မိုးညှင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလေးက တောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ဈေးကွက်ဝင်ပြီး အထွက်တိုးမျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ တောင်သူများ၏လူမှုစီးပွားနှစ်ဆ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး နန့်ပုတ်ကျေးရွာ၊ ညောင်ကိုင်းကျေးရွာ၊ မော်ဟန်ကျေးရွာ၊ ပင်လုံကျေးရွာနှင့် ဆယ်မိုင်ရွာသစ်ကျေးရွာတို့မှ မျိုးသန့်စပါးစိုက်ပျိုးထုတ်လုပ်သည့် တောင်သူများနှင့် သွင်းအားစုထည့်သွင်းရန် အခက်အခဲရှိသည့် တောင်သူများအား ယူရီးယားဓာတ်မြေဩဇာအိတ်များကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(ဝ၆၃)

နောက်မိုးကောင်း၍ စပါးအောင်မြင်

မော်လူး စက်တင်ဘာ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသတွင် ယခုနှစ်မိုးရာသီ စပါးစိုက်ပျိုးချိန်၌ မိုးဦးမကောင်း၍ ဒေသခံတောင်သူလယ်သမားများအနေဖြင့် ချောင်းမြောင်းများမှ ငွေကုန်ကြေးကျခံ၍ ရေတင်ပြီး ပျိုးထောင်စိုက်ပျိုးကြရသည်။ ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများတွင် တစ်ကြိမ်မျှမဖြစ်ဖူးသော မိုးခေါင်ရေရှားဒဏ်ကို ဒေသခံလယ်သမားများခံကြရသည်။ သက်ဆိုင်ရာတို့က ထုတ်ချေးပေးသော စိုက်ပျိုးစရိတ်ချေးငွေမှာ တစ်ဧက တစ်သိန်းသာရ၍ အချို့လယ်သမားတို့မှာ ရေတင်ရန် ဒီဇယ်ပင် ပြည့်စုံအောင် မရနိုင်ကြပေ။ ထို့ကြောင့် လယ်သမားအများစုမှာ မိုးခေါင်လွန်း၍ သီးနှံမအောင်မြင်လျှင် ချေးငွေမည်သို့ပေးဆပ်ရမည်ကို စိုးရိမ်စိတ်များဖြင့် သောကရောက်နေကြရသည်။

ဩဂုတ်လ စတုတ္ထပတ်တွင် မိုးမှာ ကောင်းလာရုံမျှမက အားကြီးသည်းထန်လွန်း၍ လယ်ကွက်များပင်မက မော်လူးရွာထဲတွင်ပါ ရေကြီးခြင်း အကြိမ်ကြိမ်ကြုံရတော့သည်။ မိုးဦးတုံသော်လည်း မိုးလယ်၊ မိုးနှောင်း ဤလိုကောင်းခဲ့လျှင် စပါးပင်များ ဖြစ်ထွန်းကောင်းမွန်၍ အသီးအနှံအောင်မြင်ရန် အလားအလာကောင်းသဖြင့် စိုက်စရိတ်ချေးငွေများ ပေးသွင်းနိုင်ကြမည်ကို တွေး၍ ပျော်ရွှင်နေကြသည်။

"ပျိုးထောင်ချိန်တုန်းက ရေကမရ၊ ရေတင်ပြန်တော့လည်း လယ်ကျယ်သူနဲ့ ချောင်းဝေးလွန်းသူတွေအတွက် ကုန်ကျစရိတ်ကများလို့ အတော်ကြီးဒုက္ခရောက်ခဲ့ရတယ်။ ကျွန်တော်ဆိုရင် ရေတင်လို့ စိုက်ပြီးတဲ့နောက်တစ်နေ့ မိုးစရွာလိုက်တာ စိုက်စမှာ ကောက်ပင်တွေ အကုန်မြုပ်သွားတယ်။ တစ်ညနဲ့ ရေပြန်ကျသွားလို့ စိုးရိမ်စရာတော့ မရှိပါဘူး။ ဒါပေမယ့် ပိုးမကျဖို့ တစ်ခုပဲ စိုးရိမ်ရတာပေါ့"ဟု လယ်သမားကြီးတစ်ဦးက ပြောပြသည်။

စောင့်စား

မိုးဦးတွင် မိုးခေါင်၍ စိတ်သောကရောက်ကြရသော လယ်သမားများအဖို့ ယခုလို စပါးစိုက်လယ်များ အောင်မြင်ဖြစ်ထွန်းကြသဖြင့် ကျေးရွာအထောက်အကူပြုကော်မတီမှ လိုအပ်သော ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ ပံ့ပိုးပေးနိုင်ရန် ဒေသခံစပါးစိုက်တောင်သူလယ်သမားများက စောင့်စားနေကြကြောင်း သိရသည်။

စစ်ကိုင်း-ဝင်းရွှေ

စဉ့်ကူးမြို့ ရွှေမုဋ္ဌောဘုရားပွဲတော်အပြီး ပလ္လင်ဆေးမိုးသည်းထန်စွာရွာ သက်တမ်း ၁၀၀ ကျော်ရှိ ကုက္ကိုပင်ကြီးမိုးကြိုးထိမှန်

စဉ့်ကူး စက်တင်ဘာ ၂၃

အထက်မြန်မာပြည်ပွဲတော်(၁၂)ပွဲအဝင်ပါ စဉ့်ကူးမြို့ ရွှေမုဋ္ဌောဘုရားပွဲတော်ကြီးကို ရတနာသိင်္ခတံတားကြီးဖွင့်လှစ်အပြီး လမ်းပန်းဆက်သွယ်ရေး လိုခြုံချောမွေ့လာသည်နှင့်အညီ ယခင်နှစ်များနှင့်မတူ ယခုနှစ်တွင် ဈေးသည်ဈေးဝယ်များ၊ ပျော်ပွဲ ရွှင်ပွဲများနှင့် ဈေးဆိုင်ခန်းများ စုံညီစွာဖြင့် အန္တရာယ်ကင်းလျက် အထူးစည်ကားသိုက်မြိုက်စွာ ကျင်းပပြီးမြောက်ခဲ့ကြောင်း သိရသည်။

ပွဲတော်ကြီးအပြီး ပလ္လင်ဆေးမိုးအဖြစ် စက်တင်ဘာ ၂၀ ရက် နံနက် ၂ နာရီခန့်က မိုးသည်းထန်စွာရွာသွန်းပြီး မိုးကြိုးများ ပြင်းထန်စွာပစ်ခတ်ခဲ့မှုများဖြစ်ခဲ့ရာ စဉ့်ကူးမြို့ရှိ အိမ်၊ မြေများ သိမ့်သိမ့်တုန်လှုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးကြိုးပစ်ခတ်မှုကြောင့် ဧရာဝတီမြစ်ဘေး ဆိပ်ကမ်းသာရတနာရွှေကူဘုရားအနီးရှိ သက်တမ်း(၁၀၀)ကျော် လုံးပတ် ပုဆိုးခြောက်ပတ်ရှိ ဧရာမကုက္ကိုပင်ကြီး မိုးကြိုးထိမှန်ပြီး ပင်စည်အလယ်မှ ကွဲအက်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းနားဆိုသကဲ့သို့ ဧရာဝတီမြစ်တွင်း ထက်အောက်စုန်ဆန်သွားလာနေကြသော သင်္ဘော၊ မော်တော်၊ ရေယာဉ်များ၊ ခရီးသွားရဟန်းရှင်လူများအနေဖြင့် အဆိုပါ ကုက္ကိုပင်ကြီးသည် နားခိုရာဇရပ်သဖွယ်ဖြစ်ခဲ့သည်မှာ ဆယ်စုနှစ်များစွာရှိခဲ့ပြီဖြစ်ကြောင်း အသက် (၈၉နှစ်)ရှိ ရွှေမြို့မီနောက်မီ အမေကြီး ဒေါ်ခင်မိက ပြောပြ၍ သိရသည်။

ယခုအခါ စဉ့်ကူးမြို့သူ မြို့သားများနှင့် ခရီးသွားပြည်သူများအနေဖြင့် အဆိုပါ နားခိုရာ ကုက္ကိုပင်ကြီး မိုးကြိုးထိမှန်မှုကြောင့် ပြိုလဲပျောက်ကွယ်သွားမှာကို စိုးရိမ်နေကြကြောင်းနှင့် ထိန်းသိမ်းစောင့်ရှောက်သွားကြရန် လိုလားလျက်ရှိကြောင်း သိရသည်။ **(၄၃၃)**

သပြေကုန်းဈေးတွင် မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲနှင့် သရုပ်ပြလေ့ကျင့်

နေပြည်တော် စက်တင်ဘာ ၂၃

နေပြည်တော်စည်ပင်သာယာရေးကော်မတီဈေးများဌာန ကွပ်ကဲမှုအောက်ရှိ သပြေကုန်းဈေးတွင် မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောခြင်းနှင့် သရုပ်ပြလေ့ကျင့်ခြင်း အခမ်းအနားကို စက်တင်ဘာ ၂၃ ရက် နံနက် ၈ နာရီ မှ ၁၀ နာရီအထိ ကျင်းပခဲ့သည်။

အခမ်းအနားသို့ နေပြည်တော်မီးသတ်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးဦးအောင်မြင့်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာန ဒုတိယညွှန်ကြားရေးမှူး ဦးနေဝင်းထွန်းနှင့် သပြေကုန်းဈေးတာဝန်ခံဦးစီးအရာရှိ ဦးသန်းဌေး၊ မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဈေးသူဈေးသားများ တက်ရောက်ခဲ့ပြီး နေပြည်တော်မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြင့်က မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့် အချက်များကို ဟောပြောပြီး မီးသတ်ဆေးဘူးသုံးစွဲနည်းကို လက်တွေ့သရုပ်ပြခြင်း၊ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်း၊ လျှပ်စစ်မီး (Panel Box)စစ်ဆေးခြင်း၊ ရေရရှိရေးအတွက် ရေစက်များစစ်ဆေးခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ မကြာခင်ကာလမှာ ပူပြင်းခြောက်သွေ့သောရာသီရောက်ရှိမှာဖြစ်တဲ့အတွက် ဈေးမှစတင်ပြီး မီးဘေးအန္တရာယ် မဖြစ်ပွားစေရန် ဈေးသူ၊ ဈေးသားများ မီးငြိမ်းသတ်နည်း သိရှိနားလည်စေရန် ရည်ရွယ်၍ သက်ဆိုင်ရာတာဝန်ရှိသူတွေနဲ့ ပေါင်းစပ်ညှိနှိုင်းပြီး ယခုကဲ့သို့ ကြိုတင်စီမံမှုများပြုလုပ်ရခြင်း ဖြစ်ပါတယ်"ဟု သပြေကုန်းဈေးတာဝန်ခံဦးစီးအရာရှိ ဦးသန်းဌေးက မြန်မာ့အလင်းသို့ ရှင်းပြသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

မီးဘေးအန္တရာယ်ကာကွယ်ရေး ဟောပြော လက်တွေ့သရုပ်ပြ

နေပြည်တော် စက်တင်ဘာ ၂၃

နေပြည်တော်စည်ပင်သာယာရေးကော်မတီလက်အောက်ရှိ ရုံးများ၊ ဈေးများ၊ စက်ရုံများ၊ ဂိုဒေါင်များနှင့် ဝန်ထမ်းအိမ်ရာများတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့် နေပြည်တော်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းပြီး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်ရေး ပညာပေးသရုပ်ပြလေ့ကျင့်ခြင်းကို စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းက နေပြည်တော်စည်ပင်သာယာရေးကော်မတီ စက်ရုံနှင့် မော်တော်ယာဉ်ဌာန ယာဉ်ပြင်အလုပ်ရုံရှေ့၌ ကျင်းပသည်။

လေ့ကျင့်

အဆိုပါ အခမ်းအနားတွင် ဒုတိယမီးသတ်ဦးစီးမှူး ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများက မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးများ၊ ဈေးများ၊ စက်ရုံများမှ ဝန်ထမ်းများကို လက်တွေ့မီးငြိမ်းသတ်ခြင်းများကို သရုပ်ပြ ပြုလုပ်ခဲ့ပြီး တစ်ဦးချင်းလက်တွေ့ငြိမ်းသတ်ခြင်းများ လေ့ကျင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမျိုးသမီးငယ်များအကြမ်းဖက်မှုမှ ကာကွယ်ရေး ပညာပေးဟောပြော

ဗန်းမော် စက်တင်ဘာ ၂၃

ဗန်းမော်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော အမျိုးသမီးငယ်များအား အကြမ်းဖက်မှုမှ ကာကွယ်ရေးပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီက အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးမွန်က အမှာစကားပြောကြားပြီး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ်မှ ရဲအုပ်အေးအေးခိုင်က အမျိုးသမီးငယ်များအကြမ်းဖက်မှုမှ ကာကွယ်ရေးအကြောင်း သိကောင်းစရာများကို ဟောပြောပို့ချသည်။ အဆိုပါ အခမ်းအနားသို့ ကျောင်းသူ ၃၇၀ တက်ရောက်ကြကြောင်း သိရသည်။

ဝါဝါ(ဗန်းမော်)

လူကုန်ကူးမှု တိုက်ဖျက်ရေး လူတိုင်းကိုယ်စီ သတင်းပေး

တိုင်းရင်းသားမျိုးနွယ်စုများ၏ မှတ်တမ်းတင်ဓာတ်ပုံများ ပြပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၃

နိုင်ငံတကာ ဓာတ်ပုံပညာရှင် Richard K.Diran မှတ်တမ်းတင် ရိုက်ကူးထားသော မြန်မာနိုင်ငံ အရပ်ရပ်ရှိ တိုင်းရင်းသားလူမျိုးစုများ၏ ဓာတ်ပုံပြပွဲ (The Vanishing Tribes of Burma) ကျင်းပမည် ဖြစ်ကြောင်း ရန်ကုန်မြို့ စင်ထရယ် ဟိုတယ်၌ ကျင်းပသော စာနယ်ဇင်း ရှင်းလင်းပွဲမှ သိရသည်။

ဓာတ်ပုံပညာရှင် Mr.Richard သည် မြန်မာနိုင်ငံအရပ်ရပ်သို့ သွားရောက်ခဲ့ပြီး နှစ်ပေါင်း ၂၅ နှစ် အတွင်း ရိုက်ကူးခဲ့သည့် မြန်မာနိုင်ငံရှိ တိမ်ကောပျောက်ကွယ်စပြုနေသော မြန်မာတိုင်းရင်းသားလူမျိုးစုများ၏ ဓာတ်ပုံများကို ပြသသွားမည် ဖြစ်ကြောင်း သိရသည်။ အဆိုပါ ဓာတ်ပုံများထဲမှ လက်ရွေးစင်ဓာတ်ပုံပေါင်း ၇၀ ကို ရွေးချယ်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲ၌ ပြသပြီးသွားသော ဓာတ်ပုံများကို အနာဂတ်လူငယ်လူရွယ်တို့ ကြည့်ရှုခွင့်ရစေရန်အတွက် အမျိုးသား ပြတိုက်တွင် လှူဒါန်းသွားမည်ဟု သိရသည်။ ပြပွဲခင်းကျင်းပြသခြင်း အဓိက ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးစုအားလုံး စည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းမှုဖော်ဆောင်ရေးတွင် အားတက်သရောပါဝင်လာရေးတို့အတွက် ဖြစ်ကြောင်း သိရသည်။ ဓာတ်ပုံပြပွဲကို စက်တင်ဘာ ၂၈ ရက်မှ ၃၀ ရက် အတွင်း အများပြည်သူ ကြည့်ရှုနိုင်ရန် အတွက် အင်းလျားလိတ်ဟိုတယ် Ballroom ၌ ခင်းကျင်းပြသသွားမည်ဖြစ်သည်။ အဆိုပါဓာတ်ပုံပြပွဲကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က တက်ရောက်ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း သိရသည်။ဓာတ်ပုံပြပွဲကို စိတ်ပါဝင်စားသူ ပြည်သူများအနေဖြင့် စက်တင်ဘာ ၂၈ ရက်တွင် မွန်းလွဲ ၂ နာရီမှညနေ ၅ နာရီအထိ၊ ၂၉ ရက်တွင် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ၊ ၃၀ ရက်တွင် နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ အခမဲ့ကြည့်ရှုနိုင်ကြောင်း သိရသည်။ **မြတ်စန္ဒီသင်းဇော်**

ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့

World Tourism Day

ကျွန်ုပ်တို့၏ အနာဂတ်ကိုကာကွယ်ဖို့ ခရီးသွားလုပ်ငန်းနှင့် ရေအရင်းအမြစ်ကို ထိန်းသိမ်းစို့

Tourism & Water : Protecting our common future

MICC, Nay Pyi Taw — 27th September , 2013

Miss Universe 2013 ပြိုင်ပွဲအတွက်
မြန်မာအလှမယ် ဆန်ခါတင်လေးဦး ထပ်မံရွေးချယ်

ရန်ကုန် စက်တင်ဘာ ၂၃

ရုရှားနိုင်ငံ မော်စကိုမြို့၌ ကျင်းပမည့် Miss Universe 2013 ပြိုင်ပွဲကြီးအတွက် မြန်မာပြိုင်ပွဲဝင် ဆန်ခါတင်လေးဦးကို စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းက ကန်တော်ကြီး ပဲလေ့စ်ဟိုတယ်၌ ကျင်းပသော Miss Universe Myanmar 2013 ဆန်ခါတင်ရွေးချယ်ပွဲ အခမ်းအနားတွင် တာဝန်ရှိသူတစ်ဦးက မြန်မာ့အလင်းသို့ ပြောကြားသည်။

"ကျွန်တော်တို့ မြန်မာနိုင်ငံ အနေဖြင့် ဒီပြိုင်ပွဲကြီးကို ဝင်ရောက်ယှဉ်ပြိုင်ဖို့ Miss Universe Myanmar 2013 ကို စက်တင်ဘာ ၁၂ ရက်က ဆန်ခါတင်အယောက် ၂၀ ရွေးချယ်ခဲ့ပြီးဖြစ်ပါတယ်။ အဲဒီအထဲက သုံးဦး အကြောင်းအမျိုးမျိုးကြောင့် နုတ်ထွက်သွားတဲ့အတွက် ထပ်မံပြီး လေးဦး ရွေးချယ်လိုက်တာ ဖြစ်ပါတယ်။ အခြား အရန်သုံးဦးလည်း ရွေးထားပါတယ်။ လာမယ့် အောက်တိုဘာ ၃ ရက်မှာ ဒီဆန်ခါတင်ရွေးချယ်ထားသူတွေထဲက ပထမ၊ ဒုတိယ၊ တတိယရွေးမှာ ဖြစ်ပါတယ်။ ပထမ ရတဲ့သူကတော့ ရုရှားနိုင်ငံ မော်စကိုမြို့မှာ ကျင်းပမယ့် Miss Universe 2013 ပြိုင်ပွဲမှာ မြန်မာနိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ရမှာ ဖြစ်ပါတယ်"ဟု Miss Universe ပြိုင်ပွဲကျင်းပရေးအဖွဲ့ မီဒီယာဌာနမှ မန်နေဂျာ ကိုထွန်းလင်းသူက ကန်တော်ကြီးပဲလေ့စ်ဟိုတယ်၌ တွေ့ဆုံမေးမြန်းစဉ် ပြောကြားသည်။ အဆိုပါ ပြိုင်ပွဲအတွက် ဆန်ခါတင် ထပ်မံရွေးချယ်လိုက်သူလေးဦးမှာ လှမြတ်သူ (ခါးနံပါတ်-၃)၊ ခင်ခင်ဌေး (ခါးနံပါတ်-၇)၊ ခင်မြတ်နိုးဦး (ခါးနံပါတ်-၁၂) နှင့် ယွန်းမီ(ခါးနံပါတ်-၁၄)တို့ ဖြစ်ကြသည်။

"ယခုလို ကမ္ဘာနဲ့ ယှဉ်ပြိုင်ရတဲ့ ပြိုင်ပွဲကြီးမှာ Miss Universe Myanmar အနေနဲ့ပဲ ဝင်ရောက်

သတင်းနှင့် ဓာတ်ပုံ
မြင့်မောင်စိုး

ယှဉ်ပြိုင်ရတာ ဝမ်းသာလှပါပြီ၊ တကယ်လို့များ မြန်မာအမျိုးသမီး တစ်ဦးအနေနဲ့ ရုရှားမှာ သွားရောက်ပြိုင်ပွဲဝင်ခွင့်ရမယ်ဆိုရင်တော့ ပိုပြီး ပျော်မှာပေါ့" ဟု Miss Universe Myanmar 2013 ပြိုင်ပွဲဝင်တစ်ဦး ဖြစ်သူ လှမြတ်သူက ပြောသည်။

အဆိုပါ Miss Universe 2013 ပြိုင်ပွဲကြီးကို ရုရှားနိုင်ငံ မော်စကိုမြို့ Cross City Hall ၌ ကျင်းပမည်ဖြစ်ရာ ယခုအခါ နိုင်ငံပေါင်း ၇၄ နိုင်ငံက ဝင်ရောက်ယှဉ်ပြိုင်မည့် အလှမယ်များ ရွေးချယ်စာရင်း ပေးပို့ထားပြီ ဖြစ်သည်။

မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၃ နိုင်ငံကသာ နောက်ဆုံး ဝင်ရောက်ယှဉ်ပြိုင်မည့် Miss Universe အလှမယ်များ ရွေးချယ်စာရင်းပေးပို့ရန် ကျန်ရှိတော့သည်။ ယင်းပြိုင်ပွဲတွင် Miss Universe 2013 ဆုကို ဆွတ်ခူးနိုင်သူအား အမေရိကန်နိုင်ငံမှ Miss Universe 2013 မယ် အိုလီဗီယာကာပို (Olivia Culpo)က ဆုချီးမြှင့်ပေးအပ်မည်ဖြစ်သည်။ မြန်မာနိုင်ငံက ယင်းပြိုင်ပွဲကို ၁၉၆၁ ခုနှစ်တွင် နောက်ဆုံး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

တရားမဝင် ကျွန်းတုံးခါးရှက်များနှင့် တုံးခါးပေါင်များ ဖမ်းဆီးရမိ

ရန်ကုန် စက်တင်ဘာ ၂၃

တိုက်ကြီးမြို့နယ် ရန်ကုန် ပြည်လမ်း မိုင်တိုင်အမှတ် ၅၁/၂ အနီးတွင် တရားမဝင် ကျွန်းတုံးခါးရှက်များ ကျွန်းတုံးခါးအပိုင်းအစများ တင်ဆောင်လာသည့် ယာဉ်အမှတ် ၈ဆ/. . . ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

တိုက်ကြီးမြို့ သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းနိုင်ကြွယ် ဦးဆောင်သော ဝန်ထမ်းအဖွဲ့များသည် အဖွဲ့များဖွဲ့လျက် နေ့/ည အချိန်အဟုန်ဖြင့်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ စောင့်ကြည့်စစ်ဆေးနေစဉ် စက်တင်ဘာ ၂၂ ရက် နံနက် ၅ နာရီက တိုက်ကြီးမြို့ သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းနိုင်ကြွယ် ခေါင်းဆောင်သောအဖွဲ့မှ မသင်္ကာဖွယ်ယာဉ်တစ်စီးသည် ရန်ကုန်ဘက်သို့ မောင်းနှင်လျက်ရှိကြောင်း တွေ့ရှိရ၍ ယာဉ်နောက်မှ လိုက်ကာ ကျန်အဖွဲ့များကို ဝိုင်းဝန်းပိတ်ဆို့နိုင်ရန် ဖုန်းသတင်းဖြင့် အကြောင်းကြားခဲ့ရာ ရန်ကုန်-ပြည်လမ်း မိုင်တိုင်အမှတ် ၅၁/၂ အနီးတွင် အသင့်ပိတ်ဆို့ စောင့်ဆိုင်းနေစဉ် အဆိုပါယာဉ်သည် မိမိတို့တားဆီးပိတ်ဆို့ထားသည့် နေရာမရောက်မီ ယာဉ်ကို ရုတ်တရက်ရပ်တန့်ကာ ယာဉ်မောင်းပါနှစ်ဦးသည် ယာဉ်ကိုစွန့်ခွာထွက်ပြေးသွားရာ လိုက်လံဖမ်းဆီးသော်လည်း မဖမ်းမိခဲ့ပေ။ ထို့ကြောင့် ၎င်းယာဉ်ကို ဖွင့်ဖောက်စစ်ဆေးရာ တရားမဝင်ကျွန်းတုံးခါးရှက် ၃၈၃ ချပ်၊ ၄ ဒသမ ၁၅၀၈ တန်၊ ကျွန်းတုံးခါးပေါင်၊ တုံးခါးဆန်အပိုင်းအစများ ၇၀၈ ချောင်း၊ ၁ ဒသမ ၈၅၀၀ တန် စုစုပေါင်း ၅ ဒသမ ၀၀၆၈ တန် ဒေသပေါက်ဈေး ငွေကျပ်သိန်း ၃၀ ကျော်ကို ဖမ်းဆီးရမိခဲ့သဖြင့် သစ်တောဦးစီးဌာနမှ တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ထွန်းလှိုင်(မြိုင်)**

မန္တလေးဒေသကောလိပ် (ရတနာဘုမ္မိနယ်မြေ) မှာ
ပညာရင်နို့ အတူသောက်စို့ခဲ့ကြဖူးတဲ့ သူငယ်ချင်းတို့ရေ...

၂၀၁၄ ဆိုရင် သူငယ်ချင်းတို့နဲ့ မဆုံဆည်းဖြစ်ခဲ့တာ အနှစ် ၃၀ ကျော်ခဲ့ပြီမို့ လာမယ့် ဇန်နဝါရီ ၅ ရက် ၂၀၁၄ မှာ ကိုယ်တို့ရဲ့ ဒေသ ဆရာ၊ ဆရာမတွေကို ပူဇော်ကန်တော့ရင်း မိတ်ဆုံညစာစားပွဲမှာ ပြန်ဆုံကြရအောင် ....

အာစရိယပူဇော်ပွဲ နှင့် မိတ်ဆုံညစာစားပွဲကို အားလုံး သိုက်သိုက်ဝန်းဝန်း တက်ရောက်ကြဖို့ ဖိတ်ကြားပါတယ်...

အလှူငွေ ထည့်ဝင်ချင်ရင် ယာယီ ဖြစ်မြောက်ရေး ကော်မတီကို ဆက်သွယ် လှူဒါန်းနိုင်ပါတယ် ...

ကျော်မင်း	(0234217)	သက်နိုင်ထွန်း	(092001311)	ဇော်မျိုးဦး(ဗိုဇော်)	(095114994)	မေမိုးသူ	(095049572)
တင်ထွန်း	(092005859)	တင်လတ်	(092044382)	စိန်မင်း(အရွှတ်)	(092000426)	ခင်မေဝင်း	(09403708282)
မျိုးသန့်	(092007508)	နေဝင်းဦး	(09400536566)	ညွန့်ဇော်	(092001279)	နန်းသန်းစိန်	(092002818)
တင့်လွင်	(0943060713)	ခင်ဇော်(ဟာရီ)	(0947129240)	မောင်မောင်တိုး	(092051874)	စိုးဝင်းမာ	(092030307)
ခင်မောင်ဇော်	(092005925)	ကျော်ဦး	(092044077)	ကိုကိုကြီး	(096500625)	ဇင်မာလာ	(092030513)
သိန်းအောင်	(092016167)	စောဝင်းနိုင်	(0943012863)	Dr.ခင်မောင်ဌေး	(092000124)	ခင်မြှုတင့်	(092005305)

ပြည်တွင်းသတင်း

လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ထုတ်ပေး

ပဲခူး စက်တင်ဘာ ၂၃

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် မယင်းကျေးရွာတွင် စက်တင်ဘာ ၂၁ ရက် မွန်းလွဲ ၁ နာရီက လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်ပေးအပ်ပွဲ အခမ်းအနားကျင်းပရာ ပဲခူးမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှု ကော်မတီ အတွင်းရေးမှူး ဦးမင်းသော်တာနှင့် ကျေးရွာ ရပ်မိရပ်ဖများ၊ ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် တောင်သူလယ်သမား ၈၀ ခန့် တက်ရောက်ကြသည်။

ပေးအပ်ခဲ့

ထို့နောက် ဦးမင်းသော်တာက လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ် ပေးအပ်ရသည့် အကြောင်းနှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်း ပြောကြားခဲ့ပြီး လယ်သမားများအား လယ်ယာမြေလုပ်ပိုင်ခွင့် ခွင့်ပြု လက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(သန့်ဇင်)

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်မှ ထောက်ပံ့ပေးခဲ့သော ပညာသင်ထောက်ပံ့ကြေးငွေများ ပေးအပ်ပွဲကို စက်တင်ဘာ ၂၂ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် စစ်မှုထမ်းဟောင်းများ စည်းရုံးရေးကော်မတီရုံး၌ ကျင်းပရာ မြို့နယ်စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မြင့် (ငြိမ်း)က စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား တစ်ဦးချင်းပေးအပ်စဉ်။

အောင်သန်း(မင်္ဂလာတောင်ညွန့်)

ချင်းမိုင်မြို့၌ ခြောက်ထပ်တိုက်ပေါ်က ပြုတ်ကျသေဆုံး

ချင်းမိုင် စက်တင်ဘာ ၂၃

စက်တင်ဘာ ၁၇ ရက်က ထိုင်းနိုင်ငံ ချင်းမိုင်မြို့ အဝေးပြေးကားဂိတ် အနီးရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခု၌ အလုပ်လုပ်ကိုင်နေသော မြန်မာနိုင်ငံသားတစ်ဦး ခြောက်ထပ်တိုက်အမြင့်ရှိ ငြမ်းပေါ်က ပြုတ်ကျသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ မြန်မာနိုင်ငံသား မောင်ရဲထွန်းနိုင်သည် စက်တင်ဘာ ၁၇ ရက် ည ၈ နာရီခွဲဝန်းကျင်၌ အချိန်ပိုဆင်းနေချိန်အတွင်း ခြောက်ထပ်တိုက်ပေါ် ငြမ်းတပ်ဆင်နေစဉ် ခြေနင်းသံပြားကျိုးကြရာမှ ပြုတ်ကျခဲ့ခြင်းဖြစ်သည်ဟု ၎င်း၏လုပ်ဖော်ကိုင်ဖက်များက ပြောခဲ့သည်။ မောင်ရဲထွန်းနိုင်၏အလောင်းကို လုပ်ဖော်ကိုင်ဖက်များက ဆေးရုံမှ ဝပ်ဆိုင်းမွန်းဘုန်းကြီးကျောင်းဝင်းသို့ သယ်ယူလာပြီး စက်တင်ဘာ ၂၁ ရက်တွင် သင်္ဂြိုဟ်နိုင်ရန်အတွက် လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးကြကာ သေဆုံးသူ မောင်ရဲထွန်းနိုင်(၂၃ နှစ်)မှာ ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်နေသူဖြစ်ကြောင်းသိရပြီး အောက်တိုဘာလမှစ၍ ထိုင်းနိုင်ငံ ချင်းမိုင်မြို့ရှိ ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုဖြစ်သည့် ပါဝါလိုင်းကုမ္ပဏီမှာလုပ်ကိုင်နေခြင်း ဖြစ်ကြောင်းလည်း သိရသည်။ **စိုးဝင်း**(SP)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့်အခြေခံစားကုန်ဈေးနှုန်း

၂၃-၉-၂၀၁၃ ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၉၆၅၀၀-၆၅၅၅၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၉၆၀၀၀-၆၅၅၀၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၇၅-၉၇၉	ကျပ်
ဥရောပ	တစ်ယူရို	၁၃၀၅-၁၃၃၀	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၅-၇၈၉	ကျပ်
ထိုင်း	တစ်ဘတ်	၃၀-၃၂	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅. ၃-၁၅. ၅	ကျပ်
တရုတ်	တစ်ယွမ်	၁၅၈-၁၆၃	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၅-၃၀၁	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၂၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၃၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၉၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၄၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၀၀၀-၅၀၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၅၀၀-၄၀၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၃၅၀၀-၆၇၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၅၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၄၂၀၀-၆၅၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၉၀၀၀-၂၂၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၇၀၀၀-၂၀၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၅၀၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၄၅၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၃၅၀၀-၇၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၁၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ နှမ်းဆန်	တစ်အိတ်	၁၇၈၀၀
၂။ ပေါ်ကွဲ	တစ်အိတ်	၂၁၀၀၀
၃။ ပေါ်ဆန်း	တစ်အိတ်	၂၄၀၀၀-၂၈၀၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၅၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၅၀၂
၆။ ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၆၃၀-၈၂၀
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၂၀၀-၁၉၀၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၂၀၀-၁၂၂၅
၉။ အာလူး (အောင်ပန်း)	တစ်ပိဿာ	၃၃၀-၄၇၀
၁၀။ ငရုတ်ရှည် (ဝါးခယ်မ)	တစ်ပိဿာ	၂၂၅၀-၂၃၀၀
၁၁။ ငရုတ်ပွ (ဆင်ဖြူကျွန်း)	တစ်ပိဿာ	၄၀၀၀
၁၂။သကြား	တစ်ပိဿာ	၉၇၀-၁၀၆၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

အားကစားအချပ်ပို ကြော်ငြာထည့်နိုင်

အားကစားဝတ်စုံ၊ အားကစားပစ္စည်း၊ ဆုတံဆိပ်၊ ဆေးဝါး စသည့်ကြော်ငြာများကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ဝေသည့် မြန်မာ့အလင်း အားကစားအချပ်ပိုတွင် ထည့်သွင်းခြင်းဖြင့် အောင်မြင်မှုရယူပါ။

Y.E.S. Since 1994
ကျောင်းခွဲမရှိပါ။
ဆရာဦးမြင့်အောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော
International English Language Centre
တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများ/အောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို ဘွဲ့ရများ အတွက်

Basic Spoken English
Mon to Thurs-5:00-7:00pm 2,23 Sep
Sat & Sun -9:00-12:00am 14 Sep
Mon to Thurs-7:30-9:30am 16,30 Sep
Mon to Thurs-10:00-12:00am 16 Sep
Mon to Thurs-1:00-3:00pm 16,30 Sep
Mon to Thurs-3:00-5:00pm 16,30 Sep
Sat & Sun -12:30-3:30pm 21,28 Sep
Sat & Sun -3:45-6:45pm 28 Sep
Pre-Intermediate English
Mon to Thurs-10:00-12:00am 16 Sep
Mon to Thurs-5:00-7:00pm 23 Sep
Sat & Sun -12:30-3:30pm 28 Sep
Mon to Thurs-7:30-9:30am 30 Sep
Basic Writing Course
Mon to Thurs- 10:00-12:00am 16 Sep
Grammar Foundation Course
Sat & Sun -9:00-12:00am 7 Sep
Sat & Sun -4:00-7:00pm 14 Sep
Mon to Thurs-7:30-9:30am 23 Sep
Vocabulary Enrichment Course
Sat & Sun -10:00-12:00am 21 Sep
Mon to Thurs-3:30-5:00pm 23 Sep
Structure & Written Expression
Mon to Thurs- 5:00-6:30pm 16 Sep
Mon to Thurs- 10:00-12:00am 23 Sep
Listening Foundation Course(IELTS)
Sat & Sun -10:00-12:30am 14 Sep
IELTS, IELTS(Speaking), SAT, API, AWC
No.190, 2nd Flr.,28th St:(Upper), Pabedan Tsp. ☎ 243950

Laurel Art Academy (ရုပ်ရှင်အနုပညာသင်ကျောင်း)
ရုပ်ရှင်သရုပ်ဆောင်သင်တန်း အပတ်စဉ်(၅)
ကျောင်းအပ်လက်ခံပြီ
သင့်ရဲ့အနုပညာထမ်းဆောင်းနှင့်အကောင် ရောက်ဖို့ Laurel Art Academy မှ
စတင်လျှောက်လှမ်းလိုက်ကြပါစို့ ......
အမှတ်-၁/၅(င)ပုလဲဥယျာဉ်အိမ်ရာ(ပုလဲကွန်ဒိုဝင်းအတွင်း)၊ဆရာစံရပ်ကွက်၊ဗဟန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၅၅၅၉၀၅ ၊ ၅၅၅၆၂၄ ၊ ၀၉၄၉၃၁၈၀၀၀

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မြစ်သာ၊ တက္ကသိုလ်ဝင်တန်းမှ မအေမီဇင်၏ဖခင် အမည်မှန်မှာ ဦးဇော်မျိုးနိုင် ၅/မမန(နိုင်) ၀၃၈၂၈၃ ဖြစ်ပါကြောင်း။ **ဦးဇော်မျိုးနိုင်**

ပျောက်ဆုံးကြောင်း

နန်းဇိန်းကိုင်ရော်၏ M-၆၁၉၂၆၉ passport ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက ဖုန်း-၅၄၁၉၀၉ သို့ ဆက်သွယ်ပေးပါရန်။

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

အခွင့်အလမ်းဂျာနယ် စာဖတ်ပရိသတ်များအား အသိပေးအကြောင်းကြားခြင်း

အခွင့်အလမ်းဂျာနယ်အား ၂၀၀၅ ခုနှစ် စက်တင်ဘာလမှ စတင်ထုတ်ဝေလာခဲ့သည်မှာ ယခုဆိုလျှင် ရှစ်နှစ်တင်းတင်းပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။

အလုပ်ရှာဖွေနေသော လူငယ်များအတွက် အဆင်ပြေလွယ်ကူစေရန် အခွင့်အလမ်းဂျာနယ်၏ Facebook Account အား ဖွင့်လှစ်ပေးထားခဲ့ပါသည်။

သို့သော် ယခုအခါ မသမာသူအချို့မှ အခွင့်အလမ်းဂျာနယ်၏ Face Book စာမျက်နှာအား Hack လုပ်အတိုက်ခံခဲ့ရပါသည်။ သို့ဖြစ်ပါ၍ ၁၃-၉-၂၀၁၃ ရက် နောက်ပိုင်းတင်သော Post များမှာ အခွင့်အလမ်းဂျာနယ်၏ အာဘော်များမဟုတ်ကြောင်း စာဖတ်သူများအား လေးစားစွာ အသိပေး အကြောင်းကြားအပ်ပါသည်။

အလုပ်ရှာဖွေနေသော လူငယ်များအတွက် အလုပ်အကိုင်နှင့်ပတ်သက်သော နောက်ဆုံးရသတင်းများကို မကြာမီတွင် Facebook account အသစ် (opp Journal) ဖြင့် ဆက်လက်တင်ဆက်သွားမည်ဖြစ်ပါကြောင်း ထပ်လောင်း အသိပေးအပ်ပါသည်။

အခွင့်အလမ်းဂျာနယ်

[illegible]

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ၁၃၇ လမ်း၊ မအူကုန်းရပ်ကွက်၊ အမှတ် ၁၉ ဟုခေါ်တွင်သော မြေညီ(၁)လွှာတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

အထက်ဖော်ပြပါ (အလျား ၂၅ ပေ×အနံပေ၄၀) အကျယ်အဝန်းရှိ တိုက်ခန်းတစ်ခန်းနှင့် တိုက်ခန်းအတွင်း တွယ်ကပ်တပ်ဆင်အသုံးပြုလျက်ရှိသော ရေ၊ မီး၊ မီတာ၊ ကိုယ်ပိုင်မော်တာနှင့် တိုက်ခန်းအတွင်း စွဲကပ်ပစ္စည်းများ အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို ဝယ်ယူ၍ လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဦးအီမရန်း ၁၂/ပဘတ(နိုင်)၀၀၆၈၂၇ က ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေ ပေးအပ်ထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါတိုက်ခန်းအား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်းအထောက်အထား ခိုင်လုံစွာ ယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းဝယ်အပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေးရီ(LL.B) — **တရားလွှတ်တော်ရှေ့နေ(စဉ်-၄၃၇၃)**

ဒေါ်လှလှခိုင်(LL.B) — **တရားလွှတ်တော်ရှေ့နေ(စဉ်-၅၄၁၀)**

အမှတ်-၉/၁၁၊ အခန်းအမှတ် ၂၀၁ အေ၊ ဒုတိယထပ်၊ ၃၆ လမ်း(အောက်ဆုံး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ရက်ပေါင်း ၇၇ ရက်သာလိုတော့သည့် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသားစိတ်ဓာတ်အပြည့်ဖြင့်ပါဝင်ဆင်နွှဲ

ဆီးဂိမ်းအကြို မြန်မာ့လက်ဝှေ့ပြင်ဆင်မှုမြင်ကွင်း

တင်ဝင်းလေး(ကြည့်မြင်တိုင်)

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးကို ဒီဇင်ဘာလအတွင်း နေပြည်တော်၊ ရန်ကုန်၊ ငွေဆောင်တို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပတော့မည် ဖြစ်သည်။

ရွှေတံဆိပ်ဆုများကို ပိုင်ပိုင်ရယူ၍ အိမ်ရှင်နိုင်ငံ၏ဂုဏ်ကို မြှင့်တင်နိုင်ရန် အားကစားအဖွဲ့အစည်းတို့သည် အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်းကာ အကြို(Test Match) ပြိုင်ပွဲများကို ကျင်းပလျက်ရှိနေသည်။

မြန်မာ့အလင်း သတင်းအဖွဲ့သည် ဆီးဂိမ်းပြိုင်ပွဲကြီးအတွက် လူရွေးပွဲ ပြုလုပ်နေသည့် ၂၀၁၃ ခုနှစ် အမျိုးသားတံခွန်စိုက် လက်ဝှေ့ပြိုင်ပွဲ ကျင်းပရာ နေပြည်တော်ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(စီ)ရုံသို့ ရောက်ရှိလာခဲ့ကြသည်။

လက်ဝှေ့ပြိုင်ပွဲကျင်းပရာ အတွင်းဆောင်ဆီမှ အားပေးမှုအသံတို့သည် ကွင်းအပြင်သို့တိုင် လျှံထွက်နေသည်။ အမျိုးသားတံခွန်စိုက်ပြိုင်ပွဲသို့ ဌာနဆိုင်ရာနှင့် ကလပ်အသင်းများ၊ နေပြည်တော်၌ စခန်းသွင်းထားသော Gold Camp လက်ဝှေ့အားကစားသမားများ စုစုပေါင်း ၁၆ သင်း ဝင်ရောက်ယှဉ်ပြိုင်လျက် ရှိနေကြောင်း သိရသည်။

မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးရန်ဝင်းက “ကျွန်တော့်အနေနဲ့ ဒီလက်ဝှေ့အဖွဲ့ချုပ်ကို ပြီးခဲ့တဲ့ဆီးဂိမ်း မတိုင်မီ ၂၀၁၀ ဇွန်လကတည်းက စတင်တာဝန်ယူခဲ့တာ ဖြစ်ပါတယ်”ဟု ဦးစွာပြောပြပေးသည်။

ဆက်လက်၍ “(၂၆)ကြိမ်မြောက် ဆီးဂိမ်း အတွေ့အကြုံတွေလည်း အများကြီးရထားပါတယ်။ နည်းပြဆိုတရုတ်နည်းပြတစ်ဦး၊ ကာဇက်စတန်က နည်းပြတစ်ဦး ပေါင်းနည်းပြ နှစ်ဦးနဲ့ လေ့ကျင့်လာခဲ့ပါတယ်။ ကာဇက်စတန်နည်းပြက (၂၆)ကြိမ်မြောက် ဆီးဂိမ်းမတိုင်မီကတည်းက လေ့ကျင့်ပေးလာတာဖြစ်ပါတယ်။ ကာဇက်စတန်ကိုသွားပြီး သူတို့ဆီက လက်ဝှေ့အသင်းတွေနဲ့ ပူးတွဲလေ့ကျင့်ပေးခဲ့တာ နှစ်ကြိမ်ရှိပါပြီ။ တရုတ်နိုင်ငံမှာလည်း သွားရောက်လေ့ကျင့်ပေးခဲ့ပါတယ်။ အခုအနေအထားနဲ့ဆို ဒီနှစ်ဆီးဂိမ်းမှာ ရွှေသုံးခုလောက်မှန်းထားပါတယ်”ဟု ဆိုခဲ့ပါသည်။

ဦးရန်ဝင်း ဥက္ကဋ္ဌ
(မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်)

ဦးတင်လှိုင် အတွင်းရေးမှူး
(မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်)

အမျိုးသားတံခွန်စိုက် လက်ဝှေ့ပြိုင်ပွဲအကြို (Test Match) ပွဲများကို စက်တင်ဘာ ၁၄ ရက်မှ ၁၇ ရက်အထိ ကျင်းပခဲ့ခြင်းဖြစ်သည်။ သက်ငယ်တန်းမှ ကလေးများ၏ လက်ရည်ကလည်း မခေလှပေ။ ခြေအနှုတ်အသိမ်းက လှသလို၊ ထိုးချက်လက်သီးများက အားပါလှသည်။ ထို့အတူ ရှောင်ကွက်တို့က အသည်းယားဖွယ် ကြည့်ကောင်းလှသည်။ မြန်မာ့လက်ဝှေ့လောကအတွက် အနာဂတ်ကြယ်ပွင့်လေးများဟုပင် ဆိုရမည်ဖြစ်သည်။

ဗိုလ်လုပွဲတွင် အမျိုးသမီး ၅၁ ကီလိုတန်း၌ မြတ်နိုးသူ(PTC)နှင့် နန်းသက်ထားစံ(လယ်/ဆည်) တို့၏ပွဲက ပရိသတ်အကြိုက်တွေ့စေခဲ့သည်။ နန်းသက်ထားစံ (လယ်/ဆည်)မှာ ပြီးခဲ့သော (၂၆)ကြိမ်မြောက်ဆီးဂိမ်း၌ ငွေတံဆိပ်ရထားသူလေးဖြစ်သည်။

အမျိုးသားအလွတ်တန်း ပြိုင်ပွဲတွင် ၄၉ ကီလိုတန်းမှ ရဲမင်းဦး(မော်ကျွန်း)နှင့် ထက်အောင်(ရန်ကုန်မြို့တော်စည်ပင်)အတွဲ၊ ၅၂ ကီလိုတန်း၌ ဝေဖြိုးထွန်း(ပြည်ထဲရေး)နှင့် မောင်ငယ်(ကာကွယ်ရေး)အတွဲ၊ ၆၀ ကီလိုတန်း၌ ပြည့်ဖြိုးဟိန်း(Gold Camp-A)နှင့် ကျော်ကျော်ထက် (ရန်ကုန်မြို့တော်စည်ပင်)အတွဲ၊ ၈၁ ကီလီတန်း၌ ကျော်ဇင်ဝင်း(PTC)နှင့် အောင်ကိုကို (ပြည်ထဲရေး)တို့မှာ ပရိသတ်အားပေးမှု လက်ခုပ်သံညံခဲ့သောပွဲများ ဖြစ်သည်။

ထပ်မံ၍ မြန်မာ့အလင်းသတင်းအဖွဲ့အနေဖြင့် အာရှလက်ဝှေ့ပြိုင်ပွဲ ကျင်းပရေးဗဟိုကော်မရှင်နာ၊ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးတင်လှိုင်နှင့် ထပ်မံတွေ့ဆုံမေးမြန်းခဲ့သည်။

“တကယ်တော့ ဒီပြိုင်ပွဲက ဆီးဂိမ်းအတွက် လူရွေးပွဲဖြစ်သလို မြန်မာနိုင်ငံအနေနဲ့ နိုင်ငံတကာအဆင့်မီ လက်ဝှေ့ဒိုင်လူကြီးများ ထွက်ပေါ်ရေးအတွက် အရည်အချင်းစစ်တဲ့ပွဲတစ်ခုလို့လည်း ဆိုရမှာဖြစ်တယ်။ဒိုင်အရည်အချင်းစစ်ပွဲမှာ မြန်မာ့လက်ဝှေ့ဒိုင်လူကြီး ၁၁ ဦးအပြင် သီရိလင်္ကာနိုင်ငံက ဒိုင်လူကြီးနှစ်ဦးကလည်း လာရောက်အစစ်ဆေးခံနေတာ ဖြစ်ပါတယ်”။

ဆက်လက်၍ “လာရောက်အကဲဖြတ်တဲ့သူတွေက ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ် အသိအမှတ်ပြု International Techanacal Offcial များ ဖြစ်ပါတယ်။ ဒိန်းမတ်နိုင်ငံက LARS BROVil နဲ့ ဖိလစ်ပိုင်နိုင်ငံက DANTE A.DE CASTRO တို့ ဖြစ်ပါတယ်။ အခုလက်ဝှေ့ပြိုင်ပွဲမှာ ဒိုင်တွေရဲ့ ဖြေဆိုဆောင်ရွက်မှုကို အချိန်နဲ့တစ်ပြေးညီ ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ်နဲ့ အာရှလက်ဝှေ့အဖွဲ့ချုပ်ဆီကို တန်းပို့နေတာဖြစ်တယ်။ ဒီဆီးဂိမ်းမှာ နိုင်ငံတကာအသိအမှတ်ပြု မြန်မာ့လက်ဝှေ့ဒိုင်လူကြီးများက ပါဝင်ဆောင်ရွက်ခွင့်ရသွားတော့မှာပါ”ဟု ရှင်းလင်းပြောကြားခဲ့သည်။

လေ့ကျင့်မှုများနှင့် ပတ်သက်၍ မေးကြည့်ရာ ဦးတင်လှိုင်ကပင်“လက်ဝှေ့အားကစားသမားတွေ ရွေးချယ်ပြီးတဲ့အခါ အောင်နိုင်ရေးအတွက် အောက်တိုဘာနဲ့ နိုဝင်ဘာထဲမှာ ကာဇက်စတန်နိုင်ငံကို သွားရောက်ပြီး သူတို့ဆီက ကလပ်အသင်းတွေနဲ့ ပူးတွဲလေ့ကျင့်သွားဦးမှာပါ”ဟု ဆိုခဲ့သည်။

ယခုနှစ်ဆီးဂိမ်း၌ အမျိုးသား ဝိတ်တန်းရှစ်တန်းနှင့် အမျိုးသမီးဝိတ်တန်း ခြောက်တန်း ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိခဲ့ရသည်။

နန်းသက်ထားစံ (လယ်/ဆည်)

အောင်ကိုကို (ပြည်ထဲရေး)

အမျိုးသမီး အလွတ်တန်း၌ အကောင်းဆုံးဆုရ နန်းသက်ထားစံ (လယ်/ဆည်)က “သမီးအတွက် ဒီဆီးဂိမ်းကရွှေနှစ်ပါပဲ”ဟု လေ့ကျင့်ခန်းဝင်ရင်းမှ အားမာန်အပြည့်ဖြင့် ဆိုခဲ့သည်။ ပြီးခဲ့သောအကြိမ်က အမှတ်ဖြင့်ကပ်၍ ရွှေတံဆိပ်ဆုနှင့် လွဲခဲ့ရသော အောင်ကိုကို(ပြည်ထဲရေး)ကလည်း “ဒီနှစ်မှာတော့ ပြီးခဲ့တဲ့ဆီးဂိမ်းက လက်လွှတ်လိုက်ရတဲ့ ရွှေတံဆိပ်ကို မရရအောင် ပြန်ယူသွားမှာပါ”ဟု ၎င်း၏ ရည်မှန်းချက်ကို ပြောပြခဲ့သည်။

မြန်မာ့လက်ဝှေ့သမိုင်းကို ပြန်ပြောင်းကြည့်ပါက ၁၉၉၉ ခုနှစ် (၂၀)ကြိမ်မြောက် ဆီးဂိမ်း၌ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်လေးခု၊ ၂၀၀၁ ခုနှစ် (၂၁) ကြိမ်မြောက်၌ ကြေးတံဆိပ်ခြောက်ခု၊ ၂၀၀၃ ခုနှစ် (၂၂)ကြိမ်မြောက်၌ ကြေးတံဆိပ်နှစ်ခု၊ ၂၀၀၅ ခုနှစ် (၂၃)ကြိမ်မြောက်၌ ငွေတံဆိပ်လေးခု၊ ကြေးတံဆိပ်နှစ်ခု၊ ၂၀၀၇ ခုနှစ် (၂၄)ကြိမ်မြောက်၌ ကြေးတံဆိပ်လေးခု၊ ၂၀၀၉ ခုနှစ် (၂၅)ကြိမ်မြောက်၌ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ် သုံးခု ၂၀၁၁ ခုနှစ် (၂၆)ကြိမ်မြောက်၌ ငွေတံဆိပ် သုံးခု၊ ကြေးတံဆိပ်လေးခု ရရှိထားကြောင်း မှတ်တမ်းများအရ သိရသည်။

မြို့နယ်ခွဲအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ခိုလမ်မြို့
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လွိုင်လင်ခရိုင်၊ နမ့်စန်မြို့နယ်၊ ခိုလမ်မြို့နယ်ခွဲ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရုံးဝင်းသွပ်ဆူးကြိုးကာရံခြင်း (၆၇၆ ပေ× ပေ ၃၀၀) လုပ်ငန်းဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါအား ၂၇-၉-၂၀၁၃ရက် နောက်ဆုံးထား၍ တင်ဒါပေးသွင်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့၊ ခိုလမ်မြို့

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
အထူးစီမံကိန်းကြီးအဖွဲ့(၅)
ရန်ကုန်တိုင်းဒေသကြီး
အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အထူးစီမံကိန်းကြီးအဖွဲ့(၅)မှဆောင်ရွက်သည့်တံတားလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်လျက်ရှိသော အောက်ဖော်ပြပါ ဆောက်လုပ်ရေးပစ္စည်းများကို မြန်မာငွေ(ကျပ်)ဖြင့်ဝယ်ယူလိုပါသည်။

(၁)	သံချောင်းလုံး(ရှယ်စုံ)	(၅၄၃.၅) တန်
(၂)	တောသစ်	(၂၀၀) တန်
(၃)	Binding Wire	(၁၇၅) ဖာ
(၄)	ဝါကြိုး (D28)	(၈၀၀၀) ပေ

တင်ဒါပိတ်မည့်နေ့ရက်/အချိန်	- ၄. ၁၀. ၂၀၁၃ရက်၊ (၁၃း၀၀)နာရီ
တင်ဒါဖွင့်မည့်နေ့ရက်/အချိန်	- ၄. ၁၀. ၂၀၁၃ရက်၊ (၁၄း၀၀)နာရီ
တင်ဒါစိစစ်ရွေးချယ်ရမည့်နေရာ	- ဘုရင့်နောင်တံတားအမှတ်(၂) တည်ဆောက်ရေးစီမံကိန်းရုံး မရမ်းကုန်းမြို့နယ်။

တင်ဒါစည်းကမ်းအချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို (၂၃. ၉. ၂၀၁၃)ရက်နေ့မှစ၍ ရုံးချိန်အတွင်းစုံစမ်းဝယ်ယူနိုင်ပါသည်။

ဘုရင့်နောင်တံတားအမှတ်(၂)တည်ဆောက်ရေးစီမံကိန်း

နိုင်ငံတကာအားကစားသတင်း

အနိုင်ရလဒ်နဲ့ သုံးမှတ်သေချာဦးမယ့် ဘာစီလိုနာ

မိုးမြင့်လင်းလက်

စပိန်မြေက လာလီဂါပွဲစဉ်တွေကို လာမယ့် စက်တင်ဘာ ၂၅ ရက်မှာ ဆက်လက်ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာတော့ ဘာစီလိုနာနဲ့ ဆိုစီဒက်၊ အယ်လ်ချီနဲ့ ရီးရဲမက်ဒရစ်တို့ပွဲတွေက စောင့်ကြည့်ရမယ့်ပွဲတွေဖြစ်နေတာမို့ အလေးထားကစားရပါလိမ့်မယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကြားရက်မှာ ကစားရမယ့် ဒီပွဲစဉ်တွေကိုတော့ မလွတ်တမ်းအားပေးရမှာဖြစ်ပါတယ်။

ဘာစီလိုနာအသင်းသားများ

ဘာစီလိုနာနှင့် ဆိုစီဒက်

အိမ်ကွင်းမှာ ဘာစီလိုနာဟာ အနိုင်သုံးမှတ်ကိုရယူမယ့်ပွဲပါပဲ။ ဘာစီလိုနာမှာ တိုက်စစ်အင်အားကောင်းသလို ကွင်းလယ်ထိန်းချုပ်လွှမ်းမိုးနိုင်တဲ့ ခြေစွမ်းလည်းရှိနေပါတယ်။ ဆိုစီဒက်နဲ့အိမ်ကွင်းမှာ ကစားတိုင်း ဘာစီလိုနာတို့နိုင်ပွဲရရှိခဲ့တာချည်းပါပဲ။ ဒီနှစ်ဘောလုံးရာသီမှာ ဘာစီလိုနာဟာ အကောင်းဆုံးခြေစွမ်းပြသနိုင်နေသလို ပွဲတိုင်းရလဒ်ကောင်းအောင်လည်း ဖန်တီးနိုင်စွမ်းရှိပါတယ်။ ဒီပွဲဟာ ဆိုစီဒက်အတွက် အမြင့်ဆုံးမျှော်မှန်းနိုင်တာက သရေပွဲဖြစ်ပြီး အနိုင်ဆိုတာကိုတော့ စိတ်ကူးထဲက ထုတ်ထားရဦးမယ့်ပွဲပါပဲ။

အယ်လ်ချီနှင့် ရီးရဲမက်ဒရစ်

ဒီနှစ်ဘောလုံးရာသီမှာ လာလီဂါကို တန်းတက်လာတဲ့ မျက်နှာသစ် အယ်လ်ချီတို့အတွက်ကတော့ ပွဲကျပ်ပါပဲ။ အယ်လ်ချီဟာ ခြေစွမ်းတည်ငြိမ်ပေမယ့် ရီးရဲမက်ဒရစ်လိုအသင်းမျိုးနဲ့ ရင်ဆိုင်ရမှာမို့ ခက်ခဲမယ့်အနေအထားဖြစ်နေပါတယ်။ အယ်လ်ချီကွင်းမှာ ကစားရတိုင်း ရီးရဲမက်ဒရစ်တို့ အကြိတ်အနယ်ကစားရတာမို့ ဒီပွဲမှာလည်း ဒိုလေးနဲ့ ဂါရက်ဘေးလ်တို့အတွဲရဲ့ လှုပ်ရှားမှုတွေက ရီးရဲမက်ဒရစ်ကို ကံကောင်းဖို့ဖြစ်စေမလားဆိုတာ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

လီဗန်တေးနှင့် ဗယ်လာဒိုလစ်

ဗယ်လာဒိုလစ်ရဲ့ခြေစွမ်းက ခန့်မှန်းရခက်တဲ့ အသင်းတွေမှာပါဝင်ပါတယ်။ ထိပ်တိုက်တွေ့ဆုံမှုတွေမှာ လီဗန်တေးတို့က နိုင်ပွဲရယူခဲ့တာများပေမယ့် လူသစ်တွေနဲ့ အားဖြည့်ထားတဲ့ ဗယ်လာဒိုလစ်တို့က လီဗန်တေးကို အခက်တွေ့အောင်ကစားမှာ သေချာပါတယ်။ ဒါပေမယ့် လီဗန်တေးရဲ့ ခြေစွမ်းက မထင်မှတ်တဲ့ ရလဒ်တွေကို ပုံဖော်နိုင်တာမို့ ဒီပွဲရဲ့ ရလဒ်က ဗယ်လာဒိုလစ်တို့ကို ကျေနပ်စရာမဖြစ်တာ စိုးရိမ်စရာပါပဲ။

ဘီလ်ဘာအိုနှင့် ဘက်တစ်

အိမ်ကွင်း၊ အဝေးကွင်းခြေစွာတဲ့ ဘက်တစ်ကို အိမ်ရှင်တို့ဘယ်လိုထိန်းနိုင်မလဲဆိုတာ ရင်ပူစရာဖြစ်ပါတယ်။ တစ်ကျော့စီအပြန်အလှန်အနိုင်ယူနေကြတဲ့ အသင်းတွေမို့ ဘီလ်ဘာအိုတို့ အမာခံကစားသမားတွေ အကုန်ထုတ်သုံးမှုရပါလိမ့်မယ်။ ဒါပေမယ့် ဘီလ်ဘာအိုဟာ ဘက်တစ်ကို လျော့တွက်မှာမဟုတ်တဲ့အတွက် သေသေချာချာ ပြင်ဆင်ကစားပါလိမ့်မယ်။ ဘီလ်ဘာအိုတို့ အိမ်ရှင်ဆိုတဲ့အားနဲ့ ဒီပွဲမှာဝံ့ကြွားလို့တော့ မရနိုင်ပါဘူး။

စက်တင်ဘာ ၂၄ / ၂၅ ကစားမည့် ဘောလုံးပွဲစဉ်များ

သီဟ

Capital One Cup

ဘန်လေ	-	**နော့တင်ဟမ်**	နံနက် ၁း၁၅	စက်တင်ဘာ ၂၅
ဟားလ်စီးတီး	-	ဟက်ဒါဖီးလ်	နံနက် ၁း၁၅	စက်တင်ဘာ ၂၅
လက်စတာ	-	ဒါဘီ	နံနက် ၁း၁၅	စက်တင်ဘာ ၂၅
မန်စီးတီး	-	ဝီဂန်	နံနက် ၁း၁၅	စက်တင်ဘာ ၂၅
ဆောက်သမ်တန်	-	ဘရစ္စတိုး	နံနက် ၁း၁၅	စက်တင်ဘာ ၂၅
ဆန်းဒါးလန်း	-	ပီတာဘရော့	နံနက် ၁း၁၅	စက်တင်ဘာ ၂၅
ဆွန်ဒန်တောင်း	-	**ချယ်လ်ဆီး**	နံနက် ၁း၁၅	စက်တင်ဘာ ၂၅
အက်စ်တွန်ဗီလာ	-	စပါး	နံနက် ၁း၁၅	စက်တင်ဘာ ၂၅
ဝက်ဖို့ဒ်	-	နော့ဝစ်ချ်	နံနက် ၁း၁၅	စက်တင်ဘာ ၂၅
ဝက်စ်ဟမ်း	-	**ကာဒစ်**	နံနက် ၁း၁၅	စက်တင်ဘာ ၂၅
ဖူလ်ဟမ်	-	**အဲဗာတန်**	နံနက် ၁း၃၀	စက်တင်ဘာ ၂၅

ပြင်သစ်လီဂူး ပွဲစဉ်(၇)

လိုင်လီ	-	အီဗီယန်	ည ၁၁း၃၀	စက်တင်ဘာ ၂၄
မာဆေး	-	စိန့်အက်တီယန်	နံနက် ၁း၃၀	စက်တင်ဘာ၂၅

အီတလီစီးရီးအေ ပွဲစဉ်(၅)

အူဒီးနိစ်	-	ဂျီနိုအာ	နံနက် ၁း၁၅	စက်တင်ဘာ ၂၅

စပိန်လာလီဂါ ပွဲစဉ်(၆)

ဘာစီလိုနာ	-	ဆိုစီဒက်	နံနက် ၀၀း၃၀	စက်တင်ဘာ ၂၅
လီဗန်တေး	-	ဗယ်လာဒိုလစ်	နံနက် ၀၀း၃၀	စက်တင်ဘာ ၂၅
အက်သလက်တီကို	-	အိုဆာဆူနာ	နံနက် ၂း၃၀	စက်တင်ဘာ ၂၅
မာလာဂါ	-	အဲလ်မာရီးယား	နံနက် ၂း၃၀	စက်တင်ဘာ ၂၅

အနိုင်ရရှိနိုင်သော အကြိုက်တွေ့သည့် အသင်းများ စာလုံးအမည်းဖြင့်ဖော်ပြထားပါသည်။

ဆန်းဒါးလန်းနည်းပြ နတ်ထွက်

ဆန်းဒါးလန်းနည်းပြ ပေါ်လိုဒိုင်ကာနီယိုသည် ဆန်းဒါးလန်းကို နည်းပြအဖြစ် ၁၃ ပွဲ ကိုင်တွယ်ခဲ့ပြီးနောက် နည်းပြအဖြစ်မှ နုတ်ထွက်သွားသည်။ ယခုနှစ်ရာသီတွင် ဆိုးရွားသောရလဒ်များကြောင့် နည်းပြကာနီယိုအနေဖြင့် နုတ်ထွက်ခဲ့ရသည်ဟု ဆိုသည်။ အသက် ၄၅ နှစ်ရှိ ကာနီယိုသည် မတ်လက နည်းပြဖြစ်လာပြီး ၁၃ ပွဲတွင် သုံးပွဲသာ အနိုင်ကစားနိုင်ခဲ့သည်။ နည်းပြကီဗင်ဘောလက ဆန်းဒါးလန်းကို ဝင်ရောက်ကိုင်တွယ်လိမ့်မည်ဟု ဆိုသည်။

ဆွီဒင်ဂေါက်သီးကစားသမား ဒေါ်လာ ၁၀ သန်း ဆွတ်ခူး

အတ္တလန္တာ၌ ကျင်းပသော FedEx Cupဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဆွီဒင်ဂေါက်သီး ကစားသမား ဟင်းရစ်စတင်ဆွန်သည် သတ်မှတ်ရိုက်ချက်ထက် ၁၃ ချက်လျော့ရိုက်ပြီး ဖလားဆွတ်ခူးသွားသည်။ ယင်းဆုဖလားသည် ၎င်းအတွက် ပထမဆုံးသော ဥရောပဖလားဖြစ်သည်။ အသက် ၃၇ နှစ်ရှိ စတင်ဆွန်သည် ဆုကြေးငွေ ပေါင် ၈၇၅၀၀၀ နှင့် FedEx Cup ဘောနတ်ဆုပေါင် ၆ ဒသမ ၃ သန်း ဆွတ်ခူးရရှိသွားခဲ့သည်။ ယင်းဆုကြေးငွေနှစ်ရပ်ပေါင်းမှာ ဒေါ်လာ ၁၀ သန်းရှိသည်။

ကောင်းမြတ်သူ-စုစည်းသည်

ကုသိုလ်တော်၊ စန္ဒာမုနိ၊ ကျောက်တော်ကြီးဘုရားပွဲတော် ဈေးဆိုင်ခန်းထွက်မည့်ဈေးသည်များသိစေရန် ကြေညာခြင်း

ကုသိုလ်တော်၊ စန္ဒာမုနိ၊ ကျောက်တော်ကြီးဘုရားပွဲတော် ဈေးဆိုင်ခန်းများကို ၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော်(၅)ရက်နေ့မှ စတင်ရောင်းချပြီး လူဟောင်းများကို ၁၃၇၅ ခုနှစ် တော်သလင်းလပြည့်ကျော် (၁၁)ရက်နေ့ နောက်ဆုံးထား ရောင်းချပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အိတ်ပိတ်တင်ဒါခေါ်ယူခြင်း

ရှမ်းပြည်နယ်တောင်ပိုင်း၊ ညောင်ရွှေမြို့နယ်၊ အင်းလေးဖောင်တော်ဦးဘုရားရွှေဆိုင်းရောင်းချခွင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက် - ၂၇-၉-၂၀၁၃ ရက် နံနက် ၁၀ နာရီ

အိတ်ပိတ်တင်ဒါလျှောက်လွှာပုံစံများကို ၂၄-၉-၂၀၁၃ ရက်တွင် စတင်ရောင်းချမည်ဖြစ်ပြီး တင်ဒါစည်းကမ်းများကို အသေးစိတ်သိရှိလိုပါက စုံစမ်းမေးမြန်းနိုင်ပါသည်။

ဂေါပကအဖွဲ့ရုံး

ဖုန်း-၀၉-၅၂၁၄၀၃၀၊ ၀၉-၄၂၈၃၆၃၈၄၇

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကာယရပ်ကွက်၊ ကာယ ၂ လမ်း၊ မြေကွက်အမှတ် ၂၆၅ ဟုခေါ်တွင်သည့် အကျယ်(အလျား ပေ ၁၀၀×အနံ ပေ ၁၀၀)ရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ ယခု အခေါ် ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ကာယရပ်ကွက်၊ သော်ကလမ်းနှင့် မဉ္ဇူ လမ်းထောင့်၊ အမှတ် ၄၁ ဟုခေါ်တွင်သည့် နှစ်ထပ်အုတ်ညှပ်အိမ်တစ်လုံး၊ မီတာ၊ ရေမော်တာအပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်ဝယ်ယူ ပိုင်ဆိုင်ထားသူ ဦးသွင်ဦး ၁၂/တမန (နိုင်)၀၄၁၈၆၃၊ AF-၀၄၉၆၃၇ ထံမှ ကျွန်ုပ်ကဝယ်ယူရန် မြေနှင့်အိမ်တန်ဖိုးငွေ၏ စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေနှင့်အိမ် ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်မြလဲ့ဝင်း ၁၂/မရက(နိုင်)၀၂၈၅၇၅၊ ဖုန်း-၀၉-၅၁၅၁၈၃၃**

ဒေါ်ကလျာ M.A(English),Dip in E.L.T(YU), Dip in Global English

7stars (ရာထူးဝင်သင်တန်းကြီး)

လ/ထ ဆရာဝန်

လ.ဝ.က ၊ ဆက်သွယ်ရေး ၊ အလုပ်သမား၊ ဘဏ္ဍာရေး ၊ ပြန်ကြားရေး ၊ ပို့ဆောင်ရေး

တိုက်(18 / 3B)၊ သခြေပြည်ကွန်ဒို(၁)၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ကျောင်းခွဲ (လှိုင်၀) မရှိပါ။

09.49282366, 09.49653992, 09.421052736

မသက်ဆိုင်ပါ

ကျွန်တော်၏ဇနီးဖြစ်သူ မသီတာထွေး (ဘ)ဦးကိုကိုကြည်၏သမီး ၁၂/ပဘတ(နိုင်)၀၀၂၉၀၂ ကိုင်ဆောင်သူသည် ၁၉-၉-၂၀၁၃ ရက်တွင် ခွင့်မလွှတ်နိုင်သော လူမှုရေးကိစ္စကျူးလွန်၍ နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ ကျွန်တော်နှင့် မသက်ဆိုင်တော့ပါ။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို (လုံး၀)လုံး၀ တာဝန်မယူပါ။ ကျွန်တော့်အား ထပ်မံအနှောက်အယှက်ပေးမည်ဆိုပါက ဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ခင်ပွန်း-ဟာဂျီဦးဘိုနီဝင်း

၁၂/ကတတ(နိုင်)၀၂၅၁၈၄

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ် ၄၀၅၊ မြေကွက်တည်နေရာအမှတ် ၄၀၅၊ မြရတနာ ၃ လမ်း၊ ၁ ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ဒေါ်မြင့်မြင့်သန်း ၁၂/မရက(နိုင်)၀၇၅၄၆၃၊ ဒေါ်ခင်ဝင်းသန်း ၁၂/ဥကမ(နိုင်)၀၄၁၄၅၈ အမည်ပေါက်နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်နှစ်ဦးအနက် ဒေါ်မြင့်မြင့်သန်း(ညီမ) အပျိုကြီး ကွယ်လွန်သဖြင့် ဒေါ်ခင်ဝင်းသန်း ၁၂/ဥကမ(နိုင်)၀၄၁၄၅၈က တစ်ဦးတည်းသောအစ်မတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖခင်အမည်မှန်

အထက-၅၊ တာမွေ၊ တက္ကသိုလ်ဝင်တန်း(B)မှ မောင်အာကာစိုး၏ ဖခင်အမည်မှန်မှာ ဦးအာလီအာမွတ် ဖြစ်ပါသည်။

ဦးအာလီအာမွတ်

တွေ့ရှိက ကျေးဇူးဆပ်ပါမည်

Laptop နှစ်လုံး (hp 1000-1b03AU Serial Number: 5CG3031W6G) နှင့် (Dell N4050 Serial Number:3RFSKT1) တို့ ပျောက်ဆုံးသွားပါသည်။ အရေးကြီး Data အချက်အလက်များ ထည့်သွင်းထားပါသဖြင့် တွေ့ရှိသူအား ထုက်ထိုက်တန်တန် ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၁-၃၈၅၀၅၂၊ ၃၈၅၅၇၃၊ ၃၉၁၃၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ရုံးအမှတ်(၃၂)၊ နေပြည်တော်ရေး ဖြေစာမေးပွဲနှင့် လူတွေ့စစ်ဆေးခြင်းရက်ကြေညာခြင်း

၁။ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ပါလစာနှုန်းအလိုက် အမှုထမ်းရာထူးနေရာ ၃၂နေရာအတွက် လျှောက်လွှာခေါ်ယူထားပါသည်-

စဉ်	ရာထူးလစာနှုန်း	လစ်လပ်ဦးရေ	
(က)	(၆၇၀၀၀-၁၀၀၀-၇၂၀၀၀)	- ၁၄	၃၂ နေရာ
(ခ)	(၆၁၀၀၀-၁၀၀၀-၆၆၀၀၀)	- ၅	
(ဂ)	(၅၅၀၀၀-၁၀၀၀-၆၀၀၀၀)	- ၁၃	

၂။ လျှောက်ထားသူသည် အောက်ပါဘာသာရပ်တွင် ပါဝင်သောရေးဖြေစာမေးပွဲကို ဖြေဆိုရမည်။ ဘာသာရပ်တစ်ခုလျှင် ဖြေဆိုချိန် ၁ နာရီသတ်မှတ်ထားသည်-

(က) မြန်မာစာ

(ခ) အင်္ဂလိပ်စာ

(ဂ) အထွေထွေဗဟုသုတ

၃။ ၂၈-၉-၂၀၁၃ ရက်(စနေနေ့)တွင် ရေးဖြေစာမေးပွဲကို နေပြည်တော်၌ ဖြေဆိုရမည်။ ထိုနေ့မတိုင်မီ တစ်ရက်ကြိုတင်၍ ဖြေဆိုခွင့်ကတ်ပြားနှင့် ခုံနံပါတ်များကို ထုတ်ပေးမည်။

၄။ ရေးဖြေစာမေးပွဲ အောင်မြင်သူများကိုသာ ၅-၁၀-၂၀၁၃ ရက် (စနေနေ့)တွင် လူတွေ့စစ်ဆေးခြင်း ပြုလုပ်မည်။

၅။ အသေးစိတ်အချက်အလက်များကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ စီမံခန့်ခွဲရေးနှင့် ငွေစာရင်းဌာနသို့ ဖုန်း-၀၆၇-၄၀၆၁၂၅၊ ၀၆၇-၄၀၆၁၆၈ သို့ ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

DMA အသိအမှတ်ပြု O.O.W နှင့် Chief Mate

အောက်တိုဘာ တန်းခွဲများ ကြိုတင်အပ်နှံနိုင်ပါပြီ။

ECDIS နှင့် RADAR / ARPA 7.10.2013 စမည်။

ကပ္ပတိန်စမ်းမိုးအောင် (ကျောင်းအုပ်ကြီး)

(Master Mariner, Fleetwood,U.K.), နှင့်

သင်ကြားမှုဝါရင့်ကပ္ပတိန်ကြီးများ၊ Ph.D Instructor များ စုစည်းသင်ကြားမည်။

စက်တင်ဘာလ နှင့် အောက်တိုဘာလအတွင်း

20% Discount

SUCCESS MARITIME ACADEMY

No.(131), Bogalayzay Street, Ph: 256954,202046,392048

ဆောင်းပါးနှင့်နယ်သတင်း

ရင်းမာကြိုင်သင်း တော်သလင်း မြစ်တွင်း ဆင်နွဲ လှေပြိုင်ပွဲ

"သာစွလေ၊
မြစ်ရေကမ်းပြည့်၊ ထန်းလည်း မှည့်၍
စည့်စည့်မိုးလ၊ ဘဒြနှင့်(ဘဒ္ဒရနှင့်)
ပြည့်ပအညီ၊ ကန်ရာသီဟု
အာနီမြခိုင်၊ ရင်းမာလှိုင်က
မွှေးကြိုင်နံ့ရှင်း၊ တော်သလင်းကား
မြစ်တွင်းရတု၊ ပန်းလှသဘင်
သစ်ဆင်းယင်လျက်---"

ဆည်သည်ရှာစားဦးအောင်ကြီး

တော်သလင်းလသည် မြန်မာလများ၏ ခြောက်ခုမြောက်လဖြစ်သည်။ "တော်"မှာ ကောင်းကင်၊ "သာလင်း"မှာ သာယာထွန်းလင်းခြင်းဟူ၍ အဓိပ္ပာယ်ထွက်ရှိရာ တော်သလင်း၌ မိုးကောင်းကင်တစ်ခွင် မိုးသားတိမ်လိပ်တို့ကင်းစင်သဖြင့် ကြည်လင်လျက်ရှိတတ်သည်။"တော်သလင်းနေ ပုစွန်သေ"ဟု ဆိုကြသကဲ့သို့ တော်သလင်းနေသည် အလွန်ပူပြင်းလှသည်။

မြစ်ရေပြင်ကား ကြည်လင်သောမိုးကောင်းကင်နှင့် လိုက်ဖက်ညီစွာ လျှိုင်းလေကင်းစင်သဖြင့် သင်ဖြူးခင်းထားသကဲ့သို့ ပြန့်ပြူးငြိမ်သက်လျက်ရှိသည်။ "တော်သလင်းမြစ်တွင်း သင်ဖြူးခင်း"ဟုပင် ဆိုကြသည်။ မိုးဥတုတွင် ပါဝင်သည့် တော်သလင်းတွင် တစ်ခါတစ်ရံ မိုးသည်းထန်စွာ ရွာချတတ်သည်။ "တော်သလင်းမိုး ကန်သင်းကျိုး"ဟုပင် ဆိုစမှတ်ပြုလောက်အောင် မိုးကြီးတတ်သည်။ တော်သလင်းမိုးကြောင့် စားဖိုချောင်က ထမင်းချက်များ မိုးရေရွှဲရွှဲတွင် ဆင်းရဲဒုက္ခခံကာ ချက်ပြုတ်ကြရ၏။ ထို့ကြောင့် "တော်သလင်းတိမ်ညို၊ စားဖိုးသည်ဆင်းရဲ မိုးမစဲ"ဟု မိုးလက္ခဏာဖွဲ့ခဲ့ကြသည်။

တော်သလင်းကို ပုဂံခေတ်ကျောက်စာတို့၌ "တ်သ္လင်၊ တာ်သလ္လာင်"ဟူ၍ အမျိုးမျိုးရေးကြသည်။ တော်သလင်းလ၏ ရာသီမှာ ကန်ရာသီဖြစ်သည်။ ရာသီရုပ်မှာ လက်တစ်ဖက်က ကောက်ဆုပ်၊ အခြားတစ်ဖက်က ဆီမီးတိုင်ကိုင်လျက် လှေစီးသော မိန်းမပျိုရုပ်သဏ္ဍာန်ရှိသည်ဟု ဇောတိတတ္တကျမ်းက ဆိုသည်။ ရင်းမာနှင့် ပဒုမ္မာကြာပန်းများ ပွင့်လန်းသောလဖြစ်သည်။

သီလ၏ အဓိပ္ပာယ်မှာ ကိုယ်ဖြင့်ပြုသော ကာယကံမှု၊ နှုတ်ဖြင့်ပြုသော ဝစီကံမှုတို့ကို ဖရိုဖရဲမဖြစ်စေဘဲ ကောင်းစွာထားခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်းပင် ဖြစ်သည်။ သီလသည် အထူးခြားဆုံး၊ အဆန်းကြယ်ဆုံး အဆင်တန်ဆာဖြစ်၍ အမွှေးပျံ့ဆုံး၊ ကြိုင်လှိုင်ဆုံးရနံ့ထူးလည်း ဖြစ်သည်။ ဓမ္မ ပဒပါဠိတော်တွင် "စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြက်ရုံးပန်းစသော ပန်းတကာတို့၏ အနံ့သည် လေထက်လေညာသို့မပျံ့နိုင်၊ မလှိုင်နိုင်ပေ။ သူတော်ကောင်းတို့၏ သီလတည်းဟူသော ဂုဏ်သတင်းအနံ့သည်ကား လေထက်လေညာသို့ပျံ့နှံ့ကြိုင်လှိုင်၏။ သီလတည်းဟူသော အနံ့သည် အတုမရှိဘဲထူးကဲမွန်မြတ်လှ၏။ သီလရှိသူသည် ထူးကဲမွန်မြတ်သူဖြစ်၍ နတ်ပြည်၊ ဗြဟ္မပြည်တို့သို့တိုင် ဂုဏ်သတင်းပျံ့နှံ့ကြိုင်လှိုင်လေသည်။

ယင်းကုရုဓမ္မခေါ် ဂရုဓမ္မဇာတ်တော် ပေါ်ပေါက်လာသည့်ကာလမှာ မိုးတွင်းကာလဖြစ်သဖြင့် တော်သလင်းလပြည့်နေ့ကို ဂရုဓမ္မအခါတော်နေ့ (ငါးပါးသီလအခါတော်နေ့)အဖြစ် သတ်မှတ်ကျင်းပကြခြင်းဖြစ်သည်။ သူတော်ကောင်းတို့ အလေးဂရုထား၍ စောင့်ထိန်းခြင်း၊ ရှောင်ကြဉ်ခြင်းဟူသည့် ကုရုဓမ္မသီလသည် ကမ္ဘာဦးအခါက စတင်ဖြစ်ပေါ်လာသည့်တရားဖြစ်၍ ပဝေဏီဓမ္မဟုလည်း ခေါ်ကြသည်။ ထို့ပြင် ဂရုဓမ္မငါးပါးသီလကို အခြားအမည်ထူးများဖြင့်လည်း ခေါ်ဆိုကြသေးသည်။(က)လူတိုင်းလိုက်နာကျင့်သုံးရမည့် တရားဓမ္မဖြစ်သဖြင့် "ဓမ္မတာသီလ"၊ (ခ)သူတော်ကောင်းတို့ အလေးဂရုထား၍ ကျင့်သုံးအပ်သဖြင့် "ဂရုဓမ္မသီလ"၊ (ဂ) စကြဝတေးမင်းတို့၏ ဓမ္မသတ်သဖွယ် ကျင့်သုံးသဖြင့် "စက္ကဝတ္တိဓမ္မသတ်"၊ (ဃ) ကုရုတိုင်းနေပြည်သူတို့လိုက်နာကျင့်သုံးသောတရားဖြစ်သဖြင့် "ကုရုဓမ္မ သီလ"၊ (င) အရေအတွက်အားဖြင့် ငါးပါးရှိသဖြင့် "ပဉ္စသီလ"၊ (စ) လူပုဂ္ဂိုလ်တို့၏ ကိုယ်ကျင့်တရားဖြစ်သဖြင့် "ဂဟဋ္ဌသီလ"၊ (ဆ) လူတို့အနေဖြင့် နိစ္စဓူဝ စောင့်သုံးအပ်သဖြင့် "နိစ္စသီလ"၊ (ဇ) မြတ်စွာဘုရားက စောင့်ထိန်းရန် ညွှန်ပြသော သီလဖြစ်၍ "ဝါရိတ္တသီလ"၊ (ဈ) အရိယပုဂ္ဂိုလ်တို့ နှစ်သက်မြတ်နိုးအပ်သဖြင့် "အရိယကန္တသီလ"နှင့် (ည) ကျင့်သုံးအပ်၊ ကျင့်သုံးသင့်၊ ကျင့်သုံးထိုက်သောကြောင့် "သိက္ခာပဒသီလ" သို့မဟုတ် "စာရိတ္တသီလ" စသည်ဖြင့် အမျိုးမျိုးခေါ်ဆိုကြသည်။

ရင်းမာကြိုင်သင်း ကန်ရာသီတော်သလင်းမှစတင်၍ လူတိုင်းလူတိုင်းသည် ဂရုဓမ္မ ငါးပါးသီလကို ခါးဝတ်ထဘီ၊ ပုဆိုးချည်သို့ အချိန်ကာလမရွေး စောင့်ထိန်းလိုက်နာကျင့်သုံးကြခြင်းဖြင့် ကမ္ဘာလောကကြီး၏ ငြိမ်းချမ်းမှု၊ တည်ငြိမ်မှု၊ သာယာမှုတို့ကို ဖော်ဆောင်၍ လူသားတို့၏ ဂုဏ်သတင်းကို သင်းပျံ့မွှေးထုံကြစေရန် လိုက်နာစောင့်ထိန်းကျင့်သုံးကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

တက္ကသိုလ်ညီညီသန့်

ဆေးယဉ်ပါးတီဘီရောဂါစစ်ဆေးမည့်စက်သစ်ကြီးများ တပ်ဆင်သွားမည်

ရန်ကုန် စက်တင်ဘာ ၂၃

တီဘီရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများ ပိုမိုတွင်ကျယ်စွာဆောင်ရွက်နိုင်ရေးအတွက် ဆေးယဉ်ပါးတီဘီရောဂါရှာဖွေရေး အဆင့်မြင့်စက်ပစ္စည်းများကို စတင်အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

ပြောကြား

အဆိုပါ ဆေးယဉ်ပါးတီဘီရောဂါရှာဖွေရေးစက်များကို ရန်ကုန်၊ တောင်ကြီး၊ မကွေးနှင့်လားရှိုးမြို့များရှိ တီဘီရောဂါတိုက်ဖျက်ရေးဌာနများ၌ထားရှိကာ တွက်ချက်စစ်ဆေးနိုင်မည်ဖြစ်ကြောင်း အမျိုးသား တီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းစက်ကို UNITAID အဖွဲ့က အာရှ၊ ဥရောပနှင့် အာဖရိကဒေသများရှိ နိုင်ငံပေါင်း ၂၀ ကျော်အတွက်စက်အလုံးရေ ၂၂၀လျှုဒါန်းခြင်းဖြစ်ပြီး ဆေးယဉ်ပါး တီဘီရောဂါအတွက် ရှာဖွေစစ်ဆေးမှုများပြုလုပ်နိုင်ရန် ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအတွင်းတီဘီရောဂါများအတွက်သလိပ်စစ်ဆေးခြင်းများ၊ ဓာတ်မှန်ရိုက်ခြင်းများဖြင့် အများဆုံးစစ်ဆေးကြသော်လည်း ဆေးယဉ်ပါး တီဘီရောဂါဟု သံသယရှိပါက ကျန်းမာရေး ဓာတ်ခွဲခန်းများနှင့် ပုဂ္ဂလိကဓာတ်ခွဲခန်းများ၌ ဆေးယဉ်ပါးတီဘီရောဂါပိုးမွေးမြူကာ သုံးလအချိန်ယူစောင့်ကြည့်ခြင်းဖြင့် စစ်ဆေးရခြင်းဖြစ်ရာ ယခုတပ်ဆင်မည့်စက်များမှာမူ နောက်ဆုံးပေါ် နည်းပညာမြင့် မော်လီကျူးအဆင့် ရောဂါရှာဖွေပေးခြင်းဖြစ်ပြီး အချိန် ၂နာရီသာကြာမြင့်သည့်အတွက် ဝေဒနာရှင်များအဖို့ အချိန်ကုန်သက်သာစွာ ဆေးကုသနိုင်တော့မည်ဖြစ်ကြောင်း အမျိုးသား တီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်းမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသန္တာလွင်က ပြောပြသည်။

အဆိုပါ စက်သစ်ကြီးများအား ၂၀၁၃ခုနှစ် မကုန်မီ စတင်တပ်ဆင်အသုံးပြုနိုင်ရန် စီစဉ်ထားရှိပြီး ဆေးယဉ်ပါးတီဘီသံသယရှိ လူနာများနှင့် တီဘီရောဂါနှင့် အိပ်ချ်အိုင်ဗွီလူနာများကို ကုသရာတွင် များစွာ အထောက်အကူဖြစ်လာစေနိုင်ကြောင်း သိရသည်။

ခင်လေးမြင့်အောင်

ပျဉ်းမနားမြို့ အာဟာရသုခဈေးတွင် နေ့စဉ်သန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၃

နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့ရှိ အာဟာရသုခဈေးကြီးတွင် နေ့စဉ်နှင့်အမျှ သန့်ရှင်းရေးဆောင်ရွက်လျက်ရှိသောကြောင့် သန့်ရှင်း သပ်ရပ်လျက်ရှိသည်ကို တွေ့မြင်ရသည်။ နေပြည်တော်မြို့မဈေး၊ သပြေကုန်းဈေးအပါအဝင် တခြားအိမ်ရာများ၌ ဖွင့်လှစ်ထားသော ဈေးငယ်များတွင် ကုန်စိမ်း၊ သားငါးများကို ပြန်လည်ရောင်းချရန် အာဟာရသုခဈေးမှ ဝယ်ယူ၍ ၎င်းဈေးများတွင် တစ်ဆင့် ပြန်လည်ရောင်းချကြောင်း သိရသည်။

အဆိုပါ လက်ကားဈေးကြီးဖြစ်သော အာဟာရသုခဈေး၏ ဈေးသာယာလှပမှုအတွက် သန့်ရှင်းရေးဆောင်ရွက်မှုနှင့် ပတ်သက်၍ ဈေးတာဝန်ခံ ဦးစီးအရာရှိ ဦးမောင်မောင်ကို တွေ့ဆုံမေးမြန်းသည့်အခါ "ကျွန်တော်တို့ အာဟာရသုခဈေးမှာ RC ပွဲရုံဆိုင်ခန်းများ၊ လော်ကယ်ဆိုင်ခန်းများ၊ တစ်နေကုန်ခင်းကျင်းရောင်းချသော ပုံကျဈေးသည်များ၊ အမှတ်(၃) ကားပါကင် ရပ်နားကွင်း၌ မွန်းတည့် ၁၂ နာရီနောက်ပိုင်းတွင် စတင်ခင်းကျင်း ရောင်းချသော ညနေခင်းဈေးသည်များဖြင့် နေ့၊ ည အဆက်မပြတ် စည်ကားလျက်ရှိပြီး ညနေခင်းဈေးသည်များ ရောင်းချတဲ့ အမှိုက်သရိုက်တွေကို ဈေးသည်တွေသိမ်းပြီး ချက်ချင်း ဝန်ထမ်းတွေနဲ့ အမှိုက်ကားထဲမှာ သိမ်းဆည်းပါတယ်။ နံနက်မိုးလင်းတာနဲ့ နံနက် ၆ နာရီမှာ အမှိုက်ကား စတင်ထွက်ခွာပြီး ဈေးနဲ့ ၁၃ မိုင်ခန့်ရှိသော လှေခွင်းတောင် အမှိုက်ကျင်းကို သွားရောက်စွန့်ပစ်ပါတယ်။ ဈေးနှင့် အမှိုက်ကျင်းကို ကားအသွားအပြန် ၂ နာရီခန့်ကြာပါတယ်။ အမှိုက်ကား လေးစီးဖြင့် အသွားအပြန် သုံးခေါက်ခန့် နေ့စဉ် စွန့်ပစ်ပါတယ်။ နံနက် ၁၀ နာရီခွဲလောက်မှာ ညဈေးရောင်းချစွန့်ပစ် အမှိုက်တွေအားလုံးရှင်းလင်းသွားပါတယ်။ နေ့စဉ် ဆောင်ရွက်သလို တနင်္ဂနွေနေ့ ညနေခင်းမှာ ဈေးဝန်ထမ်းများနှင့် ဈေးသူဈေးသားများပါဝင်သော အထူးသန့်ရှင်းရေးကို အပတ်စဉ်ဆောင်ရွက်ပါတယ်" ဟု ရှင်းပြသည်။

ပျဉ်းမနားမြို့ရှိ ကုန်စိမ်း၊ သားငါးလက်လီလက်ကား ဈေးကြီးဖြစ်သော အာဟာရသုခဈေးကြီးတွင် နေ့စဉ်သန့်ရှင်းရေးဆောင်ရွက်လျက်ရှိသည့်အတွက် ဈေးရောင်းချသူများနှင့် ဈေးဝယ်လာသူများ အမှိုက်သရိုက်အညစ်အကြေး ကင်းစင်သည့်အတွက် သန့်ရှင်းသပ်ရပ်သော ဈေးအင်္ဂါရပ်နှင့်ညီပြီး ရောဂါဘယများ ကင်းဝေးမည်ဖြစ်ပါကြောင်း။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက်

စက်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက် လိုအပ်သော အောက်ဖော်ပြပါစက်ပစ္စည်းများကို ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။
(က) News Room Computer System (1 Lot)
(ခ) Program Delay System (1 Lot)
(Catone Live Program Delay System)
၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၃-၉-၂၀၁၃ ရက်မှစတင်၍ နံနက် ၉း၃၀ နာရီမှ ညနေ ၁၆း၃၀ နာရီအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နေပြည်တော်တပ်ကုန်းတွင် လာရောက်ထုတ်ယူနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါများကို ၁၁-၁၀-၂၀၁၃ ရက် နံနက် ၉း၃၀ နာရီမှ ညနေ ၁၆း၃၀ နာရီအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နေပြည်တော်တပ်ကုန်းရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၄။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ စက်ပစ္စည်းစာရင်းနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။
၅။ ဈေးနှုန်းစိစစ်မှုကို ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၇၊ နေပြည်တော်တွင်ပြုလုပ်မည်ဖြစ်ပါသည်။

စက်ပစ္စည်းများဝယ်ယူရေးကော်မတီ
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော်တပ်ကုန်း
ပြန်ကြားရေးဝန်ကြီးဌာန၊ ဖုန်း-၀၆၇-၇၉၄၁၁၊ ၀၆၇-၇၉၁၃၅

INVITATION FOR TENDER
TENDER NO.
BRIDGE / BAILEY/2013-2014/NPT/ST 003

1. Opened Tender is invited by Public Works, Ministry of Construction, Nay Pyi Taw, the Republic of the Union of Myanmar for Purchasing of Compact Bailey Bridge Components.
2. Tender application form (including Technical Specification, terms of Tender, Tender Schedule and Offer Form) can be purchased with USD 100.
3. The payment for tender application must be paid to Public Works' Account No. OA-010311, Myanmar Economic Bank (2), Yangon, through Myanmar Foreign Trade Bank.
4. The Tender document can be obtained from Bridge Division, Building No. (11), Public Works, Ministry of Construction, Nay Pyi Taw, the Republic of the Union of Myanmar only with the Cash Receipt delivered by Account Division, Public Works, from the date of (25-9-2013) to (3-10-2013).
5. Tender should be submitted to the above address not later than 16:30 hours on (4-11-2013).
6. For further detailed information, please contact to Telephone No. 067-407082, 407514

Managing Director
Public Works

စက်မှုဝန်ကြီးဌာန
အထည်အလိပ်လုပ်ငန်း

စက်ရုံ(၄)ရုံ ငှားရမ်းဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန အထည်အလိပ်လုပ်ငန်းလက်အောက်ရှိ အောက်ဖော်ပြပါ စက်ရုံ(၄)ရုံတို့အား ငှားရမ်းရေးဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသူ ပြည်တွင်း/ပြည်ပ လုပ်ငန်းရှင်များသို့ ၃၁-၁၀-၂၀၁၃ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်ပါသည်-
(က) အမှတ်(၁) အထည်စက်ရုံ (ရွှေတောင်)
(ခ) အမှတ်(၄) အထည်စက်ရုံ (ပွင့်ဖြူ)
(ဂ) အမှတ်(၅) အထည်စက်ရုံ (ပခုက္ကူ)
(ဃ) အမှတ်(၆) အထည်စက်ရုံ (ဆားလင်းကြီး)
၂။ အသေးစိတ်သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။
ဆက်သွယ်ရမည့်လိပ်စာ - ညွှန်ကြားရေးမှူး၊ ပစ္စည်းစီမံရေးဌာန၊ အထည်အလိပ်လုပ်ငန်း၊
အပြည့်အစုံ ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်
ဖုန်း - ၀၆၇-၄၀၈၁၅၆၊ ၄၀၈၃၃၈၊ ၄၀၈၁၈၅

ဖခင်အမည်မှန်
တောင်သာ အထက တက္ကသိုလ်ဝင်တန်း(ဆ)မှ မောင်နိုင်လင်း၏ ဖခင်အမည်မှန်မှာ ဦးလှမြင့်ဌေး ဖြစ်ပါသည်။

ဖခင်အမည်မှန်
တောင်သာ အထက တက္ကသိုလ်ဝင်တန်း(ဃ)မှ မောင်စိုးဝေဖြိုး၏ ဖခင်အမည်မှန်မှာ ဦးအောင်လွင် ဖြစ်ပါသည်။

မိခင်အမည်မှန်
တောင်သာ အထက တက္ကသိုလ်ဝင်တန်း(စ)မှ မဇင်မာထွန်း၏ မိခင်အမည်မှန်မှာ ဒေါ်ခင်မြင့်ကြည် ဖြစ်ပါသည်။

ဖခင်အမည်မှန်
တောင်သာ အထက တက္ကသိုလ်ဝင်တန်း(ခ)မှ မထက်မိုးဝေ၏ ဖခင်အမည်မှန်မှာ ဦးသန်းအောင် ဖြစ်ပါသည်။

ဖခင်အမည်မှန်
နေပြည်တော် ပျဉ်းမနားမြို့ အထက (သစ်လေးလုံး) တက္ကသိုလ်ဝင်တန်း(B)မှ မဆွေဆွေမြင့်၏ဖခင်အမည်မှန်မှာ ဦးသက်ထွန်းဦး ၉/ပမန(နိုင်)၀၈၉၃၂၇ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
နေပြည်တော် ပျဉ်းမနားမြို့ အထက (သစ်လေးလုံး) တက္ကသိုလ်ဝင်တန်း(A)မှ မောင်ကောင်းမြတ်သူ၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ရင် ၉/ပမန(နိုင်)၀၄၉၀၅၆ ဖြစ်ပါကြောင်း။

ဖခင် အမည်မှန်
နေပြည်တော် ပျဉ်းမနားမြို့ အထက(သစ်လေးလုံး) တက္ကသိုလ်ဝင်တန်း(A)မှ မောင်ဝေယံဖြိုး၏ ဖခင်အမည်မှန်မှာ ဦးအောင်ဆန်းဦး ၉/ပမန(နိုင်)၂၂၁၃၈၆ ဖြစ်ပါကြောင်း။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

မော်လမြိုင် စက်တင်ဘာ ၂၃

မွန်ပြည်နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ဦးဆောင်၍ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့ အောင်သုခ ရပ်ကွက် အမကကျောင်းခန်းမ၌ စက်တင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီကကျင်းပရာ ပြည်နယ် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနဦးစီးမှူး ဦးသောင်းရွှေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူရ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ NGO များနှင့် ပြည်သူများစုစုပေါင်း ၁၅၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။ သဘာဝ ဘေးအန္တရာယ်ဆိုသည်မှာ အန္တရာယ်ခုခံနိုင်စွမ်းအားနည်းပါးခြင်း၊ လူဦးရေတိုးတက် များပြားလာခြင်း၊ ဖန်လုံအိမ်ဓာတ်ငွေ့များ ပြားလာခြင်း၊ သစ်တောများ ပြုန်းတီးခြင်းတို့ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ဒေသအလိုက် ကျရောက်နိုင်သော သဘာဝဘေးမှာ မီးလောင်မှု၊ ရေလွှမ်းမိုးခြင်း၊ လေမုန်တိုင်း၊ ငလျင်ဘေး၊ ဆူနာမီ၊ မိုးခေါင်ရေရှား၊ မြေပြိုမှုတို့ဖြစ်ကြောင်း၊ ကြိုတင်ကာကွယ်ခြင်း၊ ကြိုတင်ပြင်ဆင်ခြင်း၊ တုံ့ပြန်မှုဘေးအန္တရာယ်၊တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ၊ စွမ်းဆောင်ရည်ထိခိုက်မှု နည်းပါးသက်သာစေခြင်း၊ ဘေးအန္တရာယ်ဖြစ်နိုင်ခြေရှိမှု၊ ဘေးရန်၊ထိခိုက်ခံရလွယ်မှု၊ ခုခံနိုင်စွမ်းရည်နည်းပါးမှုစသည့်အချက်အလက်များကို ဟောပြောပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်းသိရသည်။

သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲများကိုစက်တင်ဘာလအတွင်း ရေး၊ သထုံ၊ ဘီးလင်း၊ ပေါင်နှင့် မော်လမြိုင်မြို့များတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (လ/၀၁၂)

တပ်ကုန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ပညာသင်ထောက်ပံ့ကြေး ထပ်ဆင့်ပေးအပ်

တပ်ကုန်း စက်တင်ဘာ ၂၃

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်မှ တပ်ကုန်းမြို့နယ် စစ်မှုထမ်းဟောင်းများ၏ သားသမီးများဖြစ်ကြသော ၂၀၁၃-၂၀၁၄ ပညာသင်နှစ် အခြေခံပညာအဆင့် ကျောင်းသား ကျောင်းသူများအတွက် ထောက်ပံ့ပေးအပ်သည့် ပညာသင်ထောက်ပံ့ကြေးငွေများ ထပ်ဆင့်ပေးအပ်ပွဲကို စက်တင်ဘာ ၂၂ ရက် မြို့နယ်စစ်မှုထမ်းဟောင်းရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးအောင်မြင့်ကို(အငြိမ်းစား)က ပညာသင်ထောက်ပံ့ကြေး ပေးအပ်ရခြင်း အကြောင်းအရင်းများကို ရှင်းလင်းပြောကြားပြီး ပညာသင်ထောက်ပံ့ကြေးရရှိသူ ကျောင်းသား ကျောင်းသူအထက်တန်းအဆင့်တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀နှုန်းဖြင့် ၁၀၀၊ အလယ်တန်းအဆင့်တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် ၉၁ ဦး၊ မူလတန်းအဆင့် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ၈၁ ဦး စုစုပေါင်း ၂၇၂ ဦးအတွက် ငွေကျပ် ၄၁၇၅၀၀၀ ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** **(မြို့နယ်စစ်မှုထမ်းဟောင်း)**

သတိပေးချက်

၁။ မီးလောင်မှုဖြစ်ပွားလျှင် ထွက်မပြေးပါနှင့်ပတ်ဝန်းကျင်ကို အကူအညီတောင်းပါ။
၂။ မီးစတင်လောင်ကျွမ်းသောအချိန်တွင် ငြိမ်းသတ်နိုင်လျှင် မီးလောင်ဆုံးရှုံးမှု မများနိုင်ပါ။
၃။ အိမ်တိုင်း၊ အဆောက်အအုံတိုင်း၊ ယာဉ်တိုင်းတွင် D.C.P (Dry Chemical Power Extin guisher) ဓာတုဗေဒပေါင်ဒါမှုန့်ခြောက်မီးသတ်ဆေးဘူးများ ဆောင်ထားခြင်းဖြင့် အလျင်အမြန် မီးငြိမ်းသတ်နိုင်ပြီး မီးဘေးအန္တရာယ်မှ ကာကွယ်နိုင်ပါသည်။ **မီးသတ်ဦးစီးဌာန**

အထွက်နှုန်းကောင်းသည့် စပ်မျိုးနေကြာ တောင်သူများအား ထုတ်မလောက်အောင်ရောင်းကောင်းနေ

သတင်း-တင်မောင်လွင်
ဓာတ်ပုံ-မောင်လွင်

တပ်ကုန်း စက်တင်ဘာ ၂၃

နေပြည်တော်ကောင်စီ နယ်မြေ တပ်ကုန်းမြို့ စိုက်ပျိုးရေးသုတေသနခြံမှ ထုတ်လုပ်သည့် ရေဆင်း(၁) စပ်မျိုးနေကြာသည် အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းသဖြင့် တောင်သူများကို အကြိုက်တွေ့စေသောကြောင့် ထုတ်မလောက်အောင် ရောင်းနေရကြောင်း ၎င်းစိုက်ပျိုးရေးခြံမှ သိရသည်။

အဆိုပါ စပ်မျိုးနေကြာသည် အစေ့ထွက်နှုန်း ကောင်းသည့်အပြင် ဆီကြိတ်ရာတွင်လည်း ဆီထွက်နှုန်းကောင်းပြီး ယင်းမှထွက်ရှိသော နေကြာဆီသည် ကျန်းမာရေးနှင့်ညီညွတ်သဖြင့် ဆီကြိတ်ပြီး ဈေးကွက်အတွင်းသို့ ပြန်လည်ရောင်းချသူ တောင်သူများရော စားသုံးသူများပါ နှစ်သက်လျက်ရှိကြောင်း သိရသည်။

"ဒီရေဆင်း (၁) စပ်မျိုးနေကြာက မျိုးကောင်းမျိုးသန့် ဖြစ်ပါတယ်။ ဒီစပ်မျိုးနေကြာရဲ့ သက်တမ်းက စိုက်ပျိုးပြီး ရက်ပေါင်း ၈၀ မှ ၈၅ ရက်အတွင်းမှာ စပြီးရိတ်သိမ်းရတာဖြစ်ပါတယ်။ စပ်မျိုးနေကြား အဖိုမျိုးစေ့တစ်တန်းလျှင် အမမျိုးစေ့က လေးတန်း စိုက်ရပါတယ်။ အဖိုတစ်ပြည်ဆို အမက လေးပြည်ပေ့ါ။ ရက်ပေါင်း ၈၀ ကျော်ရင် အပွင့်က သံပရာရောင်သမ်းလာပြီး စတင်ရိတ်ပါတယ်။ ရိတ်ပြီးတစ်ရက်လောက်ရှိရင် မိုးကာနဲ့ အုပ်ထားရပါတယ်။ အုပ်ထားပြီး နောက်တစ်နေ့ဆိုရင် စပ်မျိုးနေကြာ အစေ့ထုတ်ဖို့အတွက် ထုလို့ရပါပြီ"ဟု စိုက်ပျိုးရေးသုတေသနခြံမှ တာဝန်ရှိသူတစ်ဦး ဖြစ်သည့် ဒေါ်လှိုင်လှိုင်ခင်က စိုက်ပုံနည်းစနစ်ကို ရှင်းပြသည်။

တောင်သူတွေ အနေနဲ့ကတော့ စပ်မျိုးနေကြာကို တော်တော်များများစိုက်ပျိုးလာကြပါတယ်။ အခုဆို ဝယ်ယူသူများလာမှုကြောင့် ရောင်းရတာ ထုတ်မလောက်ဖြစ်နေပါတယ်။ နေပြည်တော်အတွင်းမှာရှိတဲ့ မြို့နယ်ရှစ်မြို့နယ်အပြင် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနဲ့ အောက်ပိုင်းဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ်များကပါ မှာယူစိုက်ပျိုးကြပါတယ်။ မြို့နယ်တွေကိုတော့ ကိုယ်စားလှယ်မှာပြီး ဖြန့်ပေးရပါတယ်။ တောင်သူတွေအနေနဲ့ကြည့်ရင် ကုန်ကျစရိတ်ကလည်း သက်သာ၊ တွက်ခြေလည်းကိုက်တော့ မျိုးစေ့ဘယ်လောက်ပဲ ထုတ်ထုတ် ချက်ချင်းကို ရောင်းကုန်သွားတာပါပဲ။ တစ်ဧကအတွက် သုံးပြည်ခွဲပါတဲ့ မျိုးစေ့အိတ်တစ်အိတ်ဆို အစိုးရသတ်မှတ်ဈေးနှုန်း ငွေကျပ် ၁၂၀၀၀နဲ့ ရောင်းပါတယ်။ တစ်ဧကစိုက်လျှင် နေကြာတင်း ၅၀ခန့်ထွက်ပါတယ်။ ယမန်နှစ်က ရမည်းသင်းမြို့နယ်မှာ စပ်မျိုးနေကြာစိုက်ပျိုးတဲ့ တောင်သူတွေဆိုရင် တစ်ဧက တင်း ၆၀ အထိ ထွက်တယ်။ နေကြာကို ဆီကြိတ်ပြီး ဈေးကွက်ရှိ ဆိုင်များသို့ ပြန်သွင်းကြပြီး ဆီတစ်ပိဿာကို ငွေကျပ် ၄၀၀၀ အထိ ဈေးရပြီး နေကြာတစ်တင်း ဆီကြိတ်လျှင် ၄ ပိဿာ ၇၅ ကျပ်သားကနေ ၅ ပိဿာအထိ ထွက်ပါတယ်။ နေကြာဆီက ကျန်းမာရေးနဲ့ကိုက်ညီတော့ စားသုံးသူတွေအတွက်လည်း အဆင်ပြေပါတယ်။ ဒါ့ကြောင့် တပ်ကုန်းစိုက်ပျိုးရေးသုတေသနခြံကထုတ်တဲ့ ရေဆင်း (၁) စပ်မျိုးနေကြာကို တောင်သူတွေ တော်တော်များများက နှစ်သက်ဝယ်ယူ ကြခြင်းဖြစ်ပါတယ်"ဟု အဆိုပါ စိုက်ပျိုးရေးခြံမှ သုတေသနတာဝန်ရှိသူတစ်ဦးဖြစ်သူဒေါ်နုနုဝင်းက ရှင်းပြသည်။

စက်တင်ဘာ ၂၃ရက်မှစ၍ လူကူးမျဉ်းကျား မရပ်တန့်ပေးပါက အရေးယူမည်

ရန်ကုန် စက်တင်ဘာ ၂၃

ရန်ကုန်မြို့တွင်း၌ ရေးဆွဲထားသည့် လူကူးမျဉ်းကျားများ၌ ရပ်တန့်ပေးခြင်းမပြုဘဲ မောင်းနှင်သည့် ယာဉ်များအား စစ်ဆေးတွေ့ရှိပါက အရေးယူမည့် အစီအစဉ်ကို စက်တင်ဘာ ၂၃ ရက်တွင် စတင်အကောင်အထည်ဖော်မည်ဖြစ်ကြောင်း သိရသည်။

"မျဉ်းကျားတွေထားပေးပေမယ့် ယာဉ်မောင်းအများစုက လမ်းကူးတွေကို ဂရုမပြုကြတာရှိပါတယ်။ ယာဉ်ထိန်းရဲရှိနေစဉ်လောက်ပဲ ရပ်တန့်ပေးကြပြီး ကျန်တဲ့အချိန်မှာ အရှိန်မလျှော့ဘဲ ဖြတ်မောင်းတတ်ကြတယ်။ အဲဒီမော်တော်ယာဉ်တွေကို အရေးယူသွားမှာဖြစ်ပါတယ်"ဟု ယာဉ်ထိန်းတပ်ဖွဲ့ခွဲရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ရပ်တန့်အရှိန်လျှော့ခြင်းမရှိဘဲ ဆက်လက်မောင်းနှင်သွားသည့် မော်တော်ယာဉ်မောင်းများကို ဒဏ်ကြေးအနေဖြင့် ငွေကျပ် ၃၁၅၀၀ သတ်မှတ်ထားပြီး စက်တင်ဘာ ၂၃ ရက်တွင် စတင်အရေးယူမည်ဖြစ်ကြောင်း အဆိုပါဌာနက ထုတ်ပြန်ထားသည်။ စည်းကမ်းမဲ့ဖြတ်မောင်းသူများကို စီမံချက်ဒဏ်ကြေးငွေအပြင် မော်တော်ယာဉ်နည်းဥပဒေဖြင့် အရေးယူသွားရန်လည်း စီစဉ်လျက်ရှိသည်။"ကျောင်းဆင်းချိန်တွေနဲ့ မိုးရွာသွန်းတဲ့အချိန်တွေဆိုရင် လူကူးမျဉ်းကျားကနေကူးဖို့ အချိန်အများကြီး ယူရပါတယ်။ ကားတွေက ရပ်မပေးလိုကြဘူး။ အခုလိုအရေးယူမယ်ဆိုရင် ထိထိရောက်ရောက်အရေးယူဖို့ လိုပါတယ်"ဟု ခရီးသွားတစ်ဦးက ပြောကြားသည်။

မေဦးမိုး

စက်မှုဝန်ကြီးဌာန
အထည်အလိပ်လုပ်ငန်း
အိတ်ဖွင့်အဆိုပြုလွှာခေါ်ယူပြီး ငှားရမ်းခြင်းဆောင်ရွက်မည့် စက်ရုံ/စက်ရုံခွဲများ၏ တင်ဒါပိတ်ရက်ပြင်ဆင်ခြင်း

၁၄-၉-၂၀၁၃ရက်မှ ၁၅-၉-၂၀၁၃ရက် သတင်းစာတို့တွင် တင်ဒါပိတ်သိမ်းမည့်ရက်များ ပြင်ဆင်သတ်မှတ်ခဲ့သော အထည်အလိပ်လုပ်ငန်း လက်အောက်ရှိ အောက်ဖော်ပြပါစက်ရုံခွဲများအား ပုဂ္ဂလိကသို့ ငှားရမ်းခြင်းလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်အတွက် တင်ဒါပိတ်သိမ်းမည့်ရက်များအား ယှဉ်တွဲဖော်ပြပါအတိုင်း ထပ်မံပြင်ဆင်သတ်မှတ်ကြောင်း ကြေညာအပ်ပါသည်-

စဉ်	စက်ရုံ	ယခင်တင်ဒါပိတ်သိမ်းမည့်ရက်	ပြင်ဆင်သည့်တင်ဒါပိတ်ရက်
(၁)	အမှတ်(၃) အထည်စက်ရုံ (စစ်ကိုင်း)	၂၇-၉-၂၀၁၃	၁၁-၁၀-၂၀၁၃
(၂)	အမှတ်(၃) အထည်စက်ရုံခွဲ (စစ်ကိုင်း)	၂၇-၉-၂၀၁၃	၁၁-၁၀-၂၀၁၃
(၃)	အမှတ်(၁၁) အထည်စက်ရုံ (ပခုက္ကူ)	၂၇-၉-၂၀၁၃	၁၁-၁၀-၂၀၁၃

ဆက်သွယ်ရမည့်လိပ်စာ - ညွှန်ကြားရေးမှူး၊ ပစ္စည်းစီမံရေးဌာန၊ အထည်အလိပ်လုပ်ငန်း၊
အပြည့်အစုံ ရုံးအမှတ် ၃၇၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်
ဖုန်း - ၀၆၇-၄၀၈၁၅၆၊ ၄၀၈၃၃၈၊ ၄၀၈၁၈၅

စက်မှုဝန်ကြီးဌာန
အထည်အလိပ်လုပ်ငန်း
အိတ်ဖွင့်အဆိုပြုလွှာခေါ်ယူပြီး ငှားရမ်းခြင်းဆောင်ရွက်မည့် စက်ရုံ/စက်ရုံခွဲများ၏ တင်ဒါပိတ်ရက်ပြင်ဆင်ခြင်း

၁၄-၉-၂၀၁၃ရက်မှ ၁၅-၉-၂၀၁၃ရက် သတင်းစာတို့တွင် တင်ဒါပိတ်သိမ်းမည့်ရက်များ ပြင်ဆင်သတ်မှတ်ခဲ့သော အထည်အလိပ်လုပ်ငန်း လက်အောက်ရှိ အောက်ဖော်ပြပါစက်ရုံခွဲများအား ပုဂ္ဂလိကသို့ ငှားရမ်းခြင်းလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရန်အတွက် တင်ဒါပိတ်သိမ်းမည့်ရက်များအား ယှဉ်တွဲဖော်ပြပါအတိုင်း ထပ်မံပြင်ဆင်သတ်မှတ်ကြောင်း ကြေညာအပ်ပါသည်-

စဉ်	စက်ရုံ	ယခင်တင်ဒါပိတ်သိမ်းမည့်ရက်	ပြင်ဆင်သည့်တင်ဒါပိတ်ရက်
(၁)	အမှတ်(၅) အထည်စက်ရုံခွဲ (မြင်းခြံ)	၃၀-၉-၂၀၁၃	၁၄-၁၀-၂၀၁၃
(၂)	အမှတ်(၉) အထည်စက်ရုံ (ကျောက်ဆည်)	၃၀-၉-၂၀၁၃	၁၄-၁၀-၂၀၁၃
(၃)	အမှတ်(၁၀) အထည်စက်ရုံ (တောင်သာ)	၃၀-၉-၂၀၁၃	၁၄-၁၀-၂၀၁၃

ဆက်သွယ်ရမည့်လိပ်စာ - ညွှန်ကြားရေးမှူး၊ ပစ္စည်းစီမံရေးဌာန၊ အထည်အလိပ်လုပ်ငန်း၊
အပြည့်အစုံ ရုံးအမှတ် ၃၇၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်
ဖုန်း - ၀၆၇-၄၀၈၁၅၆၊ ၄၀၈၃၃၈၊ ၄၀၈၁၈၅

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် ပျဉ်းမနားမြို့နယ်၊ အာဟာရသုခဈေး၊ ဆိုင်ခန်းအမှတ်(ပ-၉၄)အား နေပြည်တော် ဇေယျာသီရိမြို့၊ ရန်ကုန်-မန္တလေးလမ်း၊ အိုင်စောက်ကျေးရွာ၊ အရိပ်သစ်ဥယျာဉ်နေ ဒေါ်မာမာဦး ၉/ပမန(နိုင်)၁၉၆၁၉၆ အမည်ပေါက်ပိုင်ဆိုင်ပြီး နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ သခင်ထွန်းအုပ်လမ်း၊ အိမ်အမှတ်(၉/၆၇)နေ ဦးသောင်းညွန့် ၉/ပမန(နိုင်)၁၅၆၃၇၅ သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူ မရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဈေးများဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

၁။ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/သပြေကုန်း၊ မြေကွက်အမှတ်(S-၂၃၄)အား ဦးရှောက်ကြူး (ဘ) ဦးရှောက်စမ်း ၁၃/လရန(နိုင်)၁၀၇၈၇၈ အမည်ဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ချထားပေးသော မြေကွက်ဖြစ်ပါသည်။
၂။ အဆိုပါမြေကွက်အမှတ်(S-၂၃၄)အား လက်ဝယ်ပိုင်ဆိုင်သူ ဦးရှောက်ကြူး (ဘ) ဦးရှောက်စမ်း ၁၃/လရန(နိုင်)၁၀၇၈၇၈က အဆိုပါမြေကွက်၏ **မြေပေးစလစ်ပျောက်ဆုံးသွားပါ၍** မြေပေးစလစ်မိတ္တူမှန် လျှောက်ထားလာသည့်အတွက် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် ပျဉ်းမနားမြို့နယ်၊ ပျဉ်းမနားအမှတ်(၁) မြို့မဈေး၊ ဆိုင်ခန်းအမှတ် (B-၁၂၁၊ ၁၂၉)အား နေပြည်တော် ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ ၇ လမ်း၊ အိမ်အမှတ်(၇/၂၅)နေ ဦးကျော်အေး ၉/ပမန(နိုင်)၀၁၈၇၀၄ အမည်ပေါက်ပိုင်ဆိုင်ပြီး နေပြည်တော် ပျဉ်းမနားမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ အောင်မင်္ဂလာ ၂ လမ်း၊ အိမ်အမှတ်(ယ၆/၁၈၀)နေ ဒေါ်စိုးစိုးမေ ၉/ပမန(နိုင်)၁၂၄၉၆၂သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဈေးများဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကလေး၌ လွှတ်တော်ကိုယ်စားလှယ်များအတွေ့အကြုံရှင်း ပြည်သူများအား ဒေသဖွံ့ဖြိုးရေးတင်ပြခဲ့မှု ရှင်းလင်း

ကလေး စက်တင်ဘာ ၂၃

ကလေးမြို့ လွှတ်တော်နှစ်ရပ်ကိုယ်စားလှယ်တို့သည် လွှတ်တော်အတွေ့အကြုံရှင်းလင်းပွဲကို ကလေးမြို့ တာဟန်းရပ်ကွက်၌ စက်တင်ဘာ ၂၀ ရက်က ကျင်းပရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှိုင်က ဆုံးဖြတ်လုပ်ကိုင်နေသော ရန်ပုံငွေခွဲဝေချထားမှု အခြေအနေနှင့် ဒေသဖွံ့ဖြိုးရေးအတွက် တင်ပြဆွေးနွေးခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးတင်လှိုင်က ပြည်သူတို့အတွက် ဆွေးနွေးပေးခဲ့သည့် ဥပဒေများ၊ ကလေးမြို့နယ်အတွက် ဒေသဖွံ့ဖြိုးရေးတင်ပြခဲ့မှုများကို ရှင်းလင်းပေးခဲ့ကြသည်။ **(အပေါ်ပုံ)** **သျှင်နေမင်း**

မြို့တွင်းလမ်းကျဉ်းများပေါ် ၁၂ဘီးကားကြီးများ မောင်းနှင်မှုကြောင့် တံတားများပျက်စီးမှုများ

ကလေး စက်တင်ဘာ ၂၃

ကလေးမြို့ တာဟန်းရပ်ကွက်အတွင်းလမ်းကျဉ်းနေရာများတွင် ကုန်အဆမတန်တင်လာသော ၁၂ ဘီးကားကြီးများ ဝင်ရောက်မောင်းနှင်မှုကြောင့် တံတားများကျိုးကျနေကြောင်း စက်တင်ဘာ ၂၀ ရက်က ကလေးမြို့ တာဟန်းရပ်ကွက်တွင် ကျင်းပသော လွှတ်တော်အတွေ့အကြုံရှင်းလင်းပွဲတွင်ဒေသခံတစ်ဦးက တင်ပြသွားကြောင်း သိရသည်။

လမ်းသွယ်၊ လမ်းကျဉ်းထဲက တံတားတွေက ပြည်သူတွေဆီကနေ အလှူခံပြီး ဆောက်ထားတဲ့တံတားတွေ ဖြစ်ပါတယ်။ တံတားတွေက သစ်သားတံတားတွေပါ၊ တံတားခံနိုင်အားနှင့်ဝန်အားမမျှတော့ တံတားက မကြာခဏဆိုသလို ကျိုးနေပါတယ်။ တံတားတွေက တစ်စင်းကို ငွေကျပ် ၁၀ သိန်းအကုန်ခံပြီး ဆောက်ထားတာဖြစ်ပါတယ်။ ဒါကြောင့် ၁၂ဘီးကားကြီးတွေကို လမ်းကျဉ်းတွေထဲ မဝင်ခိုင်းစေချင်ကြောင်း ပြည်သူတစ်ဦးက ပြောကြားသည်။

ယခုအစိုးရလက်ထက်အတွင်း မြို့တွေကို စီမံချက်ချပြီး တိုးတက်အောင်ဆောင်ရွက်သွားဖို့ စီမံချက်ရေးဆွဲပြီးဖြစ်ကြောင်း၊ ကလေးမြို့ကားကြီးကွင်းကိုလည်း မြို့ပြင်တစ်နေရာတွင် ထားနိုင်ရေးစီမံချက်တွင် ပါရှိကြောင်း၊ ကားကြီးကွင်းကို မြို့ပြင်တွင် ထားရှိခြင်းဖြင့် မြို့တွင်းကုန်ပစ္စည်း အတင်အချ လုပ်ငန်းများကို မြို့ပြင်ကားကြီးကွင်းမှတစ်ဆင့် ယာဉ်ငယ်များဖြင့် မြို့တွင်းသို့ တစ်ဆင့်ပို့ပေးခြင်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှိုင်က ပြောကြားသည်။ ကလေးမြို့ ကားကြီးကွင်းကို ရထားဘူတာသွားရာလမ်း(ဝေဘူလလမ်း) တွင် တည်ဆောက်ထားပြီး ကားလေးကွင်းကို ပင်လုံလမ်းမတော်၌ ဖွင့်လှစ်ထားကြောင်း သိရသည်။

သျှင်နေမင်း

ဦးထုပ်ဆောင်း၍ လုံနေကြဖို့

ခန္တီး စက်တင်ဘာ ၂၃

ခန္တီးမြို့တွင် ပြည်သူအများစု အသုံးပြုသည့်ယာဉ်မှာ မော်တော်ဆိုင်ကယ်ဖြစ်သည်။ မော်တော်ဆိုင်ကယ်သည် ဈေးသွားခြင်း၊ ကျောင်းသွားခြင်း၊ ရုံးတက်ခြင်း၊ လူမှုရေးကိစ္စများဆောင်ရွက်ခြင်းကအစ ခရီးသည်ပို့ဆောင်ရေး (ဆိုင်ကယ်ကယ်ရီ) အထိ မသုံးမဖြစ် သုံးရသည့် ယာဉ်ဖြစ်သည်။ ခန္တီးမြို့တွင် လမ်းများမညီညာခြင်း၊ ကုန်းတက်ကုန်းဆင်းပေါများခြင်းကြောင့် ဆိုက်ကား၊ မြင်းလှည်းများ အသုံးပြု၍ မရခြင်းဖြစ်သည်။

အများစုအသုံးပြုသည့် မော်တော်ဆိုင်ကယ်များကို စီးနင်းသူများ၏ ယာဉ်စည်းကမ်းနားမလည်မှု၊ လွတ်လပ်ပေါ့ပါးစွာ နေထိုင်လိုမှုတို့ကြောင့် ဆိုင်ကယ်စီးရာတွင် ဦးထုပ်မဆောင်းခြင်း၊ အိတ်ဇောဖြုတ်စီးနင်းခြင်း၊ ဆိုင်ကယ်တစ်စီးကို သုံးဦး/လေးဦးတင်၍ စီးခြင်း၊ စက်ရှိန်မြှင့်မောင်းခြင်း၊ သံစုံဟွန်းများ တပ်ဆင်အသုံးပြုခြင်း၊ သီချင်းဖွင့်၍ စီးနင်းခြင်းစသည့် အမျိုးမျိုးသော သရုပ်ပျက်ခြင်း၊ စည်းကမ်းမဲ့ခြင်းများကြောင့် ယခုအခါ ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးကော်မတီတို့၏ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းကာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများစစ်ဆေးခြင်း၊ ပညာပေးဟောပြောပွဲများ စဉ်ဆက်မပြတ်ဆောင်ရွက်၍ အရေးယူနေမှုကြောင့် စည်းကမ်းမဲ့မှုများ လျော့နည်းခဲ့သည့်အပြင် ဆိုင်ကယ်စီးသူအများစုမှာ ဆိုင်ကယ်စီးဦးထုပ်ရောင်စုံတို့အား အသုံးပြုနေသည်ကို တွေ့ရသည်။

မော်တော်ဆိုင်ကယ်စီးသူများအသုံးပြုသည့် ဦးထုပ်များသည် လွတ်ကျ၍သော်လည်းကောင်း၊ ဆိုင်ကယ်စီးနေစဉ်မှ မတော်တဆလဲကျခြင်းများကြောင့်လည်းကောင်း၊ ကျိုးပဲ့ကြေမွပျက်စီးသည့် ကော်ဦးထုပ်များဖြစ်သည့်အတွက် ဆိုင်ကယ်စီးနင်းသူများ၏ ထိခိုက်ဒဏ်ရာရမှုကို ထိရောက်သောကာကွယ်မှု ပေးနိုင်မည်မဟုတ်ပါ။ မြန်မာနိုင်ငံတစ်ဝန်း ဖြန့်ကြောက်ျား ဆိုင်ကယ်စီး ကော်ဦးထုပ်များအစား ဖိုက်ဘာဖြင့် ပြုလုပ်သည့်ဦးထုပ်၊ အကောင်းစားပလတ်စတစ်ဖြင့် ပြုလုပ်သည့်ဦးထုပ်များဖြင့် အစားထိုး အသုံးပြုနိုင်ရန်အတွက် တွင်ကျယ်စွာထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းဖြင့် မော်တော်ဆိုင်ကယ်စီးနင်းသူများ၏ မတော်တဆ ထိခိုက်မှုအန္တရာယ်ကို ကာကွယ်နိုင်မည်ဖြစ်သည်။

ဦးမြင့်(Iprd)

လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခြင်းဆိုင်ရာ အကြိုဟောပြောပွဲ

ဖရူဆို စက်တင်ဘာ ၂၃

ကယားပြည်နယ်ဖရူဆိုမြို့နယ်၌ ၂၀၁၄ခုနှစ်လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာအကြိုဟောပြောပွဲကို စက်တင်ဘာ၁၆ရက် နံနက်၁၀နာရီကထီးပေါ်ဆိုကျေးရွာအုပ်စု ဒေါကူးခူးကျေးရွာ၌ လည်းကောင်း၊စက်တင်ဘာ၁၇ရက်တွင် ထီးသော်ကူး၌လည်းကောင်း၊စက်တင်ဘာ၁၈ရက်၌ ထီးပေါ်ဆိုကျေးရွာအုပ်စုငွေတောင် ရွာသစ်ကျေးရွာ၌လည်း ကောင်းသွားရောက်ဟောပြောကြသည်။ အဆိုပါ ဟောပြောပွဲကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဒုတိယလဝက မှူးဒေါ်ခက်ခက်နွယ်**(အပေါ်ယာပုံ)** နှင့်ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ကျေးရွာနေပြည်သူများ

ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူချိန်တွင် မေးမြန်းမည့် မေးခွန်းများနှင့်ပတ်သက်၍ ပိုမိုသိရှိနားလည်စေရန်အတွက် အကျယ်တဝင့် ရှင်းလင်းဟောပြောကြသည်။ ဟောပြောချက်များနှင့် ပတ်သက်ပြီး ပြည်သူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများကပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပန်လုံမြို့နယ်ခွဲ၌ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်

ပန်လုံ စက်တင်ဘာ ၂၃

“ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ပန်လုံမြို့နယ်ခွဲ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်အရ ဒေသခံပြည်သူများ၏ လိုအပ်ချက် လိုလားချက်များ ဖော်ဆောင်ပေးနိုင်ရန် စက်တင်ဘာ ၁၈ ရက် နံနက် ၁၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့၊ ခရိုင်/မြို့နယ်ဒေသ ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဝင်များက ပန်လုံမြို့နယ်ခွဲရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ပန်လုံမြို့နယ်ခွဲ ရပ်ကွက်ရှစ်ခု၊ ကျေးရွာအုပ်စုငါးခုနှင့် ဟိုပန်မြို့နယ်ကျေးရွာအုပ်စုလေးခုတို့၏ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖတို့က ကျေးရွာမီးလင်းရေးအတွက် အသေးစားရေအားလျှပ်စစ်နှင့်ဆိုလာပြားများ တပ်ဆင်ပေးရန်၊ သောက်သုံးရေရရှိရေးအတွက် ရေသွယ်ခြင်းနှင့် ရေတွင်း၊ ရေလှောင်ကန်များ ဆောက်လုပ်ပေးရန်၊ ပညာရေးအတွက်ကျောင်းသုံးပရိဘောဂ၊စာရေးခုံများနှင့် အဆောက်အအုံ၏ အမိုးအကာများ ပြင်ဆင်ဖြည့်ဆည်းပေးရန်၊ကျေးလက်ဆေးပေးခန်းတွင် လိုအပ်သည့် ဆေးဝါးများနှင့် လုပ်ငန်းသုံးပစ္စည်းများထောက်ပံ့ပေးရန်၊ ပျက်စီးနေသည့်တံတားများ၊ ရေမြောင်းများ၊ ရေစီးမြောင်းများ ပြုပြင်ပေးရန်နှင့် ကျေးရွာချင်းဆက်လမ်းများ အဆင့်မြှင့်ပေးရန် စသည့်လိုအပ်ချက်များကို ကျေးရွာအလိုက် တင်ပြကြရာ ခရိုင်/မြို့နယ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီများနှင့် တာဝန်ရှိသူများက တင်ပြချက်များနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်း အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

Health Digest ဆေးပညာဂျာနယ် (၁၀)နှစ်ပြည့် ငွေလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂၃

စက်တင်ဘာ ၁၀ ရက်၌ (၁၀)နှစ် ပြည့်မြောက်ခဲ့သည့် Health Digest ကျန်းမာရေးနှင့်ဆေးပညာဂျာနယ်က ကျန်းမာရေး အကျိုးရှိစေမည့်လုပ်ငန်းကြီးများ၊ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာများသို့ အလှူငွေများ လှူဒါန်းပွဲကို စက်တင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီက ဇီဝိတဒါနဆေးရုံအလှူတော်မင်္ဂလာခန်းမ၌ကျင်းပရာ Health Digest ဂျာနယ်အယ်ဒီတာချုပ် ဒေါက်တာတင်မောင်ထွေး(ဒေါက်တာထွေး-မန်း)က ရဟန်းရှင်လူများကိုအကျိုးပြုသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ လူငယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများသို့ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ဇီဝိတဒါနသံဃာ့ဆေးရုံ၊ သီတဂူအာယုဒါနဆေးအလှူတော် ရွှေပါရမီ ကျန်းမာရေးဖောင်ဒေးရှင်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့်သုခရိပ်မြုံ လူငယ်ဖွံ့ဖြိုးရေးနှင့်ပရဟိတဂေဟာ ဒဂုံမြို့သစ်(မြောက်ပိုင်း)တို့သို့ ငွေကျပ် ၁၀ သိန်းစီ စုစုပေါင်းငွေကျပ်သိန်း ၅၀ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

စိန်ရွှေလှိုင်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ ဆောက်ပါ ပစ္စည်း/လုပ်ငန်းများကို နိုင်ငံခြားငွေ/မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည်-

စဉ်	တင်ဒါအမှတ်	Currency	ပစ္စည်း/လုပ်ငန်း အမည်/တည်နေရာ
၁	15(T)7/MR(E)	EURO	Tamping Unit (1)Set for Automotic Levellily,Linig and Tamping Machine
၂	၂၀၄/မမ/CME	Kyat	2 V,500 Ah Lead Acid Battery (34 Nos/Set)(50 Sets)
၃	၂၀၅/မမ/CE	Kyat	စက်ဆီး ချောဆီ(၅)မျိုး
၄	၂၀၆/မမ/CE	Kyat	[illegible]
	၂၀၇/မမ/CE	Kyat	[illegible]
	၂၀၈/မမ/CE	Kyat	တိုင်း(၃)မန္တလေးရှိ မြစ်ငယ်တံတား ပြုပြင်ခြင်း
၅	၂၀၉/မမ/CE	Kyat	တိုင်း(၅)တောင်ငူရှိ ခေါင်းတံတား [illegible]
၆	၂၁၀/မမ/CE	Kyat	[illegible]
၇	၂၁၁/မမ/CE	Kyat	[illegible]
၈	၂၁၂/မမ/CE	Kyat	လိုင်းသာဘူတာကြီး Platform & Platform Shed တည်ဆောက်ခြင်း
	၂၁၃/မမ/CE	Kyat	လိုင်းသာဘူတာကြီး Waiting Shed & Waiting Shed Platform တည်ဆောက်ခြင်း

တင်ဒါပိတ်မည့် နေ့/အချိန် - ၂၃.၁၀.၂၀၁၃ (ဗုဒ္ဓဟူးနေ့)(၁၂.၀၀)နာရီ

၂။ တင်ဒါပုံစံများကို ဆောက်ဖော်ပြပါဌာနတွင် (၂၃.၉.၂၀၁၃)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ် သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ဆောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-294352,291985,291994

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၊ မြေကွက်အမှတ် ၃၃၃၊ မြေကွက်တည်နေရာအမှတ် ၃၃၃၊ မဟာဗန္ဓုလလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ဦးခင်မောင်အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ဦးခင်မောင် ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်တင်အေးထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ်(၂-၁၁-၉၇)ဖြင့် ဒေါ်အေးကျော့နုမှ ပိုင်ဆိုင်လာပါသည်။ ဦးဘသာထွန်းမှ (တရားလို)ပြုလုပ်၍ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၅၂၀/၂၀၀၇ဖြင့် တရားပြိုင်သည် ဝယ်ယူသူအမည်ခံသာဖြစ်ကြောင်း မြွက်ဟကြေညာ၍ ဒေါ်အေးကျော့နုအား (တရားပြိုင်)ထားရှိ၍ တရားစွဲဆိုခဲ့ရာ အချင်းဖြစ်မြေသည် တရားလိုပိုင်ဆိုင်ကြောင်း အနိုင်ဒီကရီရရှိခဲ့ပါသည်။ အနိုင်ဒီကရီရရှိသူ ဦးဘသာထွန်း ၇/ပတန(နိုင်)၀၁၀၁၃၂က ပါမစ်ပျောက်ဆုံးကြောင်း ရဲစခန်းထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ တရားရုံးအထောက်အထားများတင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စက်မှုဝန်ကြီးဌာန
အထည်အလိပ်လုပ်ငန်း
အိတ်ဖွင့်အဆိုပြုလွှာခေါ်ယူပြီး ငှားရမ်းခြင်းဆောင်ရွက်မည့်
စက်ရုံခွဲများ၏ တင်ဒါပိတ်ရက်ပြင်ဆင်ခြင်း

၁၂-၉-၂၀၁၃ရက်နှင့် ၁၄-၉-၂၀၁၃ရက်ထုတ် သတင်းစာတို့တွင် တင်ဒါပိတ်သိမ်းမည့်ရက်များပြင်ဆင်သတ်မှတ်ခဲ့သော အထည်အလိပ်လုပ်ငန်း လက်အောက်ရှိ အောက်ဖော်ပြပါ စက်ရုံခွဲများအား ပုဂ္ဂလိကသို့ငှားရမ်းခြင်းလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရန်အတွက် တင်ဒါပိတ်သိမ်းမည့်ရက်များအား ယှဉ်တွဲဖော်ပြပါအတိုင်း ထပ်မံပြင်ဆင်သတ်မှတ်ကြောင်း ကြေညာအပ်ပါသည်-

စဉ်	စက်ရုံခွဲ	ယခင်တင်ဒါပိတ်သိမ်းမည့်ရက်	ပြင်ဆင်သည့်တင်ဒါပိတ်ရက်
(၁)	အမှတ်(၆)အထည်စက်ရုံခွဲ(မုံရွာ)	၂၃-၉-၂၀၁၃	၇-၁၀-၂၀၁၃
(၂)	အမှတ်(၇)အထည်စက်ရုံခွဲ(ဝမ်းတွင်း)	၂၃-၉-၂၀၁၃	၇-၁၀-၂၀၁၃
(၃)	အမှတ်(၈)အထည်စက်ရုံခွဲ(ရမည်းသင်း)	၂၃-၉-၂၀၁၃	၇-၁၀-၂၀၁၃

ဆက်သွယ်ရမည့်လိပ်စာ - ညွှန်ကြားရေးမှူး၊ ပစ္စည်းစီမံရေးဌာန၊ အထည်အလိပ်လုပ်ငန်း၊
အပြည့်အစုံ ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်
ဖုန်း - ၀၆၇-၄၀၈၁၅၆၊ ၄၀၈၃၃၈၊ ၄၀၈၁၈၅

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁/တိုးချဲ့)၊ မြေကွက်အမှတ်(G-4)၊ ဧရိယာ ၀ဒသမ ၂၂၂ဧကရှိ နှစ် ၆၀ မြေငှားဂရန်မြေကွက်သက်သက်နှင့် ၎င်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၁/တိုးချဲ့ရပ်ကွက်၊ ဦးဝိစာရလမ်း၊ အမှတ်(G-4)ဟုခေါ်တွင်သော မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနရှိ မြေစာရင်းတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ခင်ကြည်ငွေး N/RGN-၀၀၅၁၅၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သဖြင့် အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသောမှတ်ပုံတင်စာချုပ်စာတမ်း အထောက်အထားများဖြင့် ယခုသတင်းစာကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်ဝင်း B.A, H.G.P,R.L, D.B.L, D.I.L, D.M.L, M.P.A, M.A (BL), PGDIT (New Delhi), D.Jap.(UFL)၊ အထက်တန်းရှေ့နေ
အမှတ် ၆၇၊ ပထမထပ်၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၇၄၂၂၉၊ ၀၉-၅၀၀၈၅၈၃

မှုခင်းသတင်းနှင့်ကြော်ငြာ

ပင်လောင်းမြို့အဝင် ရင်းမှီးစစ်ဆေးရေးဂိတ်၌ စိတ်ကြွရူးသွပ်ဆေးများဖမ်းမိ ကွင်းဆက်ဖော်ထုတ်၍ ဖယ်ခုံမြို့နယ်မိုးပြဲကျေးရွာတွင် ထပ်မံဖမ်းဆီးရမိ

ပင်လောင်း စက်တင်ဘာ ၂၃

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်း မြို့အဝင် ရင်းမှီးစစ်ဆေးရေးဂိတ်တွင် မူးယစ်ဆေးဝါးသတင်းအရ မော်တော်ကားတစ်စီးအား ရပ်တန့်စစ်ဆေးရာမှ စိတ်ကြွရူးသွပ်ဆေးပြား၂၀၀ကျော်သိမ်းဆည်းရမိပြီး ကွင်းဆက်အဖြစ် ဖယ်ခုံမြို့နယ် မိုးပြဲကျေးရွာမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၀၀ကျော် ထပ်မံသိမ်းဆည်းရမိသောဖြစ်ရပ်သြဂုတ်လနောက်ဆုံးပတ်အတွင်းကဖြစ်ပွားခဲ့ကြောင်း သိရသည်။

သြဂုတ် ၂၈ ရက် ည ၁၁ နာရီ ၄၅ မိနစ်က တောင်ကြီးမူးယစ် (အထူး) အဖွဲ့မှ ရဲအုပ်ခင်မောင်ဝေနှင့်အဖွဲ့မှ သက်သေများနှင့်အတူ မူးယစ်ဆေးဝါးသတင်းအရ ယာဉ်များအား ရှောင်တခင်ရှာဖွေစစ်ဆေးခဲ့ကြသည်။

ထိုအချိန်တွင် လွိုင်ကော်မှ ပင်လောင်းဘက်သို့ လွိုင်ကော်မြို့ ရွှေတောင်ရပ်ကွက်နေ ကျော်နိုင်ဦး (၃၈ နှစ်)မောင်းနှင်ပြီး တစ်ရပ်ကွက်တည်းနေ နန္ဒဇော်(၃၅ နှစ်)လိုက်ပါလာသော ဟိုင်းလပ်အဖြူရောင်ယာဉ်အား ရပ်တန့်ရှာဖွေစစ်ဆေးရာ ကျော်နိုင်ဦး ဝတ်ဆင်ထားသော ဂျင်းအင်္ကျီ ယာဘက်အိတ်ကပ်အတွင်းမှ အဖြူရောင်ပလတ်စတစ်စဖြင့် ထုပ်ထားသည့် WYစာတန်းပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၁၂ ပြားကိုလည်းကောင်း၊ နန္ဒဇော်၏ လက်တွင်ကိုင်ဆောင်ထားသည့်CH-AIKUANG တံဆိပ်ပါ အတွင်းခံဘောင်းဘီအတွင်းမှ အပြာရောင်ကပ်ခွာတံဆိပ်ဖြင့်ထည့်လျက် WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၉၂ ပြားကိုလည်းကောင်း ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

သိမ်းဆည်းရမိ

အဆိုပါ သိမ်းဆည်းရမိသော စိတ်ကြွရူးသွပ်ဆေးပြားများကို ဖယ်ခုံမြို့နယ် မိုးပြဲကျေးရွာရွှေပင်ဆန်စက်ဝင်းအတွင်းနေ ဦးမြင့်လွင်(၄၉ နှစ်)ထံမှ ဝယ်ယူခဲ့ကြောင်း ပေါ်ပေါက်သဖြင့် သြဂုတ်၂၉ရက် နံနက် ၁၁ နာရီခွဲတွင် ဦးမြင့်လွင်၏ နေအိမ်ကို ဆက်လက်ရှာဖွေရာ နေအိမ် မီးဖိုချောင်အတွင်း FW တံဆိပ်ပါခရမ်းရောင် လက်ဆွဲ ပလတ်စတစ်ပုံးအတွင်းမှ လက်ဖက်ခြောက်များနှင့် ရောနှောလျက် အနက်ရောင်ပလတ်စတစ်ပတ်ထားသည့် အပြာရောင်ကပ်ခွာ အိတ်ထဲမှ WY စာတန်းပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၉၈၀ သိမ်းဆည်းရမိသည်။

အဆိုပါ သိမ်းဆည်းရမိသော စိတ်ကြွရူးသွပ် ဆေးပြားများကို ရပ်စောက်မြို့နယ် လွယ်ဆွဲ ရွာနေ စိုင်းမောင်ညွန့်(၃၆နှစ်)က ဒေသပေါက်ဈေးဖြင့်ရောင်းချပေးရန် လာရောက် အပ်နှံထားခြင်းဖြစ်ကြောင်း ထပ်မံစစ်ဆေးပေါ်ပေါက်ခဲ့သည်။

သို့ဖြစ်၍လွိုင်ကော်မြို့ရွှေတောင်ရပ်ကွက်နေ ကျော်နိုင်ဦး(၃၈ နှစ်)နှင့် နန္ဒဇော်(၃၅ နှစ်)တို့ကို ပင်လောင်းရဲစခန်းမှလည်းကောင်း၊ဖယ်ခုံမြို့နယ် မိုးပြဲကျေးရွာနေ မြင့်လွင်(၄၉ နှစ်)နှင့် ရပ်စောက်မြို့နယ် လွယ်ဆွဲကျေးရွာနေ စိုင်းမောင်ညွန့်(၃၆နှစ်) တို့ကို ဖယ်ခုံရဲစခန်းမှလည်းကောင်းတရားဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

လှမြင့်အောင်(လွိုင်ကော်)

အခန်းပိတ်လှောင်ခိုင်းစေခံခဲ့ရသည့် မြန်မာအလုပ်သမားအမျိုးသမီး နှစ်ဦးပြန်လည်လွတ်မြောက်လာ

ဗန်ကောက် စက်တင်ဘာ ၂၃

လေးလကြာ အိမ်အကူအဖြစ် အခန်းပိတ်လှောင်ခိုင်းစေခံခဲ့ရသည့် မြန်မာအလုပ်သမားအမျိုးသမီးနှစ်ဦးမှာ စက်တင်ဘာ ၁၇ ရက်က ထိုင်းနိုင်ငံမှ MAT အဖွဲ့၏ ကူညီမှုဖြင့် လွတ်မြောက်လာပြီဖြစ်ကြောင်း ထိုင်းနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသားများ၏ ဆက်သွယ်ပြောပြချက်အရသိရသည်။ ပြန်လည်လွတ်မြောက် လာခဲ့ကြသူများမှာ မွန်ပြည်နယ် သထုံမြို့နယ် ရွှေဘော်ကုန်းကျေးရွာမှ အသက် ၁၇ နှစ် အရွယ်မအေးမြသူနှင့် သထုံမြို့နယ် သမ္ဘာန်ကျေးရွာမှ အသက် ၂၁နှစ်အရွယ် မစမ်းဝင်းတို့ ဖြစ်ကြပြီး ဗန်ကောက်မြို့တွင် အိမ်အကူလုပ်သူ မမြင့်စန်းက ဗန်ကောက်မြို့ ဘန်ဘော်(၅)မှ မုန့်လုပ်ငန်းပိုင်ရှင်တစ်ဦးအိမ်သို့ တစ်လလျှင် ဘတ်ငွေ ၅၅၀၀ ရမည်ဟု ဆိုကာ ပို့ဆောင်ပေးခဲ့ခြင်းဖြစ်ကာ မမြင့်စန်းနှင့် မအေးမြသူ၏ မိခင်တို့မှာ ရင်းနှီးသူများဖြစ်သဖြင့် အခကြေးငွေမယူဘဲ အလုပ်ရှာပေးခဲ့ကြခြင်းသာဖြစ်သည်ဟု ဆိုသည်။ မအေးမြသူက“သမီးတို့ လုပ်အားခလည်းမရဘူး။ ပြန်မယ်ပြောလည်း ပြန်မပို့ဘူး။ ဘယ်နေရာလဲ မေးတော့လည်း သမီးတို့ကို မပြောဘူး။ သမီးတို့နှစ်ယောက် နံနက် ၄ နာရီခွဲကတည်းက ထပြီး အလုပ်လုပ်ရတာ ည ၁၀ နာရီခွဲမှ နားရပါတယ်။ သမီးတို့ နောင်တရပါပြီ။ အိမ်အကူအလုပ်ကို တစ်သက်လုံးမလုပ်တော့ဘူး။ ကူညီပေးကြတဲ့ ဘဘ တို့ကိုလည်း အထူးကျေးဇူးတင်ပါတယ်”ဟု MAT သို့ပြောခဲ့သည်။

မေ ၂၇ ရက်မှစတင်၍ အလုပ်လုပ်ခဲ့ကြသည့် မြန်မာအလုပ်သမားအမျိုးသမီးများသည် ယင်းနေ့ နံနက် ထိုင်းနိုင်ငံစံတော်ချိန် ၆ နာရီခွဲ၌ ခြံကို ကျော်တက်လျက် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ MAT ရုံးသို့ ရောက်ရှိလာခဲ့ကြခြင်းဖြစ်သည်။ ပြန်လည်လွတ်မြောက်လာသူ ကာယကံရှင်များက ဥပဒေကြောင်းအရ လုပ်အားခများရရှိရန် အမှုဖွင့်တိုင်ကြားလိုမှု မရှိတော့ကြောင်း ပြောဆိုကြပြီး ယခုကိစ္စကို မအေးမြသူ၏ မိခင်မှ သြဂုတ် ၃၀ ရက်တွင် လာရောက်အကူအညီတောင်းခံခဲ့ခြင်း ဖြစ်ကြောင်းလည်း MAT အဖွဲ့က ပြောခဲ့သည်။

စိုးဝင်း(SP)

ကော့သောင်းမြို့တွင် WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ

ကော့သောင်း စက်တင်ဘာ ၂၃

ကော့သောင်း(မူးယစ်)ရဲတပ်ဖွဲ့မှ ရဲအုပ်မျိုးဇော်ကိုနှင့်တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်ရွှေဇင်ယော်ရပ်ကွက် နန္ဒဝန်ဈေးအပြင်ပုံကျဈေးဆိုင်တန်း၌ စက်တင်ဘာ ၂၀ ရက်က ဇော်ဇော်အောင်ဆိုသူ ပိုင်ဆိုင်သည့် smash အမျိုးအစားအနီရောင်(လိုင်စင်မဲ့) ဆိုင်ကယ်ဖြင့် ရောက်ရှိလာသူအောင်အောင်မိုး(ခ)ဖိုးတုတ်ကို စစ်ဆေးရှာဖွေရာ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား၂၉၆ပြားနှင့်အစိမ်းရောင်စိတ်ကြွရူးသွပ်ဆေးပြားသုံးပြား စုစုပေါင်း ၂၉၉ ပြားသိမ်းဆည်းရမိသည်။

၎င်းဆေးပြားများကို ဇော်ဇော်အောင်မှတစ်ဆင့် ရောင်းချခိုင်းခဲ့ကြောင်းထွက်ဆိုသဖြင့် တာဝန်ရှိသူများသည် ဆက်လက်ဖော်ထုတ်ရာ အေးရိပ်ငြိမ်ရပ်ကွက် သိင်္ဂီဦးလက်ဖက်ရည်ဆိုင်တွင် ဇော်ဇော်အောင်ကို ဖမ်းဆီးရမိခဲ့သည်။ဆက်လက်၍ဇော်ဇော်အောင်၏ ထွက်ဆိုချက်အရ ကော့သောင်းမြို့ ရွှေပြည်စိုးကျေးရွာ (၇)မိုင် တောင်ပတ်လမ်းနေ ကျော်သန်း (ခ)သန်းမောင်ထံမှ စိတ်ကြွရူးသွပ်ဆေးပြားများကိုတစ်ဆင့် ပြန်ရောင်းချရန် ဝယ်ယူခဲ့ကြောင်းထွက်ဆိုသဖြင့် ကျော်သန်းအားသွားရောက်ဖမ်းဆီးရာ ၎င်း၏ဇနီး မအေးအေးမေကို အိမ်တွင်တွေ့ရှိရပြီး ကျော်သန်းမှာ ထွက်ပြေးတိမ်းရှောင်သွားသည်။

စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသည့် အောင်အောင်မိုး(ခ) ဖိုးတုတ်၊ ဇော်ဇော်အောင်(ခ) မောင်ဇော်နှင့် တိမ်းရှောင်နေသူ ကျော်သန်း (ခ) သန်းမောင်တို့ သုံးဦးကို ကော့သောင်းရဲစခန်းက မူးယစ်ဆေးဝါးဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ရှေ့ယာဉ်အားကျော်တက်စဉ် လမ်းဘေးသို့ ထိုးကျတိမ်းမှောက်

နေပြည်တော် စက်တင်ဘာ ၂၃

စက်တင်ဘာ ၁၆ ရက် နံနက် ၈ နာရီခွဲက နေပြည်တော်ဇေယျာသီရိမြို့နယ် စိမ်းစားပင်ကျေးရွာအနီး ရန်ကုန်-မန္တလေးကားလမ်းဟောင်းမိုင်တိုင်အမှတ် ၂၅၂/၄ အနီးတွင် မန္တလေးဘက်မှ ပျဉ်းမနားမြို့ဘက်သို့ ယာဉ်မောင်းလှမျိုးဦး (၃၁နှစ်) စည်ပင်တဘက္ကာကျေးရွာ ရမည်းသင်းမြို့နယ်နေသူ မောင်းနှင်သော ၃က/. . . အပြာရောင် ‘နဝရတ်’ ခရီးသည်တင်ယာဉ်သည် ရှေ့ယာဉ်ကို ကျော်တက်စဉ် လမ်း၏ယာဘက်ခြမ်းသို့ တိမ်းမှောက်သောကြောင့် ယာဉ်ပေါ်ပါခရီးသည် ဦးညွန့်ဝေ (၅၃ နှစ်) ဆည်ထိပ်ရွာ တပ်ကုန်းမြို့နယ် နေသူနှင့် တပ်ကုန်းမြို့နယ် ညောင်လူးရွာနေ ဦးကျော်ဝင်း (၅၃နှစ်) ပါ အမျိုးသားသုံးဦး၊ အမျိုးသမီးနှစ်ဦးစုစုပေါင်း ငါးဦးတို့တွင် ဒဏ်ရာများရရှိ၍ ပျဉ်းမနားခုတင် ၂၀၀ ဆေးရုံသို့ တင်ပို့ကုသခဲ့ပြီး ယာဉ်မဆင်မခြင်မောင်းနှင်သူ လှမျိုးဦးအား ရေဆင်းနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကိုကိုရှုပ

ဂလော့သော့ကျေးရွာ ရဲတံခွန်ချောင်း၌ ငါးရှာဉ့်ဖမ်းရာမှရေနစ်သေဆုံး

မော်လမြိုင် စက်တင်ဘာ ၂၃

မွန်ပြည်နယ် မုဒုံမြို့နယ် ဒိုးမားကျေးရွာနေ ကရင်နှင့်စိုးသူအောင်တို့သည် စက်တင်ဘာ ၁၈ ရက် နံနက် ၇ နာရီခွဲက ဂလော့သော့ကျေးရွာ အရှေ့ ရဲတံခွန်ကြီးချောင်းတွင် ငါးရှာဉ့်သွားရောက်ဖမ်းဆီးရာမှ ညီဖြစ်သူ စိုးသူအောင် (၂၁နှစ်)သည် ရေနစ်သေဆုံးသွားကြောင်း သိရသည်။ ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ မုဒုံမြို့နယ်ကမာဝက်ရဲစခန်းမှ ဓမ္မတာအတိုင်းသေဆုံးခြင်းဟုတ် မဟုတ် အမှုဖွင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(လ/၀၁၂)

လျှပ်စစ်မီးဖိုဘရေကာ အပူလွန်ကဲ၍ မီးလောင်

နေပြည်တော် စက်တင်ဘာ ၂၃

စက်တင်ဘာ ၂၀ ရက် ည ၉နာရီ ၁၅ မိနစ်တွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဇေယျသိဒ္ဓိရပ်ကွက် မြို့မဈေး ရုံအမှတ်(၄) ဆိုင်အမှတ်(ပ/၈၃) ရှိ ရာဇာအောင် (၁၉နှစ်)၏ “အာယုသာ”ဆိုင်ကယ်အပိုပစ္စည်းရောင်းဝယ်ရေးဆိုင်တွင် လျှပ်စစ်မီးဖိုဘရေကာအပူလွန်ကဲပြီး မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ ဇမ္ဗူသီရိမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့မဈေးတာဝန်ခံနှင့်အဖွဲ့ဝင်များ ပူးပေါင်း၍ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ည ၉ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် ဆိုင်အတွင်းရှိ ဆိုင်ကယ်အပိုပစ္စည်းများ တန်ဖိုးငွေကျပ် ၁၅၀၀၀၀ ခန့် ပျက်စီးဆုံးရှုံးခဲ့ရပြီး ရာဇာအောင်ကို ဇမ္ဗူသီရိနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

စိုးဝင်း(SP)

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် ရုံးအဆောက်အအုံများ ဆောက်လုပ်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်မှ အောက်ဖော်ပြပါအဆောက်အအုံများကို ရေသန့်နှင့် လျှပ်စစ်လုပ်ငန်း၊ မြေပြုပြင်ခြင်းနှင့်ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများအပါအဝင် ရေးဆွဲထားသည့် ဗိသုကာပုံစံနှင့်အညီ ဆောက်လုပ်လိုပါသည်-

စဉ်	ရုံးအမည်	အဆောက်အအုံအတိုင်းအတာ	တည်နေရာ
(က)	သန်လျင်မြို့နယ် တရားရုံး	အလျား ၇၈ပေ×အနံပေ၆၀ RC နှစ်ထပ် အဆောက်အအုံ [အချုပ်ခန်း၊ သက်သေနားနေဆောင်၊ သန့်စင်ခန်းများ၊ (အတွင်း/အပြင်)ရေသန့်/လျှပ်စစ်လုပ်ငန်းပါဝင်သည်။]	သန်လျင်မြို့နယ်၊ မြို့သစ်ရပ်ကွက်၊ အောင်ဇေယျလမ်းနှင့်စည်ပင်ရုံးလမ်းထောင့်၊ အကွက်အမှတ် ၂၁၊ ဦးပိုင်အမှတ် ၃၃၊ ဧရိယာ ၀.၂၇ဧက
(ခ)	ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်တရားရုံး	အလျား ၁၂၈ပေ×အနံ ၄၂ပေ အမြင့် ၁၂ပေ၊ RC တစ်ထပ် အဆောက်အအုံ [အချုပ်ခန်း၊ သက်သေနားနေဆောင်၊ သန့်စင်ခန်းများ(အတွင်း/အပြင်) ရေသန့်/လျှပ်စစ်လုပ်ငန်းပါဝင်သည်။]	ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ အကွက်အမှတ် ၉၁၊ အမှတ် (၆/၆-၁)၊ ဧရိယာ ၀.၇၉၂ဧက

၂။ အိတ်ဖွင့်တင်ဒါပုံစံကို ၁၉-၉-၂၀၁၃ရက်မှ ၁၈-၁၀-၂၀၁၃ရက်အထိ နေ့စဉ် နံနက် ၉း၃၀ နာရီမှ ၁၆း၃၀နာရီအထိ ရုံးဖွင့်ရက်များအတွင်း ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၁-၁၀-၂၀၁၃ရက်၊ နံနက် ၁၀း၀၀နာရီမှ မွန်းတည့် ၁၂း၀၀နာရီအတွင်း ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၌ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် တင်ဒါတင်သွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် ဖုန်း-၀၁-၃၈၂၀၂၇သို့ ရုံးချိန်အတွင်း စုံစမ်းထုတ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူစိစစ်ရေးအဖွဲ့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်းမှ ဆေးဝါးစက်ရုံများအတွက် ဆေးဝါးကုန်ကြမ်း ၆၁ မျိုးအား နိုင်ငံခြားငွေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ**

စတင်ရောင်းချမည့်ရက် - ၂၃-၉-၂၀၁၃ ရက်

တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၄-၁၀-၂၀၁၃ ရက်၊ ၁၆း၀၀ နာရီ

၃။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်း အသေးစိတ် အချက်အလက်များကို အောက်ပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်)
ရုံးအမှတ် ၃၇၊ စက်မှုဝန်ကြီးဌာန
နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၂၇၅၊ ၄၀၈၂၇၆၊ ၀၆၇-၄၀၈၁၉၅

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဘောဂသီရိအဝေးပြေး ယာဉ်ရပ်နားစခန်း၊ ပွဲရုံဆိုင်ခန်းအမှတ် ပ-၁၂၈ အား ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ည/၁၁ ရပ်ကွက်၊ ရန်ကြီးအောင် ၁ လမ်း၊ အမှတ် ၈၄၇/က နေ ဦးကျော်စိုး ၁၀/မလမ(နိုင်)၀၆၉၇၇၂မှ အမည်ပေါက်ပိုင်ဆိုင်၍ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဗီလာ အမှတ် F4-၁၀ နေ ဒေါ်နီနီတင်ထွန်း ၁၂/ဒဂန(နိုင်)၀၂၇၁၅၈က ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် အခွန်ဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

အခွန်ဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဘောဂသီရိအဝေးပြေး ယာဉ်ရပ်နားစခန်း ကားဂိတ်ခန်းအမှတ် က-၈၉ အား သန်မြန်သူအသင်းမှ အမည်ပေါက်ပိုင်ဆိုင်၍ ပျဉ်းမနားမြို့၊ ဥယျာဉ်စုရပ်ကွက်၊ အမှတ် ၁/၂၈၀ နေ ဦးညီညီဟိန်း ၉/ပမန(နိုင်)၁၅၈၂၁၅က ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် အခွန်ဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

အခွန်ဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သော အိမ်ရာရှိ တိုက်ခန်းအား လက်ရှိအမည်ပေါက်ထံမှတစ်ဆင့် ဝယ်ယူထားသူမှ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် တင်ပြလျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁။	ဒေါက်တာနွေးနွေးကြိုင် ၁၂/စခန(နိုင်)၀၅၂၅၃၀(မှ) ဦးအောင်ကျော်ဦး ၁၂/ပဘတ(နိုင်)၀၀၅၉၉၆(မှ)	ဒေါ်မီမီခိုင် ၆/ပလန(နိုင်)၀၀၀၂၈၃	အမှတ်(၁၂၀/၁၂၄)၊ အခန်းအမှတ် (၃/အေ)၊ ၁၅လမ်း၊ လမ်းမတော်မြို့နယ်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မော်လမြိုင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍ စပါးခင်းများအတွင်း ငါးမျိုးများစိုက်ထည့်ပေး

မော်လမြိုင် စက်တင်ဘာ ၂၃

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေရေး၊ စပါးရိက္ခာနှင့်ငါးရိက္ခာများအား တောင်သူများဖူလုံစွာ စားသုံးနိုင်စေရေး ရည်ရွယ်၍ မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန၏ ဦးဆောင်ကြီးကြပ်မှုဖြင့် မော်လမြိုင်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ကြီးမှူးကျင်းပသော မော်လမြိုင်မြို့ ရွှေမြိုင်သီရိရပ်ကွက်နယ်မြေရှိစိုက်ပျိုးမွေးမြူရေးစခန်း (မျှော်လင့်) ၌ စက်တင်ဘာ၁၉ရက် နံနက် ၈နာရီခွဲက စပါးခင်း အမှတ်(၁)တွင် ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်/မြို့နယ် အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မော်လမြိုင်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ရွှေမြိုင်သီရိရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ တောင်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားတွင် မော်လမြိုင်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးဌာနမှူး ဦးဝင်းမြင့်က စပါးခင်းအတွင်း ငါးမျိုးစိုက်ထည့်ရခြင်းအား ရှင်းလင်းတင်ပြပြီး မော်လမြိုင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူးက (မျှော်လင့်) စိုက်ပျိုးမွေးမြူရေးစခန်း တာဝန်ခံထံငါးမျိုးများပေးအပ်ခြင်းကို လည်းကောင်း၊ ဒေသခံတောင်သူများထံ ငါးမျိုးများပေးအပ်ခြင်းတို့ကို ပြုလုပ်ပြီး တက်ရောက်လာသူများက တီလားပီးယား ငါးကောင်ရေတစ်သောင်း၊ ရွှေဝါငါးကြင်း ကောင်ရေနှစ်သောင်း၊ ငါးခုံးမကြီးကောင်ရေတစ်သောင်း စုစုပေါင်းငါးကောင်ရေ လေးသောင်းကို စပါးခင်းများအတွင်း ငါးမျိုးများ စိုက်ထည့်ကြသည်။

အလားတူ မွန်ပြည်နယ်ချောင်းဆုံမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးကြီးမှူးကျင်းပသောစပါးခင်းအတွင်း ငါးမျိုးများ စိုက်ထည့်ပွဲအခမ်းအနားကို စက်တင်ဘာ၁၉ရက်နံနက်၁၀နာရီက ချောင်းဆုံမြို့နယ် နတ်မှော်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၁၃)၊ လယ်ပိုင်ရှင် ဒေါ်ရှမ်းမ၏ လယ်မြေတွင်လည်း တီလားပီးယား၊ ရွှေဝါငါးကြင်း၊ ငါးခုံးမကြီးစုစုပေါင်းကောင်ရေလေးသောင်းကို စိုက်ထည့်ပေးကြသည်။**(အပေါ်ပုံ)**

မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ကျင်းပလျက်ရှိသော ငါးမျိုးစိုက်ထည့်ပွဲများကို မွန်ပြည်နယ်ရှိ ကျန်ရှိသည့်မြို့နယ်များဖြစ်သည့် ကျိုက်မရောမြို့နယ်၊ မုဒုံမြို့နယ်၊ သံဖြူဇရပ်မြို့နယ်နှင့် ရေးမြို့နယ်များတွင်လည်း ဆက်လက်၍ စိုက်ထည့်ပေးသွားမည်ဖြစ်ကြောင်းနှင့် မွန်ပြည်နယ်အတွင်း ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ငါးကောင်ရေ ရှစ်သိန်း စိုက်ထည့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်သန်း(မော်လမြိုင်)**

လူပေါင်း တစ်သောင်းကျော်ခန့် အားပေးခဲ့သော ဘောလုံးပွဲ

ငါးသိုင်းချောင်း စက်တင်ဘာ ၂၃

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့နယ်ခွဲကုန်းပြင်တိုက်နယ် ရှေးရိုးရာ အစဉ်အလာမပျက် တော်သလင်းလဆန်း ၈ရက်မှ တော်သလင်းလပြည့်အထိ ရိုးရာမပျက် သီတာမောင်နှမရေပွဲတော်ကို နှစ်စဉ်ကျင်းပခဲ့သည်။

သီတာရေပွဲတော်ကို ရပ်နီးရပ်ဝေးမှ လူသူအများ စိတ်ဝင်စားကြသည်။ယင်းပွဲတော်တွင်လှေပြိုင်ပွဲများ၊ ဇာတ်သဘင်ပွဲများနှင့် ပွဲဈေးတန်းမှာလည်း ရပ်ဝေးရပ်နီးမှ လူအများစိတ်ဝင်စားဖွယ် လူသုံးကုန်ပစ္စည်းများကို ရောင်းချကြသည်။ တော်သလင်းလပြည့်နေ့တွင် သီတာမောင်နှမ ရေပွဲတော်အစနေ့မှစ၍ ဘောလုံးအသင်း ၁၆ သင်းကို ယှဉ်ပြိုင်လာကြရာလပြည့်နေ့၁၉ရက် ညနေ၃နာရီခွဲတွင် ၁၆သင်းမှ ဗိုလ်လုပွဲဖြစ်သော ကုန်းပြင်(က)အသင်းနှင့် ရပ်သာကြီးအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကြရာ မိနစ် ၉၀ အထိ တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့ပြီး နာရီဝက်အချိန်ပိုတွင် ရပ်သာကြီးအသင်းက ကုန်းပြင်(က)အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ထို့နောက် ဆုပေးပွဲ ဆက်လက်ကျင်းပရာ ပထမရရှိသောအသင်းကို ဆုငွေကျပ်လေးသိန်းနှင့် ဒိုင်းဆုချီးမြှင့်ခဲ့ပြီး ဒုတိယရရှိသောအသင်းကို နှစ်သိန်းရှစ်သောင်း၊ တတိယရရှိသောအသင်းကိုတစ်သိန်း ငါးသောင်းတို့ကို တာဝန်ရှိသူများက ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)(မြို့နယ်ပြန်/ဆက်)

မော်လမြိုင်ကျွန်းမြို့နယ်၌ ခွေးရူးပြန်ရောဂါကြိုတင်ကာကွယ်ဆေး ကွင်းဆင်းထိုးနှံ

မော်လမြိုင် စက်တင်ဘာ ၂၃

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြို့နယ်အိမ်မွေးတိရစ္ဆာန်များ ကာကွယ်စောင့်ရှောက်ရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် တိရစ္ဆာန်မှ လူသို့ကူးစက်ရောဂါများတွင်အရေးကြီးသည့် ခွေးရူးပြန်ရောဂါကြိုတင်ကာကွယ်ဆေးကွင်းဆင်းထိုးနှံခြင်းကို စက်တင်ဘာ ၁၂ရက် နံနက် ၉ နာရီမှစတင်ပြီး မော်လမြိုင်ကျွန်းမြို့ပေါ်ရှိ ရပ်ကွက်များတွင် လှည့်လည်၍ ထိုးနှံကြသည်။

(ဝဲပုံ)

ယင်းခွေးရူးပြန်ရောဂါကာကွယ်ဆေး ထိုးနှံရာတွင် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးဌာနမှူး ဒေါက်တာဖြူဖြူဝင်း ဒုတိယဦးစီးမှူး ဒေါက်တာ ထွန်းဇော်ဝင်းနှင့်ဝန်ထမ်းများ၊ မြို့နယ် အိမ်မွေးတိရစ္ဆာန်များကာကွယ်စောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မောင်မောင်နှင့်အဖွဲ့ဝင်များက မြို့ပေါ်ရှိ အိမ်မွေးခွေးများနှင့် ခွေးလေခွေးလွင့်ကောင်ရေ ၇၂ကောင်တို့ကို ခွေးရူးပြန်ကြိုတင်ကာကွယ်ဆေးများ ထိုးနှံပေးကြသည်။

အဆိုပါ အိမ်မွေးခွေးနှင့် ခွေးလေခွေးလွင့်များကို ယခုစက်တင်ဘာလအတွင်း ခွေးရူးပြန်ကြိုတင်ကာကွယ်ဆေးများ ထိုးနှံပေးရခြင်းမှာ ခွေးများမိတ်လိုက်ကာလဖြစ်သဖြင့်တစ်ကောင်မှ တစ်ကောင်သို့ခွေးရူးပြန်ရောဂါရှိသော ခွေးမှအမြန်ကူးဆက်နိုင်သောကြောင့် ဖြစ်သည်။ မော်လမြိုင်ကျွန်းမြို့နယ်တွင် ၂၀၁၃ခုနှစ် ဇန်နဝါရီ ၁ရက်မှ စက်တင်ဘာ၁၂ရက်အထိ ခွေးရူးပြန်ရောဂါကြိုတင်ကာကွယ်ဆေးထိုးနှံပြီးသော ခွေးကောင်ရေမှာ၁၇၆၂ ကောင်ရှိပြီဖြစ်ကြောင်း သိရသည်။

(မော်ကျွန်းမြင့်အောင်)

ခင်ဦးဘူတာရုံ၌ ပြည်ဝင်ခွင့်အထောက်အထားမပြနိုင်သူအရေးယူ

ခင်ဦး စက်တင်ဘာ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့ ဘူတာရုံ၌ စက်တင်ဘာ၁၁ရက် ညနေ ၆နာရီက မြစ်ကြီးနားမြို့မှ မန္တလေးသို့ထွက်ခွာလာသည့် အမှတ်(၄၂)အစုန် ဒုတိယအမြန်ရထားဆိုက်ရောက်လာခဲ့ပြီးဘူတာစင်္ကြံပေါ်တွင်တရုတ်အမျိုးသား တစ်ဦး၊ မြန်မာအမျိုးသမီးနှစ်ဦး၊ နှစ်နှစ်အရွယ် ယောကျ်ားလေးတစ်ဦးတွေ့ရှိကြောင်း၊ ခင်ဦးဘူတာ မီးရထားရဲတပ်ဖွဲ့မှ နယ်ထိန်းရဲတပ်သား ဝင်းကိုနှင့်အဖွဲ့က မသင်္ကာ၍ စစ်ဆေးမေးမြန်းရာ တရုတ်အမျိုးသားမှာ မြန်မာစကားမပြောတတ်ကြောင်း၊ ၎င်း၏အမည်မှာ ရှောင်ဟုန်း(၃၂နှစ်) ကုန်ချုံးမြို့နယ် ယူယုန်ရွာနေသူဖြစ်ကြောင်း၊ မြန်မာအမျိုးသမီးနှစ်ဦးမှာ ဒီပဲယင်းမြို့နယ် ကံပြားကျေးရွာနေသူ ဒေါ်ပု (၅၀နှစ်)နှင့် မခင်စန်းလွင် (၂၆နှစ်)ဖြစ်ပြီး ကလေးအမည်မှာ မျိုးချစ်ဦးတို့ဖြစ်ကြောင်း၊ ခင်ဦးမြို့နယ် လဝကဦးစီးမှူး ဦးစိုင်းဆိုင်ကျောက်နှင့်အဖွဲ့တို့က စစ်ဆေးပြီး ခင်ဦးရဲစခန်းက အမှုဖွင့်၍ အရေးယူလျက်ရှိကြောင်း သိရသည်။

(ရောင်နီတင်ဝင်း)

ရွှေဘုန်းပွင့်စေတီတော် သီတင်းကျွတ်လပြည့်အဘိဓမ္မာအခါတော်နေ့အထိမ်းအမှတ် သီတင်းကျွတ်မီးထွန်းပွဲနှင့် ၃၆ ကြိမ်မြောက်ပဝါရဏာပွဲ

ရွှေဘုန်းပွင့်စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူး၍ သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့အထိမ်းအမှတ် သီတင်းကျွတ်မီးထွန်းပွဲနှင့်(၃၆)ကြိမ်မြောက် ပဝါရဏာပွဲကို ၁၃၇၅ခုနှစ် သီတင်းကျွတ်လပြည့်နေ့တွင် ကျင်းပရန်စီစဉ်ထားပါသည်။ (၃၆)ကြိမ်မြောက် ပဝါရဏာပွဲကို ရွှေဘုန်းပွင့်စေတီတော် သာသနဗေတိကဓမ္မာရုံကြီးတွင် သီတင်းကျွတ်လပြည့်နေ့ ၁၉-၁၀-၂၀၁၃ရက် ညနေ ၃နာရီအချိန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး ယင်းနေ့ညပိုင်းတွင် စေတီတော်ရင်ပြင်၌ စေတီတော်ကြီးကို ဆီမီးများထွန်းညှိပူဇော်ရန် စီစဉ်ထားပါသည်။ လှူဒါန်းလိုသူများ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ရုံးဖုန်း-၀၁-၂၉၀၄၂၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း။

ရွှေဘုန်းပွင့်စေတီတော်
ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့

ဖြည့်စွက်ကြေညာခြင်း

၂၀-၉-၂၀၁၃ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၌ ကန့်ကွက်နိုင်ပါသည်ကြော်ငြာတွင် ပါရှိသော ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၉)ရပ်ကွက်၊ တိုက်အမှတ် ၃၉၊ အခန်းအမှတ် ၆အေ၊ ခြောက်လွှာ (တိုက်ကို မျက်နှာမူလျှင် ဘယ်ဘက်ခြမ်း)ဟု ဖော်ပြထားသည့် စာသားအစား ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၉)ရပ်ကွက်၊ ရေကျော်လမ်းမ၊ တိုက်အမှတ် ၃၉၊ အခန်းအမှတ် (၆-အေ)၊ ခြောက်လွှာ (တိုက်ကိုမျက်နှာမူလျှင် ဘယ်ဘက်ခြမ်း)ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်စမ်းစမ်းဦး (ဥပဒေဘွဲ့) (စဉ်-၅၀၆၇) တရားလွှတ်တော်ရှေ့နေ
ရုံး-Winner Firm အမှတ်(၆၂)၊ ပထမထပ်၊ အခန်း ၇၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၄၁၉၈၅၊ ၀၉-၅၁၅၇၆၈၃၊ ၀၁-၂၉၀၃၆၄

မိဘအမည်မှန်

ဝမ်းတွင်းမြို့၊ အမက (၄)မူလွန်၊ ပဋ္ဌမတန်းတွင် ပညာသင်ကြားနေသော မစနိုး၏မိဘအမည်မှန်မှာ ဦးမြတ်ကောင်း-ဒေါ်အမော်ဖြစ်ပါကြောင်း။

ဦးမြတ်ကောင်း-ဒေါ်အမော်

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် ပျဉ်းမနားမြို့၊ ဘောဂသီရိအဝေးပြေးယာဉ်ရပ်နားစခန်း ပွဲရုံဆိုင်ခန်းအမှတ်(ပ-၉၄၊ ၉၅)အား ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အင်းလျားလမ်း၊ အမှတ်(၇၄-အေ ၁)နေ ဦးထွန်းကြည် ၉/မနမ(နိုင်)၀၆၁၁၄၁ မှ အမည်ပေါက်ပိုင်ဆိုင်၍ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၆)ရပ်ကွက်၊ သုခဝတီလမ်း၊ အမှတ် ၂၇ နေ ဦးအောင်မင်းနိုင် ၉/အမဇ(နိုင်)၀၀၃၇၀၆ က ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် အခွန်ဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

အခွန်ဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဘောဂသီရိအဝေးပြေးယာဉ်ရပ်နားစခန်း ရေဆေးခုံနှင့်အလုပ်ရုံ ဆိုင်ခန်းအမှတ်(၇-၁)အား နေပြည်တော်ပျဉ်းမနားမြို့နယ်၊ ရန်အောင် ၂ရပ်၊ အမှတ်(၆/၂၆)နေ ဦးဖြိုးဝင့် ၉/ပမန(နိုင်)၁၈၇၅၇၅ကအမည်ပေါက်ပိုင်ဆိုင်၍နေပြည်တော် ပျဉ်းမနားမြို့ ပေါင်းလောင်း ၁ရပ်၊ မေတ္တာလမ်း၊ အမှတ်(၁၄/ခ-၁၅)နေ ဒေါ်သီသီခိုင် ၁/မကန(နိုင်)၀၀၅၂၃၂ က ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအားကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် အခွန်ဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

အခွန်ဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဃ/၈၁၃၉ Mitsubishi Pajero V 46 Station Wagon (4 × 4)R ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဌေး ၅/ဝလန(နိုင်)၀၇၈၅၉၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဘောဂသီရိအဝေးပြေးယာဉ်ရပ်နားစခန်း ပွဲရုံဆိုင်ခန်းအမှတ်(ပ-၁၂၇)အား နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၊ အောင်ချမ်းသာရပ်၊ ရန်-မန်းလမ်း၊ အမှတ်(၁၁/၂၄၀)နေ ဦးလှထွန်းစိန် ၉/တတဉ(နိုင်)၀၀၇၈၅၃မှ အမည်ပေါက်ပိုင်ဆိုင်၍ နေပြည်တော် ပျဉ်းမနားမြို့၊ ရန်အောင်-၁ရပ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် (၁၁/၁၂)နေ ဦးစည်သူထွန်း ၁၂/ဥကတ(နိုင်)၁၃၉၈၈၃က ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် အခွန်ဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

အခွန်ဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဌာနဆိုင်ရာနှင့်စီးပွားရေးကြော်ငြာ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
အိတ်ဖွင့်အဆိုပြုလွှာခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် အောက်ဖော်ပြပါ စီမံကိန်း(၂)ခုအား ဆောင်ရွက်ရန် စိတ်ပါဝင်စားသော ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံသူများအား ဖိတ်ခေါ်အပ်ပါသည်-
(က) ကျောက်ဆည်ဒေသတွင် ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးရန် Gas Engine Generator များ ငှားရမ်းခြင်း
(ခ) မြင်းခြံဒေသတွင် Combined Cycle Power Plant (CCPP) တည်ဆောက်ပြီး Independent Power Producer (IPP) စနစ်ဖြင့် ဓာတ်အားထုတ်လုပ်ပေးခြင်း

၂။ ဖော်ပြပါစီမံကိန်း(၂)ခုအတွက် လိုအပ်သောသဘာဝဓာတ်ငွေ့ကို **"ရွှေ"**ကမ်းလွန် သဘာဝဓာတ်ငွေ့ကို အသုံးပြုပါမည်။

၃။ Gas Engine Generator များ ငှားရမ်းခြင်းအတွက် အဆိုပြုလွှာနှင့် ဈေးနှုန်းများအား ၁၈-၁၀-၂၀၁၃ ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

၄။ Combined Cycle Power Plant (CCPP) တည်ဆောက်ပြီး Independent Power Producer (IPP) စနစ်ဖြင့် ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးခြင်းအတွက် အဆိုပြုလွှာအား ၃၀-၁၁-၂၀၁၃ ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

၅။ စီမံကိန်းများနှင့် သက်ဆိုင်သည့် စံချိန်စံညွှန်းများကိုလည်းကောင်း၊ အသေးစိတ်သိရှိလိုသည့် အချက်အလက်များကိုလည်းကောင်း ယခုကြော်ငြာသည့်ရက်မှစ၍ ရုံးချိန်အတွင်း-
(က) Gas Engine Generator များ ငှားရမ်းခြင်းအတွက် ၃၀-၉-၂၀၁၃ ရက်ထိလည်းကောင်း၊
(ခ) Combined Cycle Power Plant တည်ဆောက်ခြင်းအတွက် ၁၅-၁၀-၂၀၁၃ ရက်ထိလည်းကောင်း၊
အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းဆွေးနွေးနိုင်ပါသည်-
ဦးဆောင်ညွှန်ကြားရေးမှူးရုံး
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရုံးအမှတ် ၂၇၊ နေပြည်တော်၊ ဖုန်း- +၉၅၆၇၄၁၀၂၀၂၊ ဖက်စ် +၉၅၆၇၄၁၀၀၇၄

၆။ တင်ဒါစည်းကမ်းနှင့် စီမံကိန်းလုပ်ငန်းနှင့်ပတ်သက်သော အချက်အလက်များကို ယခုကြော်ငြာသည့်ရက်၏ နောက်တစ်နေ့မှစတင်၍ ပစ္စည်းစီမံရေးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

HTET OO MARITIME TRAINING INSTITUTE

Whole Package စနစ်ဖြင့် ပျက်စီးစေ ဆေးစစ်ခြင်းများ၊ BST နှင့် Pre-Sea သင်တန်းများတက်ရောက်ခြင်း၊ CDC / Passport လျှောက်ထားခြင်းများကို (၅)လ အတွင်း ပြီးမြောက်နိုင်အောင် စီစဉ်ဆောင်ရွက်ပေးနေပါပြီ၊ သင်တန်းကာလ (၂)ခုအတွင်း နေ့လယ်စာ နှင့် Coffee ကို အခမဲ့ကျွေးမွေးမည်ဖြစ်ပါသည်။

၁။ BST (4 Tickets) - (နေ့လယ်စာ နှင့် Coffee ကို အခမဲ့ကျွေးမွေးမည်)
၂။ Tanker Familiarization Course (T.F) -(နေ့လယ်စာ နှင့် Coffee ကို အခမဲ့ကျွေးမွေးမည်) (Oil, Chemical, Liquefied Gas)
၃။ Pre-sea Course (Deck , Engine) - (Onboard Excursion)
၄။ Deck Officer Class - 5 (NCV)

(၁) Ph:01-544562, 09 8553104
(၂) Ph: 09 421154222

RC-2 နှင့် ဒဂုံ (၁၉၉၅-၂၀၀၂) ဘွဲ့ဒီဗေဒကျောင်းသား/သူဟောင်းများ၏ ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲဖိတ်ကြားခြင်း

Overseas မှသူငယ်ချင်းများ ဆက်သွယ်ရန် - အောင်လွင်မိုး (sg) ၀၀၆၅-၉၃၃၁၇၄၃၂၆

ဆရာကြီးဒေါက်တာမောင်မောင်ပြေ
(အင်္ဂလိပ်စာပါရဂူ)
အကောင်းဆုံးအင်္ဂလိပ် စကားပြောမှုမှန်အသံထွက်

အင်္ဂလိပ်စာ/စကား
(၅နှစ်မှ ၃၅နှစ်)
၁။ အရေး၊ အဖတ်၊ အပြော၊ ဘာသာပြန်၊ နားထောင်ခြင်း။
၂။ ကုမ္ပဏီ၊ အဖွဲ့အစည်းများ အတွက် သီးသန့် သင်သည်။
ဖုန်း-၃၈၈၃၀၇၊ ၀၉-၄၀၁၅၄၈၄၆၀

မိဘအမည်မှန်

ဖျာပုံမြို့၊ အထက (၁)၊ တက္ကသိုလ်ဝင်တန်း (ခ)မှ မောင်သော်ဇင်၏ မိဘအမည်မှန်မှာ ဦးမောင်ရွှေ-ဒေါ်ပြုံး ဖြစ်ပါကြောင်း။

ဦးမောင်ရွှေ-ဒေါ်ပြုံး

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၄၊ မြေကွက်အမှတ် ၁၂၄၂၊ မြေကွက်တည်နေရာအမှတ် ၁၂၄၂၊ ပိတောက်မြိုင် ၃ လမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြောက် ဒေါ်မြရတနာကျော် ၁၂/ဥကတ(နိုင်) ၀၄၂၀၆၅ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်မြရတနာကျော်ထံမှ ဂျပန်နိုင်ငံ မြန်မာသံရုံးအထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၀၅/၄၈၀၁(၂၉-၇-၁၁)ဖြင့် ကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်မြမြ ၁၂/ဥကတ(နိုင်)၀၅၀၈၄၈ က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာနှင့် ၂၀၁၀ ခုနှစ် အရောင်းအဝယ်မြေပုံမူရင်းပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ငွေချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရွှေပြည်သာမြို့နယ်တရားရုံး
၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၈၀

ကိုကျော်ကျော်(ခ)ကိုကျော်ထွန်းလှိုင် **နှင့်** မလှဲ့(ခ)မလှဲ့လှဲ့ဝင်း
တရားလို **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၁၀)ရပ်ကွက်၊ အမှတ် ၃၃၉/၃၄၀ ရေဦးလမ်း မူလလိပ်စာပါသိရှိပြီး ယခုနေရပ်လိပ်စာအား မသိရှိ၍ ငွေချက်ထုတ်ဆင့်ရန် အတည်ဖြစ်နိုင်ရေးအတွက် အခြားနည်းဖြစ်သော ဥပဒေပြဋ္ဌာန်းချက်အရ သတင်းစာတွင် ထည့်သွင်းကြော်ငြာ၍ မလှဲ့(ခ)မလှဲ့လှဲ့ဝင်း သိစေရမည်။

သင့်အပေါ် တရားလိုက ရရန်ရှိသောငွေကျပ်သိန်း ၂၀ (ကျပ်သိန်းနှစ်ဆယ်တိတိ)ကို ပြန်လည်ပေးအပ်စေလိုမှု လျှောက်ထားစွပ်စွဲချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၃ခုနှစ် အောက်တိုဘာ ၉ရက် (၁၃၇၅ခုနှစ် သီတင်းကျွတ်လဆန်း ၅ရက်) မွန်းမတည့်မီ ၁၁ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် စက်တင်ဘာ ၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မောင်မောင်ခင်)
ဒုတိယမြို့နယ်တရားသူကြီး (၂)၊ ရွှေပြည်သာမြို့နယ်တရားရုံး

ရောင်းချရန်ကြော်ငြာစာ
တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆
ပဲခူးမြို့ တွဲဖက်မြို့နယ်တရားသူကြီး(၃)ရုံး
၂၀၁၁ ခုနှစ် တရားမဇာရီမှုအမှတ်-၇၁

ဒေါ်နွဲ့နွဲ့အေး **နှင့်** ၁။ ဦးတင်မောင်ထွေး
၂။ ဒေါ်လေးနွယ်
တရားနိုင် **တရားရှုံးများ**

၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ်-၇၁ တွင် ရရှိခဲ့သောဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၁၃ခုနှစ် အောက်တိုဘာ ၇ရက် (၁၃၇၅ခုနှစ် သီတင်းကျွတ်လဆန်း ၃ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

ပဲခူးမြို့၊ ပဲခူးမြို့နယ်၊ ဟင်္သာကုန်းရပ်ကွက်၊ အောင်စိုးမိုးလမ်း၊ အိမ်အမှတ် ၃၇နေအိမ်နှင့် ခြံမြေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၂၀။

ရောင်းချရန်စည်းကမ်းများ

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း (သို့တည်းမဟုတ်) ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

၂၀၁၃ခုနှစ် စက်တင်ဘာ ၁၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။

(တင်တင်မော်)
တွဲဖက်မြို့နယ်တရားသူကြီး၊ ပဲခူးမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂၊ မြေကွက်အမှတ် ၄၁၇၊ မြေကွက်တည်နေရာအမှတ် ၄၁၇၊ စိမ်းမြသာယာလမ်း၊ (၃၂)ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ် ဦးတင်မောင်(၇) CG -၀၁၄၇၄၆ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးတင်မောင်(၇) ကွယ်လွန်သဖြင့် ဒေါ်ရွှေသိန်း ၁၂/တမန(နိုင်)၀၅၃၅၇၀က နှစ် ၆၀ မြေငှားစာချုပ်ပျောက်ဆုံးကြောင်းနှင့် တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်နှင့် အရောင်းအဝယ်စာချုပ်ရန် ထပ်တိုးအရောင်းမြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅CG၊ မြေကွက်အမှတ် ၉၃၂၊ မြေကွက်တည်နေရာအမှတ် ၁၉၊ ဘုရင့်နောင်လမ်း၊ ဆရာစံမြောက်/ရှေ့ရပ်ကွက်၊ ဗဟန်းမြို့နယ် ဒေါ်ခင်စိန်အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်(မိခင်)ဒေါ်ခင်စိန်၊ (ဖခင်)ဦးစိန်မောင်၊ (သား)ဦးငွေအောင်တို့အသီးသီးကွယ်လွန်သဖြင့် ဒေါ်မြင့်ကြည် ၁၂/ဗဟန(နိုင်)၀၄၂၄၁၄၊ ဦးငွေမောင် ၁၂/ဗဟန(နိုင်)၀၄၀၉၁၆တို့က သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ ဦးငွေမောင်ထံမှ ဒေါ်မြင့်ကြည်ကိုပေးကမ်းသည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်လွှာအား စင်ကာပူသံရုံးမှတစ်ဆင့်ပေးပို့သည့်အထောက်အထားတင်ပြ၍ ဒေါ်မြင့်ကြည်က ဂရန်သစ်လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စီးပွားရေးနှင့်လူမှုရေးကော်ငြာ

အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီအုပ်စုလီမိတက်
National Development Co.,Group Ltd. (Public Company)
နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပမည့်ရက်ကြေညာခြင်း

၁။ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီအုပ်စု၏ တစ်ဆယ့်ငါးကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကြီးကို အောက်ပါအစီအစဉ်အတိုင်းကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များတက်ရောက်ပါရန် ကြေညာအပ်ပါသည်။

ကျင်းပပြုလုပ်မည့်နေ့ - ၂၈.၉.၂၀၁၃(စနေနေ့)
ကျင်းပပြုလုပ်မည့်အချိန် - နံနက်(၉:၀၀)နာရီ
ကျင်းပပြုလုပ်မည့်နေရာ - NDCG (ရုံးချုပ်)သုဝဏ္ဏလမ်းဆုံ၊

၂။ အစုရှယ်ယာရှင်များသို့ အစုပေါ်အမြတ်ငွေများကို NDCG ရုံးချုပ်တွင် အောက်ပါအတိုင်းထုတ်ပေးသွားမည်ဖြစ်ပါ၍ မိမိတို့အစုရှယ်ယာအမှတ်စဉ် အလိုက် သတ်မှတ်ရက်နေ့တွင်လာရောက်ထုတ်ယူနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

ရက်စွဲ	အစုရှယ်ယာအမှတ်	ရက်စွဲ	အစုရှယ်ယာအမှတ်
၃၀. ၉.၂၀၁၃	၁မှ၃၀၀ထိ	၈.၁၀.၂၀၁၃	၁၈၀၀မှ၂၁၀၀ထိ
၁.၁၀.၂၀၁၃	၃၀၁မှ၆၀၀ထိ	၉.၁၀.၂၀၁၃	၂၁၀၀မှ၂၄၀၀ထိ
၂.၁၀.၂၀၁၃	၆၀၁မှ၉၀၀ထိ	၁၀.၁၀.၂၀၁၃	၂၄၀၁မှ၂၇၀၀ထိ
၃.၁၀.၂၀၁၃	၉၀၁မှ၁၂၀၀ထိ	၁၁.၁၀.၂၀၁၃	၂၇၀၁မှ၃၀၀၀ထိ
၄.၁၀.၂၀၁၃	၁၂၀၁မှ၁၅၀၀ထိ	၁၄.၁၀.၂၀၁၃	၃၀၀၁နှင့်အထက်
၇.၁၀.၂၀၁၃	၁၅၀၁မှ၁၈၀၀ထိ	၁၅.၁၀.၂၀၁၃	ဒါရိုက်တာများ

ဒါရိုက်တာအဖွဲ့
ဖုန်း-၅၆၀၄၅၀၊ ၅၆၀၄၈၆၊

'သွေးမတိုး-လေမဖြတ်နိုင်တော့ပါ'

ကျွန်တော်တွင် လူ(၆)ဦးကျော်တစ်ဦးနှုန်း လေဖြတ်ရောဂါ ခံစားနေရပြီး (၆)စက္ကန့်တွင်တစ်ဦးနှုန်း သေဆုံးသည်ဟုဆိုပါသည်။ ကျန်းမာရေးလက်စွပ်သည် နေရောင်ခြည်ကို အနီရောင်သို့ပြောင်းပေးပြီး သွေးတိုးခြင်း၊ လေဖြတ်ခြင်း၊ အိပ်မပျော်ခြင်း၊ ခေါင်းတစ်ခြမ်းကိုက်ခြင်း၊ ဆီးချို သွေးချိုတို့ကို ကာကွယ်ကုသနိုင်ပါသည်။

မိုးကျော်ဦးသန်းမောင် နေလနှစ်ပါးသိပ္ပံဓာတ်နာဆိုင် www.mgktm.com.
- ဝေဇယန္တာရှော့ပင်းစင်တာ Orange (ပ)ထပ်(ဝ) Ph-09-513-0974
- ယုဇနပလာဇာ (ပ)ထပ် Ph-200747 Ext-2100. 01-705070
- နေပြည်တော်၊ မီနိုသရေ Capital Hypermarket 209 ပထမထပ် Ph-067- 422070 Ext 209

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌
၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၉၈ နှင့်ဆက်သွယ်သည့်
၂၀၁၃ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၁၄

ဦးဖြိုးဝေအောင် **နှင့်** ၁။ ဦးခင်မောင်
၂။ ဦးကျော်စွာမောင်

ဒီကရီအနိုင်ရသူ **တရားရှုံးများ**

တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ် ၁၀၇၉ နေ (၁) ဦးခင်မောင်၊ (၂) ဦးကျော်စွာမောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၉၈တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ကလျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၉ ရက် (၁၃၇၅ ခုနှစ် သီတင်းကျွတ်လဆန်း ၅ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၃ခုနှစ် စက်တင်ဘာ ၁၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ရင်ရင်သန်း)
ဒုတိယခရိုင်တရားသူကြီး (၁)၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၄၁၆

ဒေါ်သန်းသန်း **နှင့်** ၁။ ဦးလှစိန်
၂။ ဒေါ်သန်းသန်းမြင့်

တရားလို **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၁)ရပ်ကွက်၊ ၁၇ လမ်း၊ အမှတ် ၃၉ (ပထမထပ်) တွင် နေထိုင်သူ တရားပြိုင် ဦးလှစိန်နှင့် ဒေါ်သန်းသန်းမြင့် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုဒေါ်သန်းသန်းက **ရောင်းချထားသောတိုက်ခန်းအား လက်ရောက်ပေးအပ်စေလိုမှု** လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၇ရက် (၁၃၇၅ခုနှစ် သီတင်းကျွတ်လဆန်း ၁၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(ခင်သစ်ဆွေ)
ဒုတိယခရိုင်တရားသူကြီး (၈)၊ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ရေနံချောင်းမြို့ စက်မှုအထက တတိယအကြိမ် မြတ်ဆရာပူဇော်ပွဲ

တတိယအကြိမ် အာစရိယပူဇော်ပွဲကို ယခင်နှစ်များအတိုင်း စည်ကားသိုက်မြိုက်စွာ ၂၀၁၃ ခုနှစ် နိုင်ဝင်ဘာ ၉ ရက် (စနေနေ့)တွင် ကျင်းပမည်ဖြစ်ပါသည်။ အပူဇော်ခံ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသားဟောင်း သူငယ်ချင်းမိတ်ဆွေများ အဆက်အသွယ်ပြုလုပ်ကြပါရန်နှင့် မပျက်မကွက် တက်ရောက်ပေးကြပါရန် ရိုသေလေးစား ခင်မင်ရင်းနှီးစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ဖြစ်မြောက်ရေးကော်မတီ

ရန်ကုန်
ကိုသန်းဝင်း ဖုန်း-၀၉-၅၁၄၆၉၇၇
ကိုကျော်ဆွေ ဖုန်း-၀၉-၄၃၁၃၆၅၅၁
ကိုအောင်လှထွေး ဖုန်း-၀၉-၅၁၀၀၃၃၁
ကိုအောင်ချို ဖုန်း-၀၉-၄၃၁၃၅၁၃၀
ကိုမျိုးတင့် ဖုန်း-၀၉-၅၀၈၀၄၉၈၄၉၈
ကိုအောင်လင်း ဖုန်း-၀၉-၄၉၂၈၅၀၁၄

မကွေး
ကိုထွန်းဝေ ဖုန်း-၀၆၃-၂၆၄၉၁
ကိုနေဝင်း ဖုန်း-၀၉-၅၃၃၀၅၅၉
ကိုခင်မောင်ဝင်း ဖုန်း-၀၉-၄၃၀၄၂၃၀၉

မင်းဘူး
ကိုခင်မောင်သန်း ဖုန်း-၀၉-၄၉၁၀၂၀၉၀
ကိုခင်မောင်ငွေး ဖုန်း-၀၉-၅၃၁၀၄၆၅
ကိုအောင်ကျော်ဦး ဖုန်း-၀၉-၄၃၀၄၂၄၉၇

မြိတ်
ကိုနေလင်း ဖုန်း-၀၉-၄၃၁၉၄၆၁၉

စလေ
ကိုရဲသိန်း ဖုန်း-၀၉-၄၀၁၅၅၉၂၉၆
ကိုခင်မောင်ချစ် ဖုန်း-၀၉-၄၀၁၆၂၉၅၀၂

ပွင့်ဖြူ
ကိုငွေးရှိန် ဖုန်း-၀၉-၄၀၁၅၇၂၁၀၈

ဆင်ဖြူကျွန်း
ကိုအောင်မင်း ဖုန်း-၀၉-၄၉၂၆၄၆၉၇

ဆိပ်ဖြူ
ကိုဝင်းဦး ဖုန်း-၀၉-၅၂၃၂၉၉၇

မန္တလေး
ကိုထွန်းဝင်း ဖုန်း-၂၀၀၉၈၃၅
ကိုဝင်းနိုင် ဖုန်း-၀၉-၂၀၃၄၀၅၂
ကိုငွေးလှ ဖုန်း-၀၉-၂၀၂၃၀၆၃
ကိုထိန်ဝင်း ဖုန်း-၀၉-၄၄၄၀၃၅၄၈

မြင်းခြံ
ကိုစိုးစိုး ဖုန်း-၀၉-၄၇၀၉၀၁၂၆

ပြည်
ကိုမြင့်လွင် ဖုန်း-၀၉-၅၃၁၂၃၀၈
ကိုကြည်သန်း ဖုန်း-၀၉-၅၃၁၃၂၆၅

ရေနံချောင်း
ကိုသောင်းလွင် ဖုန်း-၀၉-၄၀၁၅၃၀၀၁၀
ကိုကျော်ကျော် ဖုန်း-၀၉-၄၀၁၆၈၁၃၇၆
ကိုလေးနိုင် ဖုန်း-၀၉-၄၀၁၅၇၁၉၈၉
ကိုထွန်းလင်း ဖုန်း-၀၉-၅၃၃၇၀၉၆
ကိုအေးကို ဖုန်း-၀၉-၄၃၀၈၃၇၆၇

ချောက်
ကိုခင်မောင်ငွေး ဖုန်း-၀၉-၄၉၅၈၅၇၀၁
ကိုသန်းဝင်း ဖုန်း-၀၉-၄၃၀၄၂၅၈၂
ကိုဝင်းကျော် ဖုန်း-၀၉-၂၃၀၅၃၁၀

မိတ္ထီလာ
ကိုတင်နိုင် ဖုန်း-၀၉-၅၁၈၃၇၇၃

နေပြည်တော်
ကိုခင်မောင်ဆွေ ဖုန်း-၀၉-၈၆၂၁၅၄၅
ကိုဖေကျော်ကျော် ဖုန်း-၀၉-၈၆၂၁၉၃၇
ကိုစိုးမြင့်ဦး ဖုန်း-၀၉-၈၆၁၁၃၄၈

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၃၄၊ မြေကွက်အမှတ် ၈၆၇ (ခ)၊ မြေကွက်တည်နေရာအမှတ် ၈၆၇ (ခ)၊ လှူနေရပ်ကွက် (၁၀)၊ ရွှေပြည်သာမြို့နယ် ဦးသိန်းမင်းအမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးသိန်းမင်း ကွယ်လွန်သဖြင့် ဒေါ်နီလာဝင်း ၁၁/စတန(နိုင်)၀၀၇၄၁၂က သေစာရင်း၊ တစ်ဦးတည်းသောညီမအရင်းဖြစ်ကြောင်း တရားရုံးကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ မလိခအိမ်ရာစီမံကိန်း၊ တိုက်အမှတ် ၁၆၊ အခန်းအမှတ် ၃၄ ကို မူလအမည်ပေါက် ပိုင်ရှင် ဗိုလ်မှူးကြီးတင့်ဆန်းထံမှ ဒေါ်ယဉ်ယဉ်နွယ်က တရားဝင်စာချုပ်စာတမ်းဖြင့် ဝယ်ယူပြီးဖြစ်ပါသဖြင့် ပိုင်ဆိုင်မှုအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကျေးဇူးဆပ်ပါမည်

ဦးထွန်းဝင်း ၁၁/စတန(နိုင်)၀၅၇၄၁၃ အမည်ပေါက် ၇ဃ/၄၅၀၀ TOYOTA Allion က (ကမ-၃)စာအုပ်နှင့် ဗီးတက်သည် ၁၉-၉-၂၀၁၃ရက်တွင် ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပေးပါရန် ကျေးဇူးဆပ်ပါမည်။

ဦးကျော်ဇေယျ
ဖုန်း-၀၉-၅၁၀၇၈၄၄၊ ၀၉-၈၆၂၆၇၇၀

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅က/၁၁၁၇၊ Hino KM 4101 Truck (4x2)(CL) ယာဉ်လက်ဝယ်ရှိသူ ဦးကျော်အောင် ၁၂/လမတ(နိုင်) ၀၂၅၉၆၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၂၊ မြေကွက်အမှတ် ၁၃၊ ဧရိယာ ၀ဒသမ၂၄၄ဧကရှိ ပါမစ်မြေကွက်ကို အမည်ပေါက် ဦးမောင်လှထံမှ တရားဝင်ဝယ်ယူပိုင်ဆိုင် လက်ရှိထားသူ ဒေါ်ခင်နွဲ့ ၁၂/တမန(နိုင်)၀၆၆၃၂၅ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဝယ်သူ၏လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်တင်ဝင်းမြင့် LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၄၉၄၂)
အမှတ် ၁၆၊ အနော်ရထာလမ်း၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၂၀၈၅၈

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ ရွှေဟသ်ာလမ်း၊ အမှတ်(၁၉)၊ (လေးလွှာ)၊ ခေါင်းရင်းခန်း၊ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးသက်နိုင် ၁၀/မဒန(နိုင်)၁၀၁၁၁၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း၏ အကျိုးခံစားခွင့်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်နွယ်နီဝင့် LL.B,D.B.L
အထက်တန်းရှေ့နေ (စဉ်-၂၄၀၀၉)
အမှတ် ၅၀၊ အခန်း(စီ-၃)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၉-၄၉၂၈၈၅၆၀

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊ (၈)ရပ်ကွက်၊ ဗေဒါ ၁ လမ်း၊ အမှတ် ၈၈၉(က)၊ ပေ (၂၀×၆၀)မြေကွက် တစ်ထပ်ပျဉ်ထောင်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်မှာ ဦးမြင့်နိုင်အမည်ပေါက် (ပါမစ်)ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးခင်ထွန်းထံမှဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းနှင့် ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။ **ဦးသန်းထိုက် ၁၃/တကန(နိုင်)၀၈၄၈၀၈၊ ၁၀၁၊ အဓိပတိလမ်း၊ ၃၇ ရပ်ကွက်၊ မြောက်ဒဂုံ၊ ဖုန်း-၀၉-၇၃၀၉၀၇၂၅**

စီးပွားရေးနှင့်လူမှုရေးကြော်ငြာ

အထက(၃) တာမွေ
အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

၁၉၉၆-၂၀၁၃ ပညာသင်နှစ် ကျောင်းသား ကျောင်းသူ(ဟောင်း)များ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲအား ၄-၁-၂၀၁၄ ရက် (လွှတ်လပ်ရေးနေ့)တွင် အထက(၃) တာမွေ အားမာန်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကျောင်းသား ကျောင်းသူ(ဟောင်း)များ မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

အလှူငွေများ ဆက်သွယ်လှူဒါန်းရန် ဖုန်းနံပါတ်များမှာ-

ဇော်ရဲမြင့် (၉၆) ၀၉-၅၁၁၀၁၉၉
ဇေယျာမြတ်ခိုင်(၉၆) ၀၉-၇၃၁၄၂၉၇၀
အောင်သန်း (၉၇) ၀၉-၇၃၀၈၂၆၉၂
ဟိန်းဇော်ဦး (၉၇) ၀၉-၄၂၀၁၇၉၈၄၃
လင်းမောင်မောင် (၉၉) ၀၉-၇၃၀၅၆၉၈၀
စောကျော်လင်းထွန်း(၉၉) ၀၉-၇၃၀၃၁၀၅၉
ဇော်မင်းဦး(၀၀) ၀၉-၅၁၂၄၁၅၆
သော်ထူးနိုင်(၀၁) ၀၉-၇၃၀၅၆၈၄၄
မမြတ်မွန်ခိုင် (၀၁) ၀၉-၅၀၃၈၈၈၀
ပြည့်စုံဝင်းမောင်(၀၂) ၀၉-၅၁၈၅၄၁၀
အောင်ကိုကို (၀၂) ၀၉-၄၂၀၀၆၄၁၁၉
သိန်းဝင်း(၀၃) ၀၉-၄၅၀၀၀၆၁၉၈
အောင်ဇော်ပိုင် (၀၅) ၀၉-၇၃၀၉၆၄၆၄
ရဲလင်းထွန်း(၀၄) ၀၉-၇၃၁၇၃၀၈၃
မခက်ခက်မြတ်နွေး(၀၇) ၀၉-၇၃၂၀၃၈၇၂
ဝေယံထွန်း(၁၁) ၀၉-၄၂၀၇၀၁၃၂၉

ကျန်ရှိနေသည့် ခုနှစ်များမှလည်း ဆက်သွယ်ပေးကြပါရန် နှိုးဆော်ပါသည်။

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ညောင်နှစ်ပင်အုပ်စုရှိ မြေကွက်အမှတ်စုန် (၁) အကွက်အမှတ်-A-၁၁၄၊ မြေကွက်ဧရိယာ (၇) ဧကကို [illegible]

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိန်ထွန်း (ခ) ဦးသန်းဌေး (တရားလွှတ်တော်ရှေ့နေ)
အမှတ် (၆၈) [illegible] လမ်း၊ [illegible]ရပ်ကွက်၊
[illegible]မြို့နယ်။

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၄/၂၊ မြေကွက်အမှတ် ၂၉/၁၊ မြေကွက်တည်နေရာအမှတ် ၂၉/၁၊ သံသုမာလမ်း၊ ၁၄/၂ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်တင်ရီ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်တင်ရီနှင့် ခင်ပွန်း ဦးတင်သောင်း ကွယ်လွန်သဖြင့် ဒေါ်တင်မိုးမိုးနိုင် ၁၂/ဥကတ(နိုင်)၁၄၀၃၇၀က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၃၆ အက်ဖ်၊ မြေကွက်အမှတ် ၁၁၀/၁၀A၂၊ ၁၁၀/၁၀A၁၊ မြေကွက်တည်နေရာအမှတ်၄၁/၁၀A၁၊ ၄၁/၁၀A၂၊ အင်းလျားမြိုင်လမ်း၊ ဗဟန်းမြို့နယ် ဒေါ်တင်တင်မကြီး အမည်ပေါက် ဂရန်ရှိမြေပိုင်မြေအား အမည်ပေါက် (မိခင်) ဒေါ်တင်တင်မကြီးနှင့် (ဖခင်) ဦးလှအောင်တို့ ကွယ်လွန်သဖြင့် ဦးအောင်သာ ၁၃/ကလန(နိုင်)၀၅၅၁၂၀က တစ်ဦးတည်းသောသားအရင်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၆ဒီ (၁၄၊ ၁၅၊ ၁၆)၊ မြေကွက်အမှတ် ၂၂၉၊ မြေကွက်တည်နေရာအမှတ် ၅၄၈၊ အရှေ့ကြို့ကုန်း၊ ၆လမ်း၊ မြောက်အင်းစိန်မြို့နယ် ဦးလူငွေ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးလူငွေ ကွယ်လွန် ဇနီး ဒေါ်ခင်အေး ကွယ်လွန်သဖြင့် (၁) ဒေါ်ဝင်းမြိုင် ၁၂/အစန(နိုင်)၁၀၆၂၀၀၊ (၂) ဦးကျော်ဝင်း ၁၂/ရကန(နိုင်)၀၇၇၈၃၁တို့က သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၄အက်ဖ်ဂျီအိုင်) မြေကွက်အမှတ် ၁၃၆၉၊ ဧရိယာ ၀ ဒသမ၀၄၂ ဧကရှိ မြေကွက်အား သာသနာ့လိုင်စင်ထုတ်ပေးပါရန် တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်ရှိ မင်းကင်းကျောင်းတိုက် ဆရာတော်ဦးဓမ္မိသာရမှ လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ နှစ်ပတ်အတွင်း မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန(နေပြည်တော်)သို့ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မှုမရှိပါက မင်းကင်းကျောင်းတိုက် အမည်ဖြင့် သာသနာ့လိုင်စင် ထုတ်ပေးမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
နေပြည်တော်

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၆၈/၄)၊ မြေကွက်အမှတ်(၂၇၈/က)ရှိသူ အမည်ပေါက် ဦးစိုးနိုင် (ဘ)ဦးတင်ဝင်းထံမှ စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသော ဦးဘိုးကြူး(ဘ)ဦးမြမောင် ၁၂/သလန(နိုင်)၀၄၂၂၀၆ က မြေချပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ပြုလုပ်ပေးရန်အတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၁၂)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သမီး မလဲ့လဲ့ခိုင် ၁၂/လသယ(နိုင်)၀၄၇၂၅၀သည် မိဘ၊ ဆွေမျိုးညီအစ်ကိုမောင်နှမများ၏ ပြောဆိုဆုံးမမှုကိုမနာခံဘဲ စိတ်ဆင်းရဲအောင်၊ ဂုဏ်သိက္ခာညှိုးနွမ်းအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့သည့်အပြင် ၁၆-၉-၂၀၁၃ ရက်မှစ၍ ၎င်း၏သဘောဆန္ဒအလျောက် အိမ်ပေါ်မှဆင်းသွားခဲ့သည့်အတွက် ယင်းနေ့မှစ၍ အမွေစားအမွေခံသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ငွေကြေးလူမှုရေးကိစ္စအဝဝ ဖြစ်လာပါက လုံးဝတာဝန်မယူပါကြောင်း ကြေညာအပ်ပါသည်။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။
ဦးကျော်မင်း-ဒေါ်စန်းနွဲ့

ကျေးဇူးအထူးတင်ရှိခြင်း
ဦးအောင်မင်း
ဦးစီးအရာရှိ၊ မကွေးတိုင်းဒေသကြီးတရားလွှတ်တော်ရုံး
အသက် (၅၉)နှစ်

၁၀-၉-၂၀၁၃ ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားသော ဦးအောင်မင်း အသက် (၅၉)နှစ်အား နာမကျန်းဖြစ်စဉ်က ပြုစုကုသပေးပါသော ရန်ကုန်ဆေးရုံကြီး သွေးရောဂါအထူးကုဌာနမှ ပါမောက္ခ ဒေါက်တာဦးထွန်းလွင်ညိမ်းနှင့် ဆရာဝန်များ၊ သူနာပြုဆရာမများကိုလည်းကောင်း၊ နာရေးကိစ္စတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသော ညီအစ်ကို မောင်နှမ ဆွေမျိုးမိတ်သင်္ဂဟများနှင့်တကွ အိမ်နီးချင်းများ၊ ရပ်မိရပ်ဖများ၊ နာရေးကိစ္စဖြစ်မြောက်အောင်မြင်ရန် ကူညီပေးသော ဝေယျာဝစ္စ ဂရုဏာရုံသီနာရေးကူညီမှုအသင်း၊ (၈) ရပ်ကွက်၊ သာကေတအား လည်းကောင်း၊ ရေသန့်ဘူးများနှင့် တရားအလှူတော်စာအုပ်များအား ဓမ္မဒါန ကူညီဝေငှပေးပြီး ဝတ္ထုငွေများပေးပို့ခဲ့ကြသော ဇေယျ (၇၄)သင်တန်းဆင်း တရားရေးအရာရှိကြီးများ၊ ၁၉၇၅-၁၉၈၀ B.A(Law)LL.B Last Batch မှ သူငယ်ချင်းအရာရှိများ၊ တာဝန်မှ အနားယူသွားသော်လည်း ဆရာတပည့်သံယောဇဉ်ဖြင့် လာရောက်အားပေးနှစ်သိမ့်ခဲ့ကြသော ဆရာများ၊ ပြည်နယ်နှင့်တိုင်းအသီးသီးရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တရားသူကြီးများ၊ တိုင်းဒေသကြီး တရားရေးဦးစီးဌာနမှူးများ၊ တရားရေးအရာရှိကြီးများနှင့် ဝန်ထမ်းများ၊ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်များ၊ သူနာပြုအုပ်ဆရာမကြီးနှင့် သူနာပြုများ၊ ခွဲစိတ်ဆောင်မှ တာဝန်ခံဆရာဝန်မကြီးမိသားစုနှင့် ဆရာဝန်များ၊ သူနာပြုဆရာမများ ၁၉၈၄-၈၇ သူနာပြုသင်တန်းဆင်းသူငယ်ချင်းများ၊ တောင်ဥက္ကလာပ အမျိုးသမီးနှင့် ကလေးဆေးရုံ၊ သာကေတဆေးရုံမှ သူနာပြုများနှင့် ဝန်ထမ်းများ၊ ဖုန်းဖြင့်သော်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း၊ E.mail၊ Facebook မှတစ်ဆင့် အားပေးနှစ်သိမ့်ပေးခဲ့ကြသော ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

ဦး C.S ဝါဆူး
(မော်လမြိုင်)၊ ရန်ကုန်
အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ ဘိုကလေးဈေးလမ်းနေ [ဦး C.L ပသီး(ခ)ဦးတင်မောင်-ဒေါ် C ဂျေယာလက်ချမီး]တို့၏ဒုတိယသား၊ (ဒေါ်ကျင်သန်း)၏ခင်ပွန်း၊ ရန်ကုန်မြို့နေ ဦးဝင်းလွင်-ဒေါ်ဆုဝနလသတို့၏ညီ၊ ဦးအေးလွင်-ဒေါ်စန်းစန်းနွဲ့၊ (ဦး C မော်ဟန်ရောင်း)-ဒေါ်လှလှရီ၊ ဖျာပုံမြို့နေ ဦးသန်းရွှေ-ဒေါ်ငွေငွေမြင့်၊ မော်လမြိုင် မြို့နေ (ဦးတင့်လွင်)-ဒေါ်ကြည်ကြည်၊ဦးကျော်ကျော်-ဒေါ် C ဘေဘီ၊ ဦးမောင် သန်း-ဒေါ်အေးအေးလွင်၊ ဦးမင်းလွင်-ဒေါ်အေမီအောင်၊ ဦးစိုးလွင်-ဒေါ်စန္ဒာအေး တို့၏အစ်ကို၊ မောင်သက်ဝင်းအောင်-မဖြူပြာ၊ မောင်မျိုးမင်း၊ မောင်ဇော်ဝင်းတို့၏ဖခင်၊ မောင်ဟန်ဝင်းထွန်း၏အဘိုး၊ တူ၊ တူမ ၁၉ယောက်တို့၏ဦးလေးသည် ၂၁-၉-၂၀၁၃ရက်(စနေနေ့) ညနေ ၆နာရီတွင် ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ် ၇၀/၇၂ (ခုနစ်လွှာ)၊ ၃၈လမ်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၉-၂၀၁၃ရက်(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးဟိန္ဒူသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမ
သီပေါမြို့၊ မြတ်မွန်စေတနာနာရေးကူညီမှုအသင်း၊ နာရေးကားအလှူရှင်
ဒေါ်မြမြနိုင်(ခ)ဒေါ်မြတ်မွန် (သီပေါ)
အသက်(၅၄)နှစ်

သီပေါမြို့နေ (ဦးသိန်းနိုင်-ဒေါ်မြမြ တင်)တို့၏သမီး၊ မန္တလေးမြို့နေ (ဦးရန်အောင်-ဒေါ်ဝင်းဝင်း)တို့၏သမီးချွေးမ၊ ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ကျိုက္ကဆံအနောက်ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ တိုက် A-3၊ အခန်း ၀၀၆နေ ဦးစိုးမြင့်ဦး (စိုးသီဟ ရန်ကုန်-မန္တလေး ကုန်စည်အမြန်ပို့ဆောင်ရေးလုပ်ငန်း)၏ဇနီး၊ ဦးစိုင်းမိုးနိုင်-ဒေါ်နန်းခင်သီရိနိုင်၊ဦးထွန်းသန်းခိုင်-ဒေါ်နန်းခင်သီတာနိုင်(တီတီ)၊ ဦးထွန်းလှ(ခ)ကိုဇော်-ဒေါ်နန်းသီင်္ဂီနိုင်(ထုံထုံ)တို့၏အဒေါ်၊မြေး၁ယောက်တို့၏အဘွားသည် ၂၂-၉-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၃း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၉-၂၀၁၃ရက် (အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်ဇုန်(၁)ရှိ မွေးမြူရေးမြေကွက်အမှတ် A.၂၃၊ A.၂၄၊ (၂)ယူနစ် ၁၀ ဧကအနက်မှ မြေကွက်အမှတ်(A-၂၄)၊ ၁ယူနစ် ၅ ဧကအား အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်သိမ့်သိမ့်အောင်ထံမှ အထက်ဖော်ပြပါ မြေကွက်နှင့်ဆက်စပ်ပတ်သက်သည့် အကျိုးခံစားခွင့်အားလုံးတို့ကို ဦးမြင့်လွင်ဦး ၁၃/မရန(နိုင်)၀၁၈၆၂၄က အမည်ပေါက်ထံမှ အဆက်အစပ် အရောင်းအဝယ်စာချုပ်များဖြင့် ၁၂-၉-၂၀၁၃ရက်တွင် ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူပိုင်ဆိုင်ပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်အား ရန်ကုန်တိုင်းဒေသကြီး၊ ရုံးဌာနများတွင် အမည်ပြောင်းဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်ရန်ရှိပါက ခုနစ်ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် အောက်ပါလိပ်စာသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်မျိုးလင်းထွန်း LL.B
အထက်တန်းရှေ့နေ (စဉ်-၂၅၄၁၂)
အမှတ် ၅၀၊ အခန်း (B-6)
ပထမထပ်၊ ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ဒေါ်ခင်ခင်ငွေ LL.B
အထက်တန်းရှေ့နေ (စဉ်-၂၄၅၇၂)
အမှတ် ၃၀၊ ဇမ္ဗူသီရိအနောက် (၁)လမ်း၊
၆/အနောက်ရပ်ကွက်၊ သာကေတ

ကန့်ကွက်နိုင်ပါကြောင်း

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၂၇-D၊ မြေကွက်အမှတ် ၂၀၊ မြေကွက်တည်နေရာအမှတ် ၈၊ အောင်ချမ်းသာ ၆ လမ်း၊ စမ်းချောင်းမြို့နယ် ဦးမြဇင်၊ ဦးညွန့်လွင်၊ ဒေါ်သန်းရွှေ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ထံမှ ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်၆၃၉၁(၇-၁၀-၁၁)ဖြင့် ပိုင်ဆိုင်သူ ဦးညွန့်လွင် ၁၂/စခန(နိုင်)၀၀၈၄၇၅၊ ဒေါ်သန်းရွှေ ၁၂/စခန(နိုင်)၀၀၈၉၂၇တို့ထံမှ ကိုယ်စားလှယ်လွှဲစာရရှိသူ GPဒေါ်စုစုလှိုင်မှပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါကိုမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၆F ၁၀၊ မြေကွက်အမှတ် V ၇၂၊ မြေကွက်တည်နေရာအမှတ် ၆၃၊ နိဗ္ဗာန်လမ်း၊ ကြည့်မြင်တိုင်မြို့နယ် ဦးအုန်းခင်၊ ဒေါ်တင်တင် အမည်ပေါက် နှစ် ၆၀မြေငှားဂရန်မြေအား အမွေဆက်ခံခြင်းဥပဒေပုဒ်မ ၂၉၀၊ အနောက်ပိုင်းခရိုင်တရားရုံး တရားမအထွေထွေမှုအမှတ် ၆/၂၀၁၃ တို့အရ ဒေါ်ခင်ထားမြင့် ၁၂/ကမတ(နိုင်) ၀၁၁၀၇၅ သို့ ပေးအပ်သော အမွေထိန်းလက်မှတ်စာနှင့် စီမံခန့်ခွဲခွင့်အမိန့်တို့ တင်ပြ၍ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးဗျန်စိန် (ဘိုကလေး)
အသက်(၈၈)နှစ်

ဖျာပုံမြို့နေ(ဦးတင်ကြည်-ဒေါ်ဂိုသီ)တို့၏သား၊ ဘိုကလေးမြို့၊ အမှတ် ၅၅၊ ကန္တားလမ်း၊ (၃)ရပ်ကွက်နှင့် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မအူပင်လမ်း၊ အမှတ် ၅၁၊ မြေညီထပ်နေ ဒေါ်အေးရွှေ(ခ)ဒေါ်အင်စွီ ၏ခင်ပွန်း၊ မသန်းသန်းကြည်၊ ကိုရဲမြင့်ထွန်း-မသန်းသန်းဌေး၊ မနီနီဝင်း (အိန္ဒြေဦးအထည်ဆိုင်၊မင်္ဂလာဈေး)၊ မဝင်းဝင်းအေး၊မအေးအေးခိုင်၊ကိုကျော်ဖုန်းအောင်-မခိုင်ခိုင်စိန်၊ မနွဲ့နွဲ့ဝင်း (အိန္ဒြေဦးအထည်ဆိုင်၊ မင်္ဂလာဈေး)၊ ကိုဝေလင်းထက်-မကျော့ကေသွယ်ထွန်းတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၂၂-၉-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၉-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အမှတ် ၅၁၊ မအူပင်လမ်း၊ စမ်းချောင်းမြို့နယ် နေအိမ်မှ ကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ဟွာရှင် (မြိတ်မြို့)
အသက်(၈၁)နှစ်

မြိတ်မြို့၊ အမှတ် ၁၈၊ ဂုဏ်ရုံလမ်း၊ ထားဝယ်စုရပ်နေ (ဦးစီးခင်)၏ဇနီး၊ ဦးစိုးလွင်-ဒေါ်သင်းသင်းချို၊ဦးအပ်နီ-ဒေါ်ချိုချို၊ [ဦးဆန်းဦး(ခ)ဦးအင်ငန်း]-ဒေါ် စိန်စိန်၊ ဦးကျော်ဦး-ဒေါ်သီတာချို၊ ဦးရှူးချစ်-ဒေါ်ငုဝါခိုင်(ခ)မအပ်မီးတို့၏မိခင်၊ မြေးခုနစ်ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် ၂၂-၉-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၁၅နာရီတွင် အမှတ် ၁၈၊ (C)လမ်း၊ ထားဝယ်စုရပ်၊ မြိတ်မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၉-၂၀၁၃ရက်တွင် အထက်ပါနေအိမ်မှ မြိတ်မြို့ဟို့ရှင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ကိုသန်းညွန့် (ဦးသိန်းမောင်နှင့်သားများ စပရိန်လုပ်ငန်း)
အသက်(၄၃)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အောက်ပုဇွန်တောင်လမ်းမကြီး၊ အမှတ် ၄၅၀နေ (ဦးသိန်းမောင်)-ဒေါ်နှင်းလှစိန် တို့၏သားလတ်၊ ကိုစံသိန်း၊ ဦးသီလာစာရ(ကိုအောင်သန်းရွှေ)၊ မချောစိန်တို့၏ ညီ/မောင်၊ မအေးမြင့်ခင်၊ ကိုသန်းဌေး၊ မလှမြင့်၊ ကိုသိန်းထွန်းအောင်၊ ကိုသန်းလှ တို့၏အစ်ကိုသည် ၂၁-၉-၂၀၁၃ရက် (စနေနေ့)မွန်းတည့် ၁၂နာရီတွင် တံတားဦးဆေးရုံ(မန္တလေး)၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၉-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

(၁)လပြည့် လွမ်းဆွတ်အမှျပေးဝေခြင်းနှင့် ကျေးဇူးတင်လွှာ
ကိုမြတ်မင်းနိုင် (ခ) မင်းမင်း
Hyper Mart Co., Ltd.

သားလေး မေမေနဲ့မိသားစုကိုခွဲခွာခဲ့တာ ၂၄-၉-၂၀၁၃ရက်မှာ (၁)လပြည့်ခဲ့ပါပြီ။ မေမေ့ကို လုပ်ကျွေးခဲ့တဲ့သားလေးရဲ့ပုံရိပ်တွေကို တစ်နေ့မှမေ့မရနိုင်ခဲ့ဘဲ သတိရနေပါတယ်။ သားအတွက် ပြုသမျှ ကောင်းမှုတွေကိုလည်း အမျှပေးဝေပါတယ်။ သားလေး မြင့်မြတ်တဲ့ဘုံဘဝမှာ အေးချမ်းစွာနေနိုင်ပြီး သာဓုခေါ်ဆိုနိုင်ပါစေ။

သားလေးရဲ့နာရေးကိစ္စအဝဝအတွက်အဘက်ဘက်မှ ပံ့ပိုးကူညီပေးခဲ့ကြတဲ့ Hyper Mart Co.,Ltd. မှ လူကြီးမင်းများနဲ့ ဝန်ထမ်းသူငယ်ချင်းများအားလုံး၊ ကျေးဇူးတင်ထိုက်သူအားလုံးကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

တစ်လပြည့်လွမ်းဆွတ်သတိရခြင်း
ကိုမြတ်မင်းနိုင် (ခ) ကိုမင်းမင်း
(၂၄-၈-၂၀၁၃) - (၂၄-၉-၂၀၁၃)

- တောက်ပနေတဲ့ ကြယ်ကလေး
  မှေးမှိန်ကြွေလွင့်ခဲ့ရပေါ့
- လှပနေတဲ့ သက်တံကလေး
  လွင့်ပြယ်ကွယ်ပျောက်ခဲ့ရပေါ့
- နှုတ်ဆက်ခဲ့တဲ့ ရနံ့ကလေး
  မွှေးပျံ့ လွင့်မျောခဲ့ရပေါ့

နိဗ္ဗာန်သို့မဝင်မီ သံသရာဘဝဆက်တိုင်းမှာ မောင်လေးလိုချင်တဲ့ဆုကို တောင်းတိုင်းပြည့်ပါစေ…

မမို့

တစ်လပြည့် လွမ်းဆွတ်သတိရခြင်း

၂၄-၈-၂၀၁၃ ရက်တွင် ကွယ်လွန်သွားသော ဒေါ်ခင်ဝေဝေကျော် AGTI (Civil) တောင်ငူ ၁၉၉၅ ခွဲခွာသွားခဲ့သည်မှာ ၂၄-၉-၂၀၁၃ ရက်တွင် တစ်လပြည့်မြောက်ခဲ့ပါပြီ၊ သူငယ်ချင်း ကောင်းရာသုဂတိ ဘုံဘဝသို့ ရောက်ပါစေရန် ကောင်းမှုကုသိုလ် အလှူဒါန အမျှပေးဝေပါသည်။ ရောက်ရာဘုံဘဝမှ သာဓု အနုမောဒနာခေါ်ယူနိုင်ပါစေ-

တောင်ငူ GTI (1995) Batch (Civil) မှ သူငယ်ချင်းများ

လွမ်းဆွတ်သတိရခြင်း
စောနိုးနိုးထွန်းလင်း(ခ)နိုးနိုး
အသက်(၂၃)နှစ်
ရေကြောင်းသိပ္ပံကောလိပ်၊ အမှတ်စဉ်(၃၅)
(၂၄-၉-၁၉၈၈) - (၂၄-၉-၂၀၁၃) Marlow Co.,Ltd.

နိုးနိုးရဲ့ အသက်(၂၅)နှစ်ပြည့်ခဲ့ရင် အမိုးဆီက အထူးလက်ဆောင်ပေးရမယ်လို့ပြောခဲ့တဲ့ ဖိုးခွားရယ်၊ ရက်စက်တဲ့ ကံကြမ္မာဆိုးကြောင့် ငွေရတုမွေးနေ့ဆီကို မရောက်ခဲ့ရဘဲ ကြွေလွင့်ခဲ့ရတဲ့ သားသားအတွက် ဒီနေ့အထိ ကြေကွဲလို့မဆုံးဘူး၊ သားကိုအရမ်းနှမြောမိတယ်၊ သားမွေးနေ့ကို နှစ်တိုင်းကျင်းပဆုတောင်းပေးနေကြမို့ ဒီနှစ်မှာ သားရှိတဲ့အုတ်ဂူလေးဆီသွားပြီး ကျင်းပဆုတောင်းပေးမှာပါ၊ သားလေးမငိုရဘူးနော်၊ ဘုရားရှင်ရဲ့ အိမ်တော်မှာ နှစ်သိမ့်မှုရရှိပါစေ၊ မိုးမိုးအသက်ရှင်နေသရွေ့သားမွေးနေ့ကို အမြဲကျင်းပဆုတောင်းပေးနေပါမယ်။ မိုးမိုးကို ဘုရားရှင်ရဲ့ ရင်ခွင်ကနေ သားစောင့်နေပါနော်၊ မွေးနေ့လက်ဆောင်အဖြစ် မိုးမိုးရဲ့ အသည်းနှလုံးကို သားအတွက် ပေးလိုက်ပါတယ်။

သားကို ရင်နှင့်အောင်ချစ်ခဲ့ရတဲ့
မိုးမိုး (Naw Say Phaw)

ကြော်ငြာ

ဦးစံဖေ (ရဲအုပ်-ငြိမ်း)

လ/၅၈၅၀၈

တောင်သာမြို့နယ်အသင်းဝင်အမှတ်(၂၇၇)

အသက်(၇၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၉(A)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ် ၂၂၀နေ (ဦးညိုစိမ့်-ဒေါ်ဖွားဆိုင်)တို့၏သား၊ (ဦးဟန်ရှိန်-ဒေါ်သန်းတင်)တို့၏သားသမက်၊ ဒေါ်မြင့်မြင့်စိန်၏ခင်ပွန်း၊ (ဦးကျော်သန်း)၊ ဦးသောင်းတို့၏ညီ၊ ဒေါ်စံမြ၏အစ်ကို၊ မစန္ဒာမြင့်၊ မောင်အောင်ဆန်းဦး-မသန္တာမြင့်(မြန်မာ့အလင်းသတင်းစာတိုက်)၊ မောင်နေမျိုးထွန်း-မခင်ရူပါငယ်တို့၏ဖခင်၊ မောင်ဇွဲမာန်ရဲဝံ့၏ဘိုးဘိုးကြီးသည် ၂၃-၉-၂၀၁၃ရက်(တနင်္လာနေ့) နံနက် ၄နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၉-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၉-၉-၂၀၁၃ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးထွန်းမြင့်

B.Sc (Forestry)' 70

ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း

အသက်(၆၈)နှစ်

တောင်ငူမြို့၊ ၁၉/၅၃၈၊ မင်းရဲကျော်စွာလမ်းသွယ်နေ ဒေါ်ခင်ပြုံးလုံ၏ ချစ်လှစွာသောခင်ပွန်း ဦးထွန်းမြင့် (ဒုတိယအထွေထွေမန်နေဂျာ၊ ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)သည်၂၂-၉-၂၀၁၃ရက် ည ၈နာရီတွင် တောင်ငူမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်(ရန်ကုန်)၊ သိပ္ပံ(သစ်တော)ဘွဲ့ရ
၁၉၇၀ခုနှစ်ဆင်းသူငယ်ချင်းများနှင့် မိသားစုများ

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်လှ

အသက်(၆၈)နှစ်

ဦးထင်လင်း(လက်ထောက်ညွှန်ကြားရေးမှူး၊ တည်ဆောက်ရေး-၈၊ စက်မှုလုပ်ငန်း၊ မကွေးမြို့)-ဒေါ်နီနီအေး(အလယ်တန်းပြ၊ ငြိမ်း)တို့၏မိခင်ကြီးသည် ၈-၉-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

လ/ထ ညွှန်ကြားရေးမှူး(၂)ရုံးဝန်ထမ်းများ
စက်မှုအလုပ်ရုံ(ခ)၊ စက်မှုတိုင်း(၃)၊ မကွေးမြို့

အထူးဝမ်းနည်းကြေကွဲခြင်း

မြန်မာစာပေချစ်မြတ်နိုးသူများအသင်း အမှုဆောင်လူကြီး

ပန်းတိုင် ဦးသန်းမောင်

အသက်(၆၆)နှစ်

